office@modnugmm.org


# ကာကွယ်ရေးစာစဉ်

တစ် လ တစ် ကြိမ် ထုတ် ဝေ သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
အမျိုးသားညီညွတ်ရေးအစိုးရ၊
ကာကွယ်ရေးဝန်ကြီးဌာန။

မေလ (၂၀)၊ ၂၀၂၅ ★ ★ ★ အတွဲ ၁၊ အမှတ် (၅)။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ကာကွယ်ရေးဝန်ကြီးဌာန
office@modnugmm.org

# ကာကွယ်ရေးစာစဉ်

တစ် လ တစ် ကြိမ် ထုတ် ဝေ သည်။

## ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ သစ္စာအဓိဋ္ဌာန် (၄)ချက်

★ ငါတို့သည် ပြည်ထောင်စုနှင့်ပြည်ထောင်စုသားများအပေါ် သစ္စာစောင့်သိပါမည်။

★ ငါတို့သည်ဖက်ဒရယ်ဒီမိုကရေစီတိုက်ပွဲအတွင်း အသက်ပေးသွားခဲ့ရသည့် သူရဲကောင်းများကို သစ္စာစောင့်သိပါမည်။

★ ငါတို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်၊ စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပါမည်။

★ ငါတို့သည် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးအတွက်ငါတို့၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါသည်။

## ပုံနှိပ်မှတ်တမ်း

**ပဌမအကြိမ်**

မေလ၊ ၂၀၂၅ ခုနှစ်

**စီစဉ်သူ**

အာမိတ်

**အကြံပေးအယ်ဒီတာများ**

ကိုမြင့်ထက်အောင်၊ ကိုညီကျော်၊ ကိုမိုက်ကယ်လ်

**အယ်ဒီတာများ**

မိုးမြင့်ကျော်၊ အာမိတ်

**စာစစ်အယ်ဒီတာ**

မင်းချေ

**အတွင်းဒီဇိုင်း**

#JDZ

**သရုပ်ဖော်ပုံရေးဆွဲသူများ**

Kyal Kyal, Way Eain, Mg Todd, 42,#jdz,YN

ကာကွယ်ရေးစာစဉ်
အတွဲ ၁၊ အမှတ်(၅)

# မာတိကာ


- **အမှာစာကဏ္ဍ** ....................................................................၁
  အမျိုးသားညီညွတ်ရေးအစိုးရ၊ နိုင်ငံယာယီသမ္မတ ဒူဝါလရှီးလ
  ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း
  ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ရည်မွန်

- **ကဗျာကဏ္ဍ**....................................................................၆
  အတာ - ကေဘရမ်
  မှတ်တိုင် - လင်းမြတ်(ပြည်)
  သူပုန်မိခင်တယောက်ရဲ့ သေတမ်းစာ - မနန်း

- **အက်ဆေးကဏ္ဍ** ....................................................................၁၁
  လိမ္မော်နုရောင် ရေငွေ့နှင့်အတူ (His Side) - အိမ့်ဘုန်းစစ်သော်
  ဒါရန်သူ့နယ်မြေ - ရီဗော်တီ

- **ဝတ္ထုတိုကဏ္ဍ**....................................................................၁၅
  "ကြားနေမရှိ”သလို ပြည်မက အမှောင်ညများ လွန်ပါစေ - မြရဲလွင် (ဝေးလွင့်ငှက်)
  ကျမယောကျ်ား တော်လှန်ရေးသမား - မောင်သုည(ရှပ်ပုံသားလေး)

- **ဟာသကဏ္ဍ**....................................................................၂၁
  အလုပ်အကိုင် - လင်းထင် (စစ်ရေးဌာန)

- **စစ်လက်နက်ကဏ္ဍ**....................................................................၂၂
  အော်တိုဂျိုင်ရို သို့မဟုတ် ဂျိုင်ရိုကော်ပတာ  - ရဲဘော်အာကြီး

- **စစ်ရုပ်ရှင်အညွှန်း**....................................................................၂၃
  မီးကိုပျိုးမိသူ - ညီလင်းအိမ်

- **ဆောင်းပါးကဏ္ဍ**....................................................................၂၆
  သမိုင်းထဲမှ တိုက်ပွဲလေ့လာချက်များ - ၁ (ဘီးလင်းတိုက်ပွဲ )- ကိုစိမ်းလန်း
  အိန္ဒိယ-ပါကစ္စတန်တင်းမာမှု မြင့်တက်လာခြင်း - ကျော်ဇောခိုင်
  တိုက်ပွဲထောက်လှမ်းရေး - ရဲဘော်မြကြီး
  ကိုင်ယ်ရေ -  ကိုလတ်
  လူသားလုံခြုံမှု - မျက်သွယ်

# အမှာစကား

(၁)

ဒီနေ့ဟာ ပြည်သူ့ကာကွယ်ရေး တပ်မတော် (PDF) ဖွဲ့စည်းတည်ထောင်တဲ့ (၄) နှစ်ပြည့် အထိမ်းအမှတ်နေ့ ဖြစ်ပါတယ်။ ပြည်သူ့ကာကွယ်ရေး တပ်မတော် (၄) နှစ်ပြည့်တဲ့နေ့မှာ၊ ပြည်သူ့ကာကွယ်ရေးရဲဘော်ရဲဘက်အပေါင်းကို လေးနက်စွာ နားလည်စေချင်တဲ့ အကြောင်းအရာ တချို့ ရှိပါတယ်။ အဲသည့်ထဲမှာ ပြည်သူ့ကာကွယ်ရေး တပ်မတော်ဟာ ပြည်သူလူထုထဲကနေ ဘယ်လို မွေးဖွားသန္ဓေစင်ခဲ့သလဲဆိုတာကို လေးနက်စွာ နားလည်ကြဖို့ဟာ ပထမဆုံး အရေးကြီးတဲ့ အချက်ဖြစ် ပါတယ်။ စစ်အာဏာရှင်စနစ်ကို တော်လှန်ဖို့၊ ပြင်းပြတဲ့ စိတ်ဓာတ်နဲ့ "လက်လုပ်တူမီးသေနတ်" တွေနဲ့ စတင်ခဲ့တဲ့ နွေဦးတော်လှန်ရေးတပ်သားတွေဟာ ပြည်သူ့ကာကွယ်ရေးတပ်မတော် အဖြစ် စနစ်တကျ စုစည်းပေါ်ထွက်လာခဲ့ပါတယ်။ ၂၀၂၁ စစ်အာဏာသိမ်းမှုကို တော်လှန်ဖို့ ပေါ်ထွက်လာတဲ့ ပြည်သူ့ကာကွယ်ရေးတပ်မတော်ဟာ (၄) နှစ်သားပဲရှိပါသေးတယ်။ ဒါပေမယ့် ပြည်သူ့ကာကွယ်ရေး တပ်မတော်ဟာ နှစ်ပေါင်း (၇၀) ကျော်ကြာ၊ ခေတ်မီ စစ်လက်နက်တွေတပ်ဆင်ထားတဲ့ စစ်အာဏာရှင် ဒေါက်တိုင်စစ်ယန္တရားတွေကို တုန်လှုပ်ခြောက်ခြားသည်အထိ စစ်ရေးစစ်ရာတွေကို ကိုင်လှုပ်နိုင်ခဲ့ တယ်။ တကယ်တော့ ရုပ်ပိုင်းဆိုင်ရာအရ နှိုင်းယှဉ်တွက်ချက်တယ်ဆိုရင် (၄) နှစ်တာ အချိန်ကာလလောက်ပဲ ရှိသေးတဲ့ ပြည်သူ့ကာကွယ်ရေး တပ်မတော်ဟာ စစ်အာဏာရှင်ရဲ့ စစ်တပ်ယန္တရားတစ်ခု လုံးကို ခြောက်ခြားလောက်



**ပြည်သူ့ကာကွယ်ရေးတပ်မတော်**
**တည်ထောင်ခြင်း**
**[၄] နှစ်ပြည့် အခမ်းအနားသို့**
**အမျိုးသားညီညွတ်ရေးအစိုးရ၊**
**နိုင်ငံယာယီသမ္မတ**
**ဒူဝါလရှီးလ**
**ပြောကြားသည့် မိန့်ခွန်း**
၂၀၂၅ ခုနှစ် မေလ (၅) ရက်နေ့

သည်အထိ တော်လှန်ဖို့ဆိုတာ များများစားစား မျှော်လင့်နိုင်ဖို့ မလွယ်ပါဘူး။ ဒါပေမယ့် စစ်အာဏာရှင်စနစ်ကို ရွံရှာမုန်းတီးတဲ့ စိတ်ထက်သန် ပြင်းပြမှုနဲ့ ပြည်သူ့တော်လှန်ရေးအပေါ် ပြင်းပြတဲ့ ခံယူချက်ကြောင့်သာ အချိန်တိုလေး အတွင်းမှာ၊ အာဏာသိမ်းစစ်ကောင်စီရဲ့ လက်အောက်ခံ တပ်ရင်း တပ်ဖွဲ့ အမြောက်အမြားကို ချေမှုန်းတော်လှန်နိုင်ခဲ့တာတွေ့ရပါတယ်။ အဲသည့်လို လုပ်နိုင်ဟာ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့ကြီးတွေရဲ့ ပြည်သူ့ကာကွယ်ရေးတပ်မတော်အပေါ် ဝိုင်းဝန်းကျေးဇူးပြုမှုကြောင့်လည်း ပါဝင်တာ တွေ့ရပါတယ်။ နွေဦးတော်လှန်ရေးဟာ ပြည်သူ့ကာကွယ် ရေးတပ်မတော်ရဲ့ သားအိမ်ဆိုရင် ပြည်သူလူထုဟာ ပြည်သူ့ကာကွယ်ရေးတပ်မတော်ရဲ့ မိခင်ဖခင်တွေ ဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့တွေဖြစ်တဲ့ ERO တွေဟာ ပြည်သူ့ကာကွယ်ရေး တပ်မတော် အောင်မြင်စွာ မွေးဖွားသန္ဓေစင်လာစေဖို့ ကူညီပေးခဲ့တဲ့ သားဖွားဆရာ / ဆရာမတွေ ဖြစ်ပါတယ်။

(၂)

စစ်မှန်တဲ့ တော်လှန်ရေးသည်သာလျှင်၊ စစ်မှန်တဲ့ တော်လှန်ရေး အောင်ပွဲတွေကို ဖန်တီးနိုင်တယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်ကိုပြည်သူလူထုရဲ့ ဝမ်းကြာတိုက်ကနေ မွေးဖွားလာတာဟာ အခုဆိုရင် (၄) နှစ်တိတိ ပြည့်မြောက်ပြီ ဖြစ်ပါတယ်။ ဒီ (၄) နှစ်တာကာလ အတွင်းမှာ၊ ကျွန်တော်တို့ ပြည်သူ့ကာကွယ်ရေးတပ်မတော်သားတွေဟာ ပြည်သူလူထုရဲ့ လမ်းညွှန်မှုကို ခံယူပြီး၊ လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို လေးနက်စွာ လျှောက်လှမ်းခဲ့ပါတယ်။ လက်ရှိ တော်လှန်ရေးလျှောက်လမ်းထဲမှာ၊ ပြည်သူ့ကာကွယ်ရေးတပ်မတော်ဟာ တိုင်းရင်းသားမဟာမိတ် အဖွဲ့အစည်းတွေနဲ့ လက်တွဲပြီးတော့ မြို့သိမ်းတိုက်ပွဲ အမြောက်အမြားကို ဆင်နွှဲနိုင်ခဲ့တယ်။ အဲသည့်လို မြို့သိမ်းတိုက်ပွဲအမြောက်အမြားထဲမှာ အောင်မြင်တဲ့ မြို့သိမ်းတိုက်ပွဲတွေ အများအပြား ရရှိခဲ့သလို၊ သင်ခန်းစာ ယူစရာ မြို့သိမ်းတိုက်ပွဲတွေလည်း ရှိတန်သလောက်ရှိခဲ့တာကို တွေ့ရပါတယ်။

အောင်မြင်ခဲ့တဲ့ မြို့သိမ်းတိုက်ပွဲတွေကို အကြမ်းဖျင်းလေ့လာကြည့်ရင် လေ့ကျင့်မှု၊ ကြိုတင်ပြင်ဆင်မှု၊ စုစည်းညီညွတ်မှုနဲ့ အမိန့်ပေးကွပ်ကဲမှုတွေ ခိုင်မာကျစ်လစ်စွာ တည်ဆောက်နိုင်ခဲ့လို့ အောင်မြင်ခဲ့တယ် ဆိုတာကို တွေ့ရပါတယ်။ ဒါကြောင့် ဆက်လက်ပြီးတော့ တော်လှန်သောစစ်ရေးအောင်ပွဲတွေ အလီလီ ထပ်မံရရှိနိုင်အောင် ပြည်သူ့ကာကွယ်ရေးတပ်မတော်အနေနဲ့ စနစ်ကျတဲ့ လေ့ကျင့်မှု/ လျှို့ဝှက် သိုသိပ်စွာ ကြိုတင်ပြင်ဆင်နိုင်မှု / သို့လောသို့လော သံသယတွေ မရှိတဲ့ စုစည်းညီညွတ်မှု အပါအဝင် ခိုင်မာကျစ်လစ်တဲ့ အမိန့်ပေးကွပ်ကဲမှုတွေကို ဆက်လက်တည်ဆောက်ကြရမယ်လို့ ပြောချင်ပါတယ်။

(၃)

နောက်တစ်ချက်ကတော့ ပြည်သူ့ကာကွယ်ရေးတပ်မတော်ရဲ့ ဖြစ်တည်မှုကို လေးနက်စွာ နားလည် သဘောပေါက်ကြဖို့ ဖြစ်ပါတယ်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်ဟာ လက်နက်ကိုင် အဖွဲ့အစည်း ဖြစ်တဲ့အလျောက် လက်နက်နဲ့ပတ်သက်ပြီး လေးနက်တဲ့ ခံယူချက်၊ ယုံကြည်ချက် မရှိရင် တိုင်းပြည်နဲ့ ပြည်သူ့အတွက် အန္တရာယ်များတဲ့ အဖွဲ့အစည်း ဖြစ်သွားတတ်ပါတယ်။ ကျွန်တော် အခုပြောတဲ့ အချက်ဟာ လက်နက်ကိုင် လမ်းစဉ်နဲ့ လူထုလမ်းစဉ် ယှဉ်တွဲတဲ့နေရာမှာ ခိုင်မာသော နိုင်ငံရေးအမြင် တစ်ရပ်ကို လေးနက်စွာ ခံယူထားရေးကို ပြောနေတာဖြစ်ပါတယ်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်ရဲ့ အခြေခံမူဟာ ပြည်သူကို ကာကွယ်ဖို့ ဖြစ်ပြီး ပြည်သူကို ရန်ပြုဖို့ မဟုတ်ဘူးဆိုတာ လေးလေးနက်နက် ခံယူထားဖို့သာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ရန်သူကို မီးလို ကျင့်ပြီး၊ ပြည်သူအပေါ် ရေလို ကျင့်ဖို့ လိုပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ဟာ ရန်သူအပေါ် နေလို ကျင့်ပြီး၊ ပြည်သူအပေါ် လလို ကျင့်ဖို့ လိုပါတယ်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်ရဲ့ အရေးတော်ပုံတပ်သားတွေ ကိုင်စွဲထားတဲ့ သေနတ် ပြောင်းဝဟာ ဘယ်သူ့ဘက်ကို လှည့်ရမလဲဆိုတာကို ပြည်သူက ဆုံးဖြတ်တာဖြစ်ပါတယ်။ ပြည်သူဟာ သေနတ်ပြောင်းဝလှည့်ရမယ့်ဘက်ကို စေညွှန်သူ ဖြစ်တယ်ဆိုတာ မမေ့ကြဖို့ လိုပါတယ်။ မိမိတို့ ပြည်သူ့ကာကွယ်ရေးတပ်မတော်ဟာ ပြည်သူလမ်းညွှန်မှုကို ခံယူတဲ့ လူထုတော်လှန်ရေးတပ်မတော် တစ်ခုဖြစ်ပါတယ်။ ဒါဟာ ပြည်သူလူထုရဲ့ ဝမ်းကြာတိုက်ကနေ မွေးဖွားသန့်စင်လာတဲ့ ပြည်သူ့ကာကွယ်ရေးတပ်မတော်ရဲ့ တော်လှန်ရေးအခြေခံသဘောထားဖြစ်ပါတယ်။ ပြည်သူ့နှလုံးကို မသိမ်းကြုံးနိုင်တဲ့ တော်လှန်ရေးဟာ စစ်မှန်တဲ့ တော်လှန်ရေးအောင်ပွဲတွေကို မရနိုင်ဘူးဆိုတာ ကျွန်တော်တို့ ပြည်သူ့ကာ ကွယ်ရေးတပ်မတော်သားတွေ အားလုံး နှလုံးသွင်းထားကြဖို့ လေးနက်စွာ တိုက်တွန်းလိုပါတယ်။

(၄)

နောက်ဆုံးအချက်အနေနဲ့ ပြောချင်တာကတော့ တော်လှန်ရေးခရီးရဲ့ သဘော / သဘာဝကို ကျယ်ကျယ်ပြန့်ပြန့် အကဲခတ်နိုင်စွမ်း ရှိတဲ့ တော်လှန်ရေး အမြင် ရှိရေးဖြစ်ပါတယ်။ တော်လှန်ရေးဆိုတာ အနိမ့်အမြင့် - အတက်အကျ - အချိုးအကွေ့တွေ မြောက်မြားစွာ ရှိတဲ့ ခရီးတစ်ခုနဲ့ တူပါတယ်။ ဒါ့အပြင် မပေါက်သေးတဲ့ လမ်းတွေကို ဖောက်ပြီး လျှောက်ရတဲ့ တောကြမ်းခရီးတစ်ခုနဲ့လည်း တူပါတယ်။ နွေဦးတော်လှန်ရေး တစ်ခုလုံးကို ခြုံငုံကြည့်ရင် ရှေ့က စီနီယာတော်လှန်ရေးသမား အဆက်ဆက် ဖောက်လုပ်ခဲ့တဲ့ လမ်းကြောင်းတွေ အတိုင်း လျှောက်ခဲ့ကြတာတွေ ရှိသလို၊ အသစ် ဖောက်ပြီး လျှောက်ရတဲ့ ခရောင်းလမ်းတွေလည်း အမြောက်အမြားရှိတာကို တွေ့ရပါတယ်။ နွေဦးတော်လှန်ရေးဟာ သမားရိုးကျ တွေ့မြင်ခဲ့ရတဲ့ တော်လှန်ရေးသမိုင်းကို ပြောင်းပြန်လှန်ပစ်လိုက် နိုင်တဲ့ အချက်တွေကိုလည်း တွေ့ရပါတယ်။ အဟောင်းတွေထက် အသစ် အသစ်သော ဖြစ်စဉ်တွေကို လည်း တီထွင်ဖန်တီးပြီး လျှောက်ခဲ့ကြရပါတယ်။ အဲသည့်လို လျှောက်တဲ့နေရာမှာ အောင်မြင်ခဲ့တာတွေ ရှိသလို၊ သင်ခန်းစာ ယူစရာ အမြောက်အမြားလည်း ရှိခဲ့ပါတယ်။ တော်လှန်ရေးခရီးဆိုတာ အစဉ်အမြဲ ချောမွေ့နေတာ မဟုတ်သလို၊ အမြဲတမ်း တသတ်မတ်တည်း ဖြစ်ထွန်းနေတာလည်း မရှိတတ်ဘူးဆိုတာ သဘောပေါက်ကြဖို့ ဖြစ်ပါတယ်။ အနိမ့်အမြင့် - အတက်အကျ - အချိုးအကွေ့တွေမှာ မူလပန်းတိုင်အပေါ် မျက်ခြေမပြတ်ဖို့ လိုပါတယ်။ တော်လှန်ရေးခရီးမှာ ပြောင်းလဲအသုံးပြုရတဲ့ "ဂီယာအပြောင်းအလဲ / လီဗာအဖော့အဖိ" တွေ ရှိတတ်တာကိုလည်း နားလည်ကြဖို့ လိုပါတယ်။ ဘယ်လိုပဲ နည်းနာအပြောင်းအလဲ / ချည်းကပ်မှု အလှည့်အပြောင်းတွေကို အသုံးပြုရသည်ဖြစ်စေ - ကျွန်တော်တို့ဟာ မူလပန်းတိုင်ဖြစ်တဲ့ စစ်အာဏာရှင်စနစ် အမြစ်ပြတ် ချုပ်ငြိမ်းရေးအတွက် မလျော့တမ်း တော်လှန်သွားမှာဖြစ်ကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ် ခင်ဗျား....

အရေးတော်ပုံမှုချအောင်ရမည်...



## ပြည်သူ့ကာကွယ်ရေးတပ်မတော် ဖွဲ့စည်းခြင်း ၄ နှစ်ပြည့် အထိမ်းအမှတ် ပြည်ထောင်စုဝန်ကြီးချုပ် မန်းဝင်းခိုင်သန်း ပြောကြားသောမိန့်ခွန်း

PDF ရဲဘော်အပေါင်းကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ဒီနေ့ဟာ ပြည်သူ့ကာကွယ်ရေး တပ်မတော် PDF ကို ဖွဲ့စည်းတည်ထောင်ခဲ့တာ လေးနှစ်ပြည့်မြောက်ခဲ့ပါပြီ။

လေးနှစ်ဆိုတဲ့အချိန်ဟာ မြန်တယ်လို့ဆိုနိုင်ပေမယ့် ဒီကာလတွေအတွင်းမှာ ရဲဘော်တို့ရဲ့ ကိုယ်စွမ်းဉာဏ်စွမ်းတွေ စွန့်လွှတ် ပေးဆပ်မှုတွေ၊ ရောင့်ရဲတင်းတိမ်နိုင်မှုတွေ အနစ်နာခံမှုတွေဟာ တိုင်းပြည်အတွက် အဖိုးမဖြတ်နိုင်တဲ့ သမိုင်းမှတ်တမ်းတွေပဲ ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ တိုင်းပြည်ဘဏ္ဍာငွေကို အကြိုက်သုံးပြီး တည်ဆောက်ထားတဲ့ အကြမ်းဖက်စစ်တပ်ကို လေးနှစ်အတွင်း ငါတို့ ပြည်သူ့ကာကွယ်ရေးတပ်မတော် PDF ရဲဘော်တွေရဲ့ ရဲစွမ်းသတ္တိနဲ့ ခုခံတော်လှန်တိုက်ပွဲဝင်ခဲ့ကြတာ ဘယ်လောက် အတိုင်းအတာအထိ အောင်မြင်မှုတွေရနေပြီလဲဆိုတာ ရဲဘော်တို့တွေအားလုံး မျက်မြင် ကိုယ်တွေ့ပဲဖြစ်တယ်။

ဒီအောင်ပွဲတွေမှာ ငါတို့တွေနဲ့ အတူ တသွေးတသားတည်း ရပ်တည်တိုက်ပွဲဝင် ပေးခဲ့ကြတဲ့ မဟာမိတ်တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အစည်းတွေနဲ့ ဒေသဆိုင်ရာ ကာကွယ်ရေးတပ်တွေကိုလည်း မေ့ပစ်ထားလို့မရဘူး။ ဒါကြောင့် လေးနှစ်ပြည့်နှစ်ပါတ်လည်နေ့မှာ ကျေးဇူးတင်ကြောင်း ထည့်သွင်းပြောကြားလိုတယ်။ အဆိုပါအဖွဲ့တွေရဲ့ ပူးပေါင်းပါဝင်မှုကလည်း PDF တပ်မတော်အတွက် ခွန်အားတရပ်ဖြစ်ခဲ့တယ်။ ဒါတင်မကအရေးကြီးဆုံးက ငါတို့ကို အမြဲထောက်ပံ့ကူညီနေကြတဲ့ ငါတို့ ပြည်သူပြည်သားတွေပဲဖြစ်တယ်။

ပြည်တွင်းပြည်ပက မြန်မာပြည်ဖွားတိုင်းရင်းသား သွေးချင်း မိသားစုများရယ်။ ပံ့ပိုးကူညီမှု အင်ပြည့်အားပြည့် ထောက်ခံပါဝင်မှုတွေကြောင့်လည်း ငါတို့ဒီနေ့ ဒီအချိန်မှာ အင်အားကြီးမားပါတယ်ဆိုတဲ့ အကြမ်းဖက်စစ်တပ်ကို အကောင်းဆုံးဖိအားပေး တိုက်ပွဲဝင်နိုင်တာလည်း ဖြစ်တယ်။ ငါတို့ PD-Fတွေရဲ့အောင်ပွဲတွေဟာ ပြည်သူ့အောင်ပွဲ တော်လှန်ရေး အောင်ပွဲတွေပဲ ဖြစ်တယ်။ ပြည်သူ့ကာကွယ်ရေးတပ်မတော် PDF ဟာ တတိုင်းပြည်လုံးအတိုင်းအတာနဲ့ ခြုံငုံပြီး စစ်ဆင်ရေးနယ်မြေတွေ ဖွဲ့စည်းဆောင်ရွက်ထားပြီးဖြစ်သလို စနစ်ကျတဲ့ဖွဲ့စည်းအုပ်ချုပ်ပုံတွေနဲ့ ပြည်သူ့တပ်မတော်တရပ်ဖြစ်အောင် ကြိုးစားအကောင်အထည်ဖော်နေတာကို တွေ့နေရတယ်။ နှစ်ပေါင်းများစွာ တိုင်းပြည်ကိုနိမ့်ကျစေပြီး နိုင်ငံသူနိုင်ငံသားများကို ဆင်းရဲတွင်းနက်စေတဲ့ စစ်အာဏာရှင်စနစ်ကို အမြစ်ဖြတ် ဖို့ ပြည်သူ့ကာကွယ်ရေး တပ်မတော်ဟာ ပြည်သူထဲက ပေါက်ဖွားလာတဲ့ ပြည်သူ့သားကောင်းများအဖြစ် ပြည်သူ့အသက်အိုးအိမ် စည်းစိမ်ကို အကာအကွယ်ပေးဖို့ သံမဏိဒ္ဓာန်ချထားကြလိမ့်မယ်လို့ ယုံကြည်တယ်။

အဲ့ဒီအတွက်အားလုံးကို အထူးဂုဏ်ပြုကြောင်း ပြောကြားလိုတယ်။ ပြည်သူ့ကာကွယ်ရေးတပ်မတော်ဟာ လေးနှစ်ပြည့် မြောက်ခဲ့တဲ့အချိန်မှာ ယခင်နှစ်တွေကထက် ပိုမိုလုပ်ဆောင်နိုင်စွမ်း ပြည့်ဝလာတာကိုလည်း တွေ့မြင်ရတယ်။ စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည် ပြည့်မီတဲ့ တပ်မတော်တရပ်အဖြစ် တည်ဆောက်ထားနိုင်တာကို တွေ့ရလို့ လေးစားဂုဏ်ယူတယ်။ တော်လှန်ရေး အောင်ပွဲနီးသထက်နီးလာအောင် ကြိုးစားကြတဲ့နေရာမှာ ရဲဘော်တွေအားလုံး စိတ်ဓါတ်ကျဆင်းခြင်း မရှိဘဲ တက်တက်ကြွကြွ ရှပ်ရှပ်ချွံချွံ လုပ်ဆောင်နေခြင်းကို ဆက်လက်ထိန်းသိမ်းပြီး စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းကာ နိုင်ငံသူနိုင်ငံသားအားလုံး လိုလားတောင့်တနေတဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ တည်ထောင်နိုင်ဖို့ ကျန်းမာရွှင်လန်းစွာ ဖြင့် ဆက်လက်တိုက်ပွဲဝင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

*အရေးတော်ပုံအောင်နေပြီ။*



## ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ဖွဲ့စည်းတည်ထောင်ခြင်း (၄) နှစ်ပြည့်သို့ ပြည်ထောင်စုဝန်ကြီး **ဦးရည်မွန်** ပြောကြားသော မိန့်ခွန်း

ဒီနေ့ မေလ ၅ရက်ဟာ ပြည်သူ့ကာကွယ်ရေးတပ်မတော်ရဲ့ လေးနှစ်ပြည့်မွေးနေ့ ဖြစ်တယ်။ ရဲဘော်တို့ အားလုံးလည်း ဒီနေ့ဒီရက်ကို သတိတရနဲ့ အလေးအမြတ်ရှိကြလိမ့်မယ်လို့ ယုံကြည်တယ်။

တော်လှန်ရေး ဆိုတာ အတိုင်းအဆမရှိတဲ့ အခက်အခဲတွေကို ကျော်ဖြတ်ရင်း ငါတို့မျှော်မှန်းတဲ့ စစ်ကျွန် အဖြစ်က လွတ်မြောက်ရေး နိုင်ငံရေးပန်းတိုင်ကို အရောက်သွားဖို့ ငါတို့ကိုယ်တိုင် ရွေးချယ်ခဲ့တဲ့လမ်း ဖြစ်တယ်။

ငါတို့မှာ စစ်ဖက်ဆိုင်ရာ ကျင့်ဝတ်စည်းကမ်းတွေကို လေးစားလိုက်နာတဲ့ တပ်မတော်တစ်ရပ်၊ အဆင့်ဆင့်သော အမိန့်ပေး အမိန့်နာခံမှု ကောင်းတဲ့ တပ်မတော်တစ်ရပ်၊ ဉာဏ်ပညာနဲ့ သူရသတ္တိ ပြည့်ဝတဲ့ တပ်မတော်တစ်ရပ် ရှိထားပြီဆိုရင် ဒီတော်လှန်ရေး မအောင်မှာ စိတ်ပူစရာအကြောင်း မရှိဘူးလို့ ပြောလိုတယ်။

အခုလို PDF တပ်မတော် ထူထောင်နိုင်အောင်၊ ရပ်တည်နိုင်အောင်၊ တိုက်ပွဲဝင်နိုင်အောင် ကူညီ စောင့်ရှောက်ပေးခဲ့တဲ့ တော်လှန်ပြည်သူများ၊ မဟာမိတ်တော်လှန်ရေးအဖွဲ့အစည်းများ အားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ဖော်ပြလိုတယ်။

ပြည်သူ့တော်လှန်စစ်အတွင်း အသက်စွန့်လှူခဲ့တဲ့ အာဇာနည်တွေ၊ ကိုယ်လက်အင်္ဂါ ပေးဆပ်ခဲ့တဲ့ သူရဲကောင်းတွေ အားလုံးကိုလည်း ဒီရက်မြတ်မှာ ဦးညွှတ်ဂုဏ်ပြုလိုက်ပါတယ်။

PDF လေးနှစ်ပြည့်အကြို မွေးနေ့လက်ဆောင်အဖြစ် အညာက ရဲဘော်တွေက အင်းတော်မြို့ကို ရယူပေး ခဲ့တယ်။ ဒီမွေးနေ့လက်ဆောင်အတွက် အညာ PDF တွေနဲ့ မဟာမိတ်အဖွဲ့တွေ အားလုံးကို အထူး ကျေးဇူးတင်ရတယ်။

အင်းတော်အောင်ပွဲဟာ PDF တပ်မတော် အတွက် သမိုင်းဝင်အောင်ပွဲလည်း ဖြစ်တယ်။ ဒီအောင်ပွဲက တော်လှန်ရေးရှေ့ခရီးအတွက် နမူနာယူစရာ၊ သင်ခန်းစာယူစရာ အတွေ့အကြုံကောင်းတွေ ပေးခဲ့တယ်။

အခုလို PDFတပ်မတော် အောင်ပွဲဆင်နိုင်ခြင်းမှာ အရေးကြီးတဲ့ အခြေခံအကြောင်း တနည်းအားဖြင့် အားသာချက် အနည်းဆုံး သုံးခုရှိမယ်လို့ မြင်တယ်။

### (၁)
### မြေပြင် ပိုင်စိုးမှု

PDF ရဲဘော်တွေရဲ့ အရေးကြီးတဲ့ အားသာချက်က မြေပြင်ပိုင်စိုးမှု ဖြစ်တယ်။ ဒီအားသာချက်ကလည်း နေ့ချင်းညချင်း ပေါ်ပေါက်လာခဲ့တာတော့ မဟုတ်ဘူး။ တို့ရဲဘော်တွေအနေနဲ့ ကွက်ပြည့်မဟာဗျူဟာ အောက်မှာ ပြည်သူ့ခုခံတွန်းလှန်စစ်ကို သုံးနှစ်ကျော် မဆုတ်မနစ် ဆင်နွှဲခဲ့တဲ့ ရလဒ် ဖြစ်တယ်။ နေရာတိုင်းမှာ ရန်သူမလှုပ်နိုင်အောင် ထိန်းချုပ် တုပ်နှောင်ထားခဲ့ကြတယ်။ ဒီသုံးနှစ်ကျော် အတွင်း မြေပြင် ထောက်ပို့လမ်းကြောင်းအားလုံးကို စိုးမိုးထိန်းချုပ်ထားပြီး ဖြစ်တဲ့အတွက် မြို့သိမ်းတိုက်ပွဲကို စိတ်တိုင်းကျ ဆင်နွှဲနိုင်ခဲ့တယ်။ ရန်သူအဖို့ လူ၊ လက်နက်၊ ရိက္ခာ မြေပြင်ကနေ ထောက်ပို့ လုပ်ဆောင် နိုင်စွမ်း လုံးဝကင်းမဲ့သွားခြင်းဟာ သူ့အနေနဲ့ ရေရှည် တောင့်ခံဖို့ မဖြစ်နိုင်တော့ဘဲ နောက်ဆုံးလက်နက်ချ အညံ့ခံခဲ့ရတာ ဖြစ်တယ်။

### (၂)
### ပြည်သူလူထုထောက်ခံပါဝင်မှု

စစ်ကောင်စီ တပ်သားတွေ ထမင်းတစ်လုတ်အတွက် ကြောင့်ကြနေရချိန်မှာ PDF ရဲဘော်တွေ စိတ်ဖြောင့်ဖြောင့် မပူမပင် တိုက်ပွဲဝင်နိုင်ဖို့ ချက်ပြုတ်ကျွေးမွေးရေးတာဝန်ကို ပြည်သူတွေက ထမ်းရွက် ပေးခဲ့ကြတာ ဖြစ်တယ်။ ပြည်သူ့ထောက်ခံပါဝင်မှုနဲ့အတူ PDF၊ ပကဖ၊ ပအဖ၊ ပလဖနဲ့ မဟာမိတ် တပ်ဖွဲ့ တွေဟာ စစ်ဆင်ရေးတာဝန်ကို လက်တွဲညီညီ ထမ်းခဲ့ကြတာလည်း ဒီအောင်ပွဲက ပေးတဲ့ စံနမူနာကောင်း ဖြစ်တယ်။

## (၃)
## ရေရှည်တောင့်ခံနိုင်စွမ်း

အင်းတော်မြို့သိမ်းတိုက်ပွဲကို စလကြာ ဆင်နွှဲခဲ့ရတယ်ဆိုတာတော့ ရဲဘော်တို့ သိပြီးဖြစ်တယ်။ ဒီစစ်ဆင်ရေး အတွက် ဆုံးဖြတ်ပြင်ဆင်ရတဲ့ကာလပါ ထည့်တွက်ရင် တစ်နှစ်တင်းတင်း ကြာခဲ့တယ်။

နောက်ဆုံး ဒီတိုက်ပွဲကို အဆုံးအဖြတ်ပေးခဲ့တာကတော့ ဘယ်ဖက်က ပိုတောင့်ခံနိုင်စွမ်း ရှိသလဲဆိုတဲ့ အချက် ဖြစ်လိမ့်မယ်။ ရက်ရှည်တိုက်ပွဲဖြစ်တဲ့အတွက် နှစ်ဖက်လုံးမှာ အခက်အခဲတွေ ရှိကြတယ်။ အထူးသဖြင့် စိတ်ပိုင်း၊ ရုပ်ပိုင်း ပင်ပန်းဆင်းရဲမှုဒဏ်ကို ရင်ဆိုင်ခဲ့ကြရတယ်။

သို့သော် PDFရဲဘော်တွေ အဖို့တော့ ပြည်သူလူထုရဲ့ ထောက်ခံအားပေးမှုကို ရရှိထားရုံမက ငါတို့ဟာ မတရားမှုကို တွန်းလှန်ရင်း တရားသောစစ်ကို ဆင်နွှဲနေကြတာ ဆိုတဲ့ အသိက အောင်ပွဲရသည်အထိ တောင့်ခံဖို့ ခွန်အားကို ပေးခဲ့တယ်။

အခု ငါတို့လက်ထဲရောက်နေတဲ့ တပ်မ (၇၇) တပ်မမှူးအပါအဝင် သုံ့ပန်းတွေကလည်း သူတို့ရဲ့ နောင်တကို ဖွင့်ဟဝန်ခံကြတယ်။ စစ်တပ် တရားမဲ့တယ်ဆိုတာ သူတို့သိတယ်။ ပြည်သူ့တော်လှန်ရေးမှာ သူတို့တတ်နိုင်တာ ထည့်ဝင်ဖို့ ကတိပြုကြတယ်။

စစ်ကောင်စီတပ်ထဲမှာ ကျန်ရှိနေတဲ့ တပ်မှူး တပ်သားတွေအနေနဲ့လည်း ပြည်သူကို အကြမ်းဖက် သတ်ဖြတ်တဲ့အထိ လမ်းမှားရောက်စေတဲ့ မိစ္ဆာဒိဋ္ဌိ စစ်ဝါဒအတွေးအခေါ်ကို အမြန်ဆုံး စွန့်လွှတ်ကြဖို့ တိုက်တွန်းလိုတယ်။ ဒီလိုသာ စွန့်လွှတ်နိုင်မယ်ဆိုရင် နိုင်ငံနဲ့ ပြည်သူလည်း မြန်မြန် ချမ်းသာရာရမယ်၊ စစ်တပ်ကိုယ်တိုင်လည်း ချမ်းသာရာ ရမယ်လို့ သတိပေးလိုတယ်။

အကြမ်းဖက်စစ်ကောင်စီအဖို့ နေမြင့်လေ အရူးရင့်လေဆိုသလိုပဲ အခုဆိုရင် အရပ်သားတွေကို ပစ်မှတ် ထားတဲ့ လေကြောင်းတိုက်ခိုက်မှုတွေကို ဆိုးဆိုးဝါးဝါး ကျူးလွန်လာတာ တွေ့ရတယ်။

ပြည်သူကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ယူထားတဲ့ တပ်မတော်ဖြစ်တဲ့အားလျော်စွာ PDFရဲဘော် တွေ အနေနဲ့ ပြည်သူတွေ လေကြောင်းအန္တရာယ် ကင်းဝေးဖို့ လိုအပ်တဲ့ ကြိုတင်ပြင်ဆင်မှုတွေ၊ အဆက်မပြတ် သတိပေးနှိုးဆော်မှုတွေ ပိုပြီး အားစိုက်ဆောင်ရွက်ကြဖို့ တိုက်တွန်းတယ်။

တလောက လှုပ်ခတ်ခဲ့တဲ့ ငလျင်ကြီးကြောင့် စစ်ကောင်စီရဲ့ ပြည်သူအပေါ် စေတနာမဲ့မှု၊ စွမ်းဆောင်ရည်မဲ့မှု၊ အင်အားချိနဲ့မှုဟာ မဖုံးနိုင် မဖိနိုင် ပေါ်လာတယ်။ သူ့ရဲ့ ဒီအားနည်းချက်တွေကို ဖုံးကွယ်ဖို့ ငလျင်ဒဏ်သင့်ပြည်သူတွေအပေါ် မျက်ကွယ်ပြုပြီး လေကြောင်းအကြမ်းဖက်မှုကို တိုးပြီး ကျူးလွန် လာတာလည်း ဖြစ်တယ်။ ဒီအချိန်ဟာ အကြမ်းဖက်စစ်ခေါင်းဆောင်ရဲ့ ပြည်ပခရီးစဉ်များ အပြီးနဲ့လည်း တိုက်ဆိုင်နေတယ်။

အခုဆိုရင် မြန်မာ့အရေးဟာ ကမ္ဘာ့အခင်းအကျင်းနဲ့လည်း ဆက်စပ်လာတယ်။ မြန်မာပြည်သူတွေရဲ့ ဆန္ဒသဘောထားကို လစ်လျူရှုပြီး မြန်မာပြည်အပေါ် ဩဇာလွှမ်းမိုးဖို့၊ ကိုယ်ကျိုးစီးပွား အမြတ်ထုတ်ဖို့ ကြံရွယ်ချက်နဲ့ စစ်ကောင်စီရဲ့ လူမဆန်မှုတွေကို လူမိုက်အားပေးလုပ်နေတဲ့ ပြည်ပနိုင်ငံတချို့ ရှိလာတယ်ဆိုတာကိုလည်း သတိကြီးကြီးထားရတယ်။

PDFတပ်မတော်အဖို့တော့ မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို အားကောင်းမောင်းသန် ဆက်လက် ချီတက်ကြဖို့သာ ဖြစ်တယ်။

အင်းတော်အောင်ပွဲကို ပြန်ကြည့်ရင် တောင့်ခံနိုင်စွမ်းက အဆုံးအဖြတ်ဖြစ်ခဲ့တယ်။ PDFရဲဘော် တစ်ဦးချင်း အနေနဲ့လည်း စိတ်ရှည်ဖို့၊ ဇွဲကောင်းဖို့၊ ဘယ်လို အခက်အခဲမျိုး ကြုံပါစေ ကြံ့ကြံ့ခံ ဖြတ်သန်းဖို့ လိုအပ်တယ်။ အင်းတော်အောင်ပွဲနည်းတူ တော်လှန်ရေးတစ်ခုလုံးရဲ့ အောင်ပွဲကိုလည်း ငါတို့ရဲ့ တောင့်ခံနိုင်စွမ်းကပဲ အဆုံးအဖြတ်ပေးလိမ့်မယ်။

ငါတို့မှာ မှန်မြတ်တဲ့ ရည်မှန်းချက် ရှိတယ်။

ငါတို့မှာ ကိုယ်နှုတ်နှလုံးနဲ့ ထောက်ခံပါဝင်နေတဲ့ တော်လှန်ပြည်သူတွေ ရှိတယ်။

ငါတို့မှာ နိုင်ငံအနှံ့ တပ်ဖြန့်နေရာယူ ထားတဲ့ တော်လှန်ရေးရဲဘော်တွေ ရှိတယ်။

ငါတို့ရဲ့ စစ်ပညာနဲ့ တိုက်စွမ်းရည်ကို ဆက်လက် မြှင့်တင်ကြရမယ်။ ငါတို့ရဲ့ ရုပ်ဝတ္ထုပစ္စည်း လိုအပ်ချက် တွေကို နည်းမျိုးစုံနဲ့ ဆက်လက် ဖြည့်ဆည်းကြမယ်။ PDFတပ်မတော်နဲ့ မဟာမိတ်တွေ ပိုချစ်ကြည်၊ ပိုစည်းလုံး၊ ပိုဟန်ချက်ညီပြီး တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ မဟာဗျူဟာမြောက် တိုက်ပွဲဝင်ကြရင် အဆုံးသတ်အောင်ပွဲဟာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ဖြစ်လိမ့်မယ်လို့ ယုံကြည်တယ်။

PDFတပ်မတော် အဓွန့်ရှည်ပါစေ။ ပြည်သူ့တော်လှန်ရေး မုချအောင်ရမည်။

အမျိုးသားညီညွတ်ရေးအစိုးရ

# ကဗျာကဏ္ဍ

## အတာ

ကေဘရမ်



အတာရေ
နင် ထွက်သွားတော့
နင့် ကျောပိုးအိတ်ထဲ
ပိတောက်ပန်းလေး ငါထည့်ပေးခဲ့သေးတယ်
နင် လှည့်မကြည့်ဘူး။

နင်လှည့်မကြည့်ဘူးလေ
နင်ကျောင်းသွားတက်တုန်းကလည်း
နင်လှည့်မကြည့်ဘူး။
မြို့တက်ပြီး အလုပ်လုပ်မယ်ဆိုတော့လည်း
နင်လှည့်မကြည့်ဘူး
တော်လှန်ရေးက နွေဦးမှာဆိုတော့လည်း
နင်လှည့်မကြည့်ဘူး၊
ငါတို့က သူငယ်ချင်း ချစ်သူလေ အတာရဲ့။

နင့် ကျောပြင်လေးက ဝေးသွားတယ်
မှုန်မှုန်ပြပြ။

အေးလေ ငါလည်း နင့်ချစ်သူပဲဟ
ငါတို့ထမိန် ငါ့တို့အလံလုပ်ပြီး
တရွာဝင် တရွာထွက်
"ဖက်စစ် စစ်တပ် အမြစ်ဖြတ်"
"ပြည်သူ့ အာဏာ ပြည်သူ့ ပြန်ပေး"
မနေ့ကအထိ ငါတို့မနားခဲ့ဘူး။

ငါ့မောင်လေး နင့်နောက်လိုက်မယ်ဆိုလို့
အဖေက တော်လှန်ရှင်ပြုလုပ်ပေးသေးတယ်၊

ရွာလယ်က မဏ္ဍပ်  "ဒို့အရေး ဒို့အရေး"
ကျောင်းကြီးမှာတဲ့ ကုသိုလ် "ဒို့အရေး ဒို့အရေး"
"အရေးတော်ပုံ အောင်ရမည်"

ရှင်ပြုမင်္ဂလာအလှူပွဲလား
ဂဠုန်ဆရာစံလို သရဏဂုံ တင်ပေးတာလား
ဆရာတော်ကြီးတောင် မျက်ရည်ဝဲတယ်။

နင်လှည်မကြည့်နဲ့ အတာ
ငါတို့ တောစပ်မှာ နေကြတယ်၊
ညိုကြီးနဲ့ ပြာညက်မရဲ့ လှည်းဝန်ရိုးသံ
တဂျောင်းဂျောင်းပေါ့ ဟာ၊
ငါတို့ စိတ်တွေ က
မီးရှို့လို့ရတဲ့ စပါးကျီလေးမှမဟုတ်တာ၊
နင့်အမေနဲ့ ညီမလေး ငါတို့နဲ့ အတူနေတယ်
ဒီအိုးနဲ့ ထမင်းလေး၊ ဒီအိုးနဲ့ပဲ ဟင်းရည်ကျဲ လေးပေါ့။

အဖေက ဦးလေးတို့နဲ့အတူ
ပစ္စည်းသွားထုတ်တယ်ဟာ၊
ထီကနဲ့ အိုးကနဲ ဘုံးကနဲ
ဟိုကောင်တွေ လေထဲလွင့်သွားတာ၊
မြင်မကောင်း။
နင်တို့ စစ်ကြောင်းတွေဆင်းလာရင်
အတူတိုက်မလို့တဲ့၊
ကနဦး တူမီးလေးတောင် ပြောင်းကွဲသွားပြီ။

တိုက်ပွဲတွေစတော့
ကိုကြီးကိုချစ် ထိသွားတယ်ဟာ၊
အနီရောင် အုပ်ဂူလေးနဲ့ ကြယ်ဖြူတပွင့်
နင်ငါ့ကို လှည့်မကြည့်တဲ့ ထနောင်းပင်ကြီးအောက်မှာ
သူသေရင် ပီဒီအက် လုပ်ပေးတဲ့၊
အဲ့နေ့ကတရွာလုံး တောက်ခေါက်တယ်။

ပြည်က ပျက်နေတော့
အတာမှာ
အတာရေနဲ့ရေမဆေးဘူး အတာ၊
ငါပေးတဲ့ ပိတောက်ပန်းလေး နင်ပြန်ယူခဲ့ပါ။

ခြောက်ပလေ့စေဟာ
ငါတို့ရင်ထဲ စိမ်းစို ဝါထိန်နေမှာပေါ့..။

အတာ။

(ပထမ ပေရယ်။)

# မှတ်တိုင်

လင်းမြတ်(ပြည်)

2023 November 25



ဟော့ ဘေးကကာပစ်ထား
အဲ့ဒီဘန်ကာကို ငါတက်လုံးမယ်
ပေးစမ်းဟော့ကောင် လက်ပစ်ဗုံး
ငါ့ကတိစကားကို သူမနဲ့ သူငယ်ချင်းတွေကို ပြောပေးပါ
ဘယ်လောက်လွမ်းလွမ်း
ဒီဘန်ကာကို အသေခံအောင်ခြင်းထက်
ငါ ဘယ်အရာမှမမြတ်နိုးဘူး။

"ဟာ ငါလိုမသား
တော်လှန်ရေးဟာ တရက်ထဲမပြီးဘူး နောက်ဆုတ် "
ဆိုတဲ့အသံ
အဲ့ဒီနောက် လုံးဝမှောင်အတိ
ငါပစ်လိုက်တဲ့နောက်ဆုံးကျည်ဆံ
အာဏာရှင်စနစ်ကျဆုံးစေရန်။

မင်းရှေ့မှာတည်ပစ်နေတာစက်လက်ကွ
မင်းဘေးမှာ ကျနေတာ ၁၂၀ မမ ဟ
စောက်ရူးမထနဲ့ဆိုလည်း
ပြောမရဆိုမရ
တားမရခဲ့ပါဘူး
လုံးဝတားမရဘူး
သေမင်းကိုချစ်သူအပြုံးလို
ပွေ့ဖက်နှုတ်ဆက်တတ်သူတွေ။

အနက်ရောင်profile တွေပဲ
ခဏခဏချိန်းနေရတဲ့ခေတ်ကြီးထဲ
ငါမသေသေးတာကို
ငါ့ကိုယ်ငါလိပ်ပြာမလုံဘူး။

တော်လှန်ရေး ပြီး
နောက်ထပ် တော်လှန်ရေး
တော်လှန်ရေး
တော်လှန်ရေး
တော်လှန်ရေး
လူသားဖွံ့ဖြိုးရေး
ပညာရေး
ကျန်းမာရေး
တပါတီစနစ်ကိုသတ်
သဘာဝပတ်ဝန်းကျင်
ကျေးလက်ဖွံ့ဖြိုးရေး
မြို့ပြ စနစ်များ
ကျုပ်တို့အသက်တွေနဲ့ နောက်လူတွေကျန်းမာပါစေ။

# သူပုန်မိခင်တယောက်ရဲ့သေတမ်းစာ

မနန်း




သားတို့
စစ်ကြီးအတွင်းမှာ
အရွယ်မရောက်သေးတဲ့ သားတို့ကို
ထားရစ်ခဲ့လေခြင်းလို့ တွေးပြီး
မေမေကို ခွင့်မလွှတ်ပါနဲ့
သားတို့ဝအောင် ချစ်ခွင့်မရခဲ့တဲ့
သားတို့အဖေကို စစ်အတွင်း
စတေးခဲ့လေခြင်းလို့တွေးပြီးလည်း
ခွင့်မလွှတ်ပါနဲ့

ဒီအမေဟာ အမေမပီသခဲ့တဲ့အမေ
ပူပူနွေးနွေး မုဆိုးမဘဝကို အသားကျဖို့ကြိုးစားရင်း
သားတို့ ရှိတဲ့ အရပ်ဒေသကို
အသက်နဲ့ခန္ဓာတွဲလျှက် ပြန်မလာနိုင်ခဲ့ရင်
သားတို့ကို မချစ်လို့မဟုတ်ဘူးဆိုတာ နားလည်ပေးပါ
သားတို့အဖေကိုလည်း ပြန်မခေါ်လာနိုင်ဘူး
မေမေလည်း ပြန်လာနိုင်ချင်မှပြန်လာနိုင်မယ်
သားတို့နဲ့ပြန်ဆုံနိုင်ဖို့ ကြိုးစားခဲ့တယ်ဆိုတာတော့ ယုံကြည်ပေးပါ။
ပြည်သူ့မေတ္တာတွေနဲ့
သားတို့နွေးထွေးဖို့ဆုတောင်းရင်း
ဒီသူပုန်မေမေကို ခွင့်မလွှတ်ပါနဲ့။

# အက်ဆေး ကဏ္ဍ




## လိမ္မော်နုရောင်ရေငွေ့နှင့်အတူ [His Side]

အိမ့်ဘုန်းစစ်သော် (ကျောင်းသားလက်ရုံးတပ်တော်)

“မြေမှုန့်တွေ လွင့်ပျယ်နေတယ်။ ဆောင်းတွင်းနေ့ဟာ သိပ်ပူမှန်း အမှန်တကယ်သိခဲ့ရတဲ့နေ့ပါပဲ။ ကျနော် အများကြီးမမျှော်လင့်တော့ပါဘူး။ ကျနော့်ရဲ့ အပြာရောင်ရေငွေ့လေး အဆုံးမသတ်သွားသ၍ လုံလောက်ပြီ။ တော်လှန်ရေးပြီးလို့ ကျနော်တို့ အိပ်ခန်းလေးထဲ ဆေးအတူသုတ်နိုင်ခဲ့ရင် လုံလောက်ပါပြီ။”

လက်ရှိမှာ ကျနော်ရင်ဆိုင်နေရတဲ့ အခက်ခဲတခုပါပဲ။ ကျနော်တို့ နိုင်ငံဟာ အင်မတန် ဖျားနာနေခဲ့တယ်။ ပြည်သူလူထုက ဒုက္ခရောက်နေတယ်။ ကျနော် ကြည့်နေရတယ်။ ကျနော် ကြည့်နေမိတယ်။ သည့်ထက်ပိုပြီးတော့လည်း ဘာမှ မလုပ်နိုင်ခဲ့ဘူး။ ရဲဘော်တွေအတွက် ပြည်သူလူထုက ရှိနေပေးခဲ့တယ်။ ပြည်သူကျွေးတဲ့ ထမင်းကိုစားပြီး တောတောင်လျှိုမြောင်တွေကြားက ရေကိုသောက်နေရတဲ့ ကျနော်က ရင်ဘတ်ကိုဖိပြီး ငိုင်နေရုံကလွဲရင် ဘာမှမတတ်နိုင်ခဲ့ဘူး။ မျက်ရည်စကို လွှမ်းခြုံအိပ်စက်ခဲ့ရတဲ့ ညတွေမှာ အနည်းဆုံးတော့ သူရှိနေခဲ့လို့ တော်ပါသေးတယ်။

ကဗျာဆန်ဆန်ပြောရရင် ကျနော့်ရဲ့လမင်းပေါ့။ ဒါမှမဟုတ် လူသတ်လက်နတ်ကိုင်တဲ့ သွေးစွန်းနေတဲ့ ကျနော့်လက်ကို ဆုတ်ကိုင်ပြီး ကျနော်နဲ့အတူ သွေးစွန်းခံခဲ့တဲ့လူ။ ကျနော်နဲ့သူမက အမှောင်ခေတ်ရဲ့ ရိုက်ခတ်မှုတခုမှာ တွေ့ဆုံခဲ့ကြရတာပါ။ လက်နက်ကိုင်တော်လှန်မယ့်လမ်းကို ရွေးချယ်ခဲ့မိကြပြီး အခုချိန်ထိ ဆက်လျှောက်နေကြသူတွေပေါ့။ ဘဝမှာ တခါမှမတွေးမိဖူးတဲ့ စုတ်ပြတ်သတ်နေတဲ့ အချိန်ကာလတွေမှာ သူက ကျနော့်ဘေးနား ရှိနေခဲ့ပါတယ်။ ငရဲလို သုံးလတာ စစ်သင်တန်းမှာ ကျနော်နဲ့ သူက အခင်ဆုံး သူငယ်ချင်းတွေ ဖြစ်ခဲ့တယ်။ ပြီးတော့ ကျနော်တို့ အများကြီး နီးစပ်ခဲ့တယ်။ မုန်တိုင်းတွေကြားက လေနုအေးသေးသေးလေးကို ကျနော် အဲ့သည့်နေ့မှာ ရှာတွေ့ခဲ့တယ်လေ။

"ခံစားချက်ကို ဦးစားပေးလို့ မရဘူး" တဲ့၊ ဟုတ်တယ်။ ကျနော်က စစ်သားလေ။ ပြီးတော့ နိုင်ငံတော်သစ်တခုဖြစ်အောင် တိုက်ယူရမယ့် သွေးချွေးစတေးပွဲတွေမှာ ပါဝင်ရမှာ။ ကျနော် ငိုလို့မရဘူး။ ကျနော် ငြင်းဆန်ပိုင်ခွင့်မရှိဘူး။ ကျနော်က စစ်သားမို့ ပြည်သူကို ကာကွယ်ရမှာမို့။ ကျနော် ကလေးဆန်လို့မရဘူး။ အထူးသဖြင့် အသက်နဲ့ခန္ဓာကို လောင်းကြေးထပ်ထားတဲ့ နားဝင်သိပ်မချိုတဲ့ လူသတ်ပွဲတွေမှာပေါ့။ အထက်ကပေးအပ်လာတဲ့ အမိန့်နဲ့ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရမှာ။ ကျနော် သိတယ်လေ။ ကျနော် ဘာမှမတောင်းဆိုဘူး။ ကျနော် သေရမှာကိုလည်း မကြောက်ဘူး။ တခုပဲ၊ ကျနော့် အချစ်နဲ့ ဝေးရမှာကိုပဲ ကြောက်တာ။ ကျ

နော် သိပ်ကြေကွဲတာ။

ကျနော် စစ်ဆင်ရေးဖော်ဆောင်မှုတခုမှာ ပထမဆုံး ပါဝင်ရတဲ့နေ့က သူ့ဆီက အဖြေရတဲ့နေ့လောက် ရင်ခုန်စရာ မကောင်းဘူး။ "စစ်ပွဲတပွဲက ယောကျာ်းတွေကို ပိုလိုအပ်ပြီး ယောကျာ်းတွေ စစ်ပွဲကိုအောင်နိုင်ဖို့က မိန်းမတယောက်ရဲ့အချစ် လိုတယ်" တဲ့။ ဒါက သိပ်မှန်တာပဲ။ အစစအနန အက်ကွဲနေတဲ့ ကျနော့်ဘဝထဲမှာ သူပေးတဲ့ ပန်းနုရောင် အချစ်လေးတခုနဲ့ ဆက်ရှင်နေရတာ။ ကျနော်တို့ရဲ့ဘဝက မီးပုံကြားထဲမှာ ခြေဗလာနဲ့ ကခုန်နေကြသလိုပဲ။ ဒါပေမယ့် နှစ်ယောက်အတူ လက်ချင်းတွဲထားလို့မို့ ကျနော်တို့ ပြုံးနေကြရတာ။ ကခုန်နေလို့ တချက်တချက် ဝဲလွင့်သွားတဲ့ သူ့ဆံနွယ်လေးတွေ မီးလောင်ကုန်တာသိပေမယ့် ကျနော် ဖယ်မပေးနိုင်ခဲ့ဘူး။ ကျနော့်လက်လည်း မီးလောင်နေတာလေ။

သူက အပြာရောင်မီးပွားဖြစ်ပြီး ကျနော်က လိမ္မော်နုရောင် ရေခိုးရေငွေ့တဲ့။ ဆရာမကြီးရယ် ဘယ်စာအုပ်ထဲက ဖတ်လာပြန်လဲဆိုတော့ ကျနော့် လက်မောင်းကို ဖွဖွရိုက်ပြီး မျက်စောင်းတချက် ထိုးလိုက်တယ်။ တချက်လေးထဲပါပဲ။ ဒါပေမယ့် ထိသွားတာက ဒီကောင့် ဘဝကြီး တခုလုံးကို။

အခုချိန်မှာတော့ မသိသာတော့ပေမယ့် ကျနော်တို့ဘဝတွေက ကြမ်းတမ်းလွန်းပါတယ်။ တော်လှန်ရေးလုပ်နေတဲ့ မိန်းကလေးတယောက်ပေါ့။ ကျနော် သူ့ကို သိပ်သနားတယ်။ သူအများကြီး ပင်ပန်းနေလောက်မှာ။ ကျနော်ကိုယ်တိုင် ဟောဟဲဆိုက်ပြီး တက်နေရတဲ့ တောင်တက်ခရီးလမ်းမှာ သူ ကျနော့်ကိုပြုံးပြနေပေမယ့် သူ သိပ်ပင်ပန်းနေမှာကို ကျနော်သိပါတယ်။ သိပ်ဖြူစင်တဲ့ ကလေးမလေးက Aniverssary နေ့တွေမှာ ကျနော်ခူးပေးတဲ့ တောပန်းလေးတပွင့်အတွက် ပျော်နေလေရဲ့။ သူပြန်ပေးတဲ့ အနမ်းလေးတပွင့်ကလည်း ကျနော့်အတွက်တော့ လုံလောက်တာထက် ပိုပါတယ်။ မပြည့်စုံမှုတွေကြားမှာ ကျနော်တို့ ရယ်မောခဲ့ကြတယ်။ ဒါက အချစ်ပဲထင်ပါရဲ့လေ။

ရှေ့တန်းစစ်မျက်နှာပြင်က ကြမ်းတမ်းကောင်း ကြမ်းတမ်းမှာပါ။ ဒါပေမယ့် သူနဲ့ခွဲရတာလောက် မပင်ပန်းဘူးရယ်။ ဒါက ကျနော့်ရဲ့ တပ်သားဖြစ်ပြီးနောက် ပထမဆုံးစစ်ပွဲပဲ။ ကျနော်တို့ ဖုန်းလိုင်းတွေမရှိတဲ့အတွက် အဆက်သွယ်မရခဲ့ဘူး။ အသံလေးပဲဖြစ်ဖြစ် ကြားချင်ခဲ့ပေမယ့် ရပါတယ်လေ။ တော်လှန်ရေးလုပ်နေတာပဲကို ဒီလောက်တော့ သည်းခံရမှာပေါ့။ ကျနော်တို့အပတ်စဉ်က ရဲဘော်တယောက် ကျတဲ့နေ့မှာ ကျနော် ကြိတ်ငိုခဲ့မိတယ်။ အဲဒီအတွက်လည်း စစ်ခွေးတွေကို လက်စားချေမှာ။ သွေးကြွေးအတွက် ကျိန်းသေပြန်ယူမှာပါ။ ပင်ပန်းလွန်းလို့ လောကထဲက ထွက်သွားချင်တဲ့အချိန်တိုင်း သူ့မျက်နှာလေးကို မြင်ယောင်မိတယ်။ "မင်းသာမရှိရင် ကိုယ်သေမှာ၊ မင်းကြောင့် တောင့်ခံနေခဲ့တာပါ။" ဒါက ကျနော် သူ့ကို ပြောဖူးခဲ့တဲ့ စကားတခွန်းပေါ့။ အဲဒီတုန်းက ကျနော့်အချစ်က ကျနော့်ကို နွေးထွေးစေခဲ့ပါတယ်။ အခုရော ဒီတိုင်းပဲ အားတင်းထားရုံပေါ့။

ကျနော်တို့စစ်ကြောင်း ရှေ့ထွက်ဖို့အတွက် သင်တန်းတွေ ထပ်တက်လိုက်၊ အနားယူလိုက် လုပ်နေတဲ့အချိန်မှာ ကျန်ခဲ့တဲ့ ပြည်သူတွေရဲ့သတင်းတွေ တက်လာတယ်။ လျောင်တဲ့။ တချို့သော ရဲဘော်တွေရဲ့ မိသားစုဝင်တွေရော ဒီလျောင်ကြောင့် ဖြစ်လာတဲ့ အကျိုးဆက်တွေကို ခံစားခဲ့ရတယ်။ ဟိုးအရင်က စကားပုံတွေက အလကားရှိနေခဲ့တာ မဟုတ်ဘူးဘဲ။ အစောထဲက ရေနစ်နေခဲ့တဲ့ ကျနော်တို့နိုင်ငံကြီးကို ထပ်ပြီး ဝါးနဲ့ ထိုးချလိုက်တာပါပဲ။ ဘာပြောရမလဲ။ ကျေးဇူးတင်ပါတယ်ပေါ့။ တကယ်ဆို ကျနော်တို့က လူငယ်တွေလေ။ ပြီးတော့ ကျောင်းသားတယောက်။ တကယ်ဆို ဒီလိုမျိုး သေနတ်ကိုင်ထားရမှာမှမဟုတ်တာ။ ဘော့ပင်ကိုင်ပြီး စာရေးနေရမယ့် အရွယ်တွေ။ ဒီဒဏ်ရာတွေကို မလိုချင်ကြောင်း၊ လောကကြီးကို မကျေနပ်ကြောင်းတွေ ဘယ်သူ့ကို ပြေးတိုင်ရပါ့မလဲ။

မြေမှုန့်တွေ လွင့်ပျယ်နေတယ်။ ဆောင်းတွင်းနွေဟာ သိပ်ပူမှန်း အမှန်တကယ်သိခဲ့ရတဲ့နေ့ပါပဲ။ ကျနော် အများကြီး မမျှော်လင့်တော့ပါဘူး။ ကျနော့်ရဲ့ အပြာရောင်ရေငွေ့လေး အဆုံးမသတ်သွားသ၍ လုံလောက်ပြီ။ တော်လှန်ရေးပြီးလို့ ကျနော်တို့အိပ်ခန်းလေးထဲ ဆေးအတူသုတ်နိုင်ခဲ့ရင် လုံလောက်ပါပြီ။။ စဉ်းစားကြည့်မိတယ်။ အကယ်၍ ကျနော်တို့ လွတ်မြောက်သွားတဲ့အချိန်မှာရော ကျနော်တို့ရဲ့နိုင်ငံတော်သစ်ကရော ပြန်ကျန်းမာလာနိုင်ပါ့မလား။ ထပ်ပြီး ထပ်ပြီးဘာတွေဖြစ်လာဦးမှာလဲပေါ့။ ကျနော်အများကြီး မမျှော်လင့်တော့ပါဘူး။ ကျနော့်အချစ်နဲ့အတူရှိနေချင်ရုံပါ။ သိပ်သနားစရာကောင်းတဲ့ ကျနော့်အချစ်က မိသားစုဘဝကိုသေချာမရခဲ့ဘဲ မေတ္တာငတ်ခဲ့ရှာတာ။ သူ မရခဲ့တဲ့ဘဝလေးကို ကျနော်ဖြည့်ဆည်းပေးချင်ရုံပါ။

အကယ်၍များ ကျနော်တို့ အဲ့သည့်ချိန်ထိ အတူရှိခဲ့မယ်ဆိုရင်၊ ကျနော်တို့နိုင်ငံက မဖျားနာတော့ဘူးဆိုရင် ကျနော်တို့ လက်ထပ်မယ်။ အိမ်လေးတလုံး ဝယ်မယ်။ ခွေးလေးတကောင်နဲ့ပေါ့။ ကျနော်တို့ကလေးလေးက သားလေးပဲဖြစ်ဖြစ် သမီးလေးပဲဖြစ်ဖြစ် ကျနော် အများကြီး ချစ်ပေးမယ်။ ကလေးလေးက ကျနော်နဲ့တူခဲ့ရင် ခန့်ပြီး ချောမှာဗျ။ သူနဲ့တူရင်တော့ သိပ်ချစ်စရာကောင်းတဲ့ ပါးချိုင့်လေးနဲ့ ညှို့ယူနိုင်တဲ့ မျက်ဝန်းနက်နက်လေး ရှိလိမ့်မယ်။ သူ ဝါသနာပါတဲ့အရာတွေ သူလုပ်ချင်တာ

တွေအကုန် ကျနော် ဖြည့်ဆည်းပေးမယ်။ ကျနော့်ရဲ့ အဖေနဲ့ အမေက သူ့ရဲ့ အဖေနဲ့ အမေပဲပေါ့။ သူ သိပ်ခေါ်ချင်နေတဲ့ မေမေ၊ဖေဖေဆိုတဲ့ နာမ်စားကို ခေါ်ခွင့်ရမှာ။ သူနဲ့အတူ ဆိုင်ကယ်ပတ်စီးမယ်။ ဆေးလိပ်တလိပ်ကို နှစ်ယောက်အတူ သောက်တိုင်း တော်လှန်ရေးကိုသတိရမယ်။ ကလေးလေးရတဲ့အခါ ကျနော် သူ့ကို အများကြီး ချစ်ပေးမယ်။ ပြီးတော့ သူ့အိပ်မက်တွေ အမှန်တကယ် ဖြစ်လာစေရမယ်။ "အဖေနဲ့အမေက ဒီနိုင်ငံကြီး လွတ်လပ်ဖို့ ကြိုးစားခဲ့တာကွ" လို့ ဂုဏ်ယူ ဝမ်းမြောက်ရင်း ပြန်ပြောပြမယ်။ အဖြူစိမ်းဝတ် ကျောင်းသားလေးတွေက ကျနော်တို့ကို ကျေးဇူးတင်နေလောက်မှာ။ အဓိပတိလမ်းမပေါ်မှာ ချစ်ရသူတွေက လက်ကိုတွဲလို့ ပျော်မြူးနေလောက်မှာ။ အကယ်၍များ ကျနော် ရှင်သန်နေခဲ့ဦးမယ်ဆိုရင် ဒီပျော်ရွှင်မှုတွေကို ကျနော်ရနိုင်မှာပါ။ ကျနော့်အချစ်နဲ့ အတူပေါ့။

လူ တွေ သေ နေ တာ ကိုလည်း မမြင်ချင်ခဲ့ဘူး။ ကျနော်တို့ရဲ့ ဆယ်ကျော်သက်အရွယ်ဟာ ဘာကြောင့် ဒီလိုဖြစ်နေရတာတဲ့လဲ။ နွေဦးရဲ့ လေနုအေးလေး တိုက်ခတ်လာတယ်။ ကျနော် သေနတ်မကိုင်ချင်ခဲ့ဘူး။ ကျနော် လူမသတ်ချင်ခဲ့ဘူး။ တကယ်ဆို ကျနော်က ကျောင်းသားတယောက်ပါ။ ပြီးတော့ လူငယ်တယောက်ပါ။




# ဒါရန်သူ့နယ်မြေ

ရီဖော်တီ

ကားသမားက ဘာမှန်းမသိတဲ့ မျက်ဝန်းတစုံနဲ့ ကျနော့်ကို ပြန်ကြည့်ပါတယ်။ ပြီးတော့ သူက စကားတခွန်း ပြောလာခဲ့ပါတယ် ... "ညီလေး ဒါ ရန်သူ့နယ်မြေနော်" တဲ့ ...

ကျနော် ကားဂိတ်ကိုရောက်တော့ ညနေ အတော်စောင်းနေခဲ့ပါပြီ။ လှည်းတန်းကနေ အောင်မင်္ဂလာကားဝန်းဆီ သွားတဲ့လမ်းတလျှောက် ကျနော်ဟာ အတွေးများစွာနဲ့ ငေးမောရင်း သက်ပြင်းတွေချမိတာလည်း အခါခါပါပဲ။ "ဘယ်အချိန်မှ ငါဟာ ရန်ကုန်မြို့ကြီးဆီ ပြန်ရောက်မှာလဲ" ဆိုတဲ့ အတွေးအပြင် "ပြန်ရော ရောက်ဖြစ်ပါဦးမလား" ဆိုတဲ့ အတွေးတွေကြောင့်ပဲ ဖြစ်ပါတယ်။ အခုသွားမယ့်ခရီးဟာ တော်လှန်ရေးနယ်မြေ၊ လွတ်မြောက်နယ်မြေလို့ အများက သတ်မှတ်ထားကြတဲ့ ကရင်ပြည်နယ်ဆီကိုပါ။ အစစ်အဆေးများတဲ့ကာလဖြစ်လို့

ညဘက်ကိုရွေးပြီး ကားလက်မှတ် ဖြတ်ခဲ့ဖြစ်တယ်။ စစ်ကောင်စီတပ်သားတွေ အနေနဲ့ ညဘက်မှာ အလုပ် သိပ်မလုပ်လောက်ဘူးဆိုတဲ့ အတွေးကြောင့်ပဲ ဖြစ်ပါတယ်။

ကျောပိုးအိတ်တလုံးနဲ့လူငယ်တယောက်ရဲ့ ခရီးကို ရန်သူဟာ ရိပ်စားမိမလား ဆိုတဲ့အတွေးကြောင့် သမားရိုးကျ ခရီးသွားနဲ့တူအောင် အဝတ်အိတ်ကိုလည်းအများသုံးတဲ့ မြွေရေခွံအိတ်နဲ့ထည့်ပြီး ကျောပိုးအိတ်အပြင် လက်ဆွဲခြင်းတလုံးကိုပါ ကျနော် သယ်ခဲ့ပါတယ်။ လက်ဆွဲခြင်းထဲမှာ ပျားရည်ပုလင်း၊ လူကြီးကန်တော့စရာ ငှက်သိုက်ကဒ်နဲ့ လက်ဆောင်ပစ္စည်းအချို့ကို ထည့်သယ်ခဲ့ပါတယ်။ တခြားသူမြင်တဲ့အခါ နယ်ကို အလည်ပြန်တဲ့ ကောင်လေးတယောက်လို့ ထင်စေချင်တာပါပဲ။

ဒီလိုနဲ့ မှောင်ရီပျိုးစအချိန်မှာပဲ ကျနော့်ရဲ့ တော်လှန်ရေးဆီခရီးဟာ အောင်မင်္ဂလာကားဝန်းကနေ အစချီခဲ့ပါတော့တယ်။ ကားဆီဖြည့်တာနဲ့ ဇီးရိုးမိုင်မှာကားပိတ်တာနဲ့မို့ ညဦးပိုင်းမှာသာ ရန်ကုန်မြို့ကနေ ထွက်ခွာနိုင်ခဲ့ပါတယ်။ ဇီးရိုးမိုင်မှာများ အစစ်ဆေး ကြမ်းမလား ဆိုတဲ့အတွေးနဲ့ သူငယ်ချင်းတယောက်ရဲ့ ဖုန်းကို အလုပ်လို့မှတ်ထားပြီး ကိုယ်ဖုန်းဆက်တဲ့အခါ အလုပ်အကြောင်းပြောဖို့ ဇာတ်တိုက်ထားခဲ့တယ်။ ဒါပေမယ့်လည်း ဇီးရိုးမိုင်မှာ ဘာအစစ်အဆေးမှ မရှိဘဲ အေးအေးဆေးဆေး ကျော်ဖြတ်လာနိုင်ခဲ့ပါတယ်။ ဘုရားကြီးဂိတ်ရောက်တော့ ရဲငါးယောက်လောက် ကားကိုတားတာ မြင်တော့ မျက်လုံးမှိတ်ပြီး အိပ်ချင်ယောင်ဆောင်ရင်း မသိသလိုနေရပါတယ်။ စိတ်ထဲမှာတော့ အတွေးဟာ ကမ္ဘာပတ်နေခဲ့ပါပြီ။ ဒီလိုနဲ့ ဝေါ၊ သိမ်ဇရပ်၊ စစ်တောင်းတံတားဂိတ်တွေကိုကျော်ပြီး ကားဟာ ကျိုက်ထိုမြို့ရဲ့ အမှောင်ယံထဲကို တဖြည်းဖြည်း တိုးဝင်ခဲ့ပါတယ်။

ကျိုက်ထိုမြို့ကိုရောက်ပြီဆိုရင်ပဲ ကားစပယ်ယာရဲ့အသံဟာ နားထဲကို တိုးဝင်လာခဲ့ပါတယ်။ စစ်ကောင်စီထုတ်ပြန်ထားတဲ့ ညမထွက်ရအမိန့်ကြောင့် ဒီထမင်းဆိုင်မှာပဲ ညရပ်နားမှာဖြစ်ပြီး မနက်ကြမှသာ မော်လမြိုင်ကို ခရီးဆက်မှာဖြစ်ကြောင်း ပြောလာခဲ့တာပဲဖြစ်ပါတယ်။ ကျနော်လည်းကားပေါ်ကနေဆင်းပြီး လူအများမြင်သာထင်သာရှိမယ့် စားပွဲဝိုင်းမှာ နေရာယူရင်း အပြင်ကို ဝေ့ကြည့်မိပါတယ်။ ကျနော်စီးလာတဲ့ကားနဲ့ ဂိတ်တူ နာမည်တူတဲ့ ကားတစီးဟာလည်း အဲဒီထမင်းဆိုင်မှာ ကြိုတင်ရောက်နှင့်ပြီး ရပ်နားထားတာပဲဖြစ်ပါတယ်။ ထမင်းစားရပ်နားလာကြတဲ့ ကားအသီးသီးပေါ်ကလူတွေကို ငေးရင်း မသင်္ကာစရာလူနှစ်ဦးက ဆိုင်ထဲကို ဝင်လာတာမြင်တော့ လက်ထဲကစာအုပ်ကို အာရုံပြန်စိုက်ရင်း သူတို့ဆီကအကြည့်ကို ရှောင်လိုက်ရတယ်။ စာအုပ်ကိုသာ မျက်နှာကပ်ထားပေမယ့် ရဲ၊ စရဖ၊ ထောက်လှမ်းရေးတို့နဲ့ မစိမ်းခဲ့တော့ အဲဒီလူနှစ်ဦးရဲ့ လှုပ်ရှားမှုကို ဂရုစိုက်နေမိတယ်။ ဂျင်းဘောင်းဘီရှည်၊ သားရေဖိနပ်၊ အင်္ကျီအကွက်လက်ရှည်နဲ့ ဘေးလွယ်အိတ်ကို အတူတူလွယ်ထားတဲ့ အဲဒီလူနှစ်ဦးပေါ့။ သူတို့ကို မျက်ခြည်မပြတ်ကြည့်နေရင်း လက်ထဲကစာအုပ်ကို တရွက်ပြီးတရွက် လှန်နေမိပါတယ်။ တညလုံး အိပ်လို့လည်း မပျော်ခဲ့ပါဘူး။ မနက်ခင်း အရုဏ်ကျင်းချိန်ရောက်တော့ ထမင်းဆိုင်မှာ ရောက်နှင့်နေတဲ့ အစောကားက ခရီးသည်တွေ ပြန်လည်တင်ဆောင်ပြီး လိုရာကို ထွက်ခွာသွားခဲ့ပါပြီ။ ခဏအကြာမှာတော့ ကျနော်စီးလာတဲ့ကားရဲ့ စပယ်ယာဆီကနေ ကား ပြန်လည်ထွက်ခွါတော့မှာ ဖြစ်တာကြောင့် ခရီးသည်တွေ ကားပေါ်နေရာယူပေးဖို့ မေတ္တာရပ်ခံတဲ့အသံ ထွက်ပေါ်လာပါတယ်။

ကျနော်တို့ခရီးသည်အားလုံး ကားပေါ် နေရာယူပြီးချိန်မှာပဲ အင်္ကျီအကွက်လက်ရှည်၊ ဂျင်းဘောင်းဘီဝတ်ဆင်ထားပြီး သားရေဘေးလွယ်အိတ်ဆင်တူလွယ်ထားတဲ့ လူနှစ်ဦးက ဒေါသတကြီးနဲ့ ကားပေါ်ကို ရောက်လာခဲ့ပါတယ်။ နှုတ်ကနေလည်း "ရှေ့ကားက ငါတို့ကို ထားသွားတယ်၊ ခရီးသည်ကျန်တာ မသိဘူးလားကွာ" တဲ့။ ကားလိုင်းတခုအနေနဲ့ ခရီးသည်ကျန်တာကို ထားပြီးတော့ မထွက်နိုင်ပါဘူး။ လူမစုံရင် သေချာအော်ခေါ်ပြီး လူစုံမစုံစစ်ပြီးမှ ထွက်ကြတာမလား။ အဲဒီ ကျန်ခဲ့ပါတယ်ဆိုတဲ့ ခရီးသည်နှစ်ဦးဟာ တကယ်ရော ခရီးသည်ဟုတ်ရဲ့လား။ ကျနော်လည်း အတွေးတွေကို ခဏအနားသတ်ပြီး ကျနော့်ရဲ့နေရာ ခုံနံပါတ် (၁) မှာ ထိုင်နေခဲ့ပါတယ်။ ကျနော်နဲ့အတူ ခုံနံပါတ် (၂) မှာ စီးလာတဲ့ ခရီးသည်တဦးက ကျိုက်ထိုမှာပဲ ဆင်းမှာဖြစ်တော့ ညပိုင်းကတည်းက ပြန်သွားခဲ့ပါပြီ။ ဘေးမှာလွတ်နေတဲ့ ခုံနံပါတ် (၂) နေရာကို ကားစပယ်ယာက အန်တီကြီးတဦးကိုခေါ်ပြီး နေရာပေးပါတယ်။ အဲဒီအချိန်မှာပဲ ကျန်ခဲ့ပါတယ်ဆိုတဲ့ ခရီးသည်နှစ်ဦးထဲက တဦးဟာ ရောက်ချလာပြီး "ကျနော်ထိုင်လို့ မရဘူးလား" ဆိုပြီး ဘေးမှာ ဝင်ထိုင်ချလိုက်ပါတယ်။ ကားစပယ်ယာလည်း ဘာမှမပြောသာဘဲ နောက်ဆုတ်သွားပါတော့တယ်။

ကျနော့်ရဲ့ ခုန်နေတဲ့ရင်တွေဟာ ပေါက်ထွက်မတတ် ကမ္ဘာပျက်မတတ်ပါပဲ။ မသင်္ကာလို့သတိထားမိတဲ့သူက ကိုယ့်ဘေးမှာ ဖွတ်တရွတ်ထိုင်ပြီး ကပ်လာတဲ့အခါ ကျနော် ဘယ်လို အေးဆေးနေနိုင်မလဲ။ စိတ်ထဲမှာ တုန်လှုပ်လေ အပြင်မှာပိုတည်ငြိမ်လေဖြစ်တဲ့ ကျနော်က အိတ်ထဲကဖုန်းကို နှိုက်ယူလိုက်ပါတယ်။ ဘေးကလူ မြင်သာအောင် ဖွင့်လိုက်ပြီး မြေတူးစက်ပုံတွေ၊ မြေသယ်စက်ပုံတွေကို ထုတ်ကြည့်လိုက်မိတယ်။ ပြီးမှ အဲဒီစက်တွေအကြောင်း ရှင်းပြတဲ့ ဖိုင်တွေကို ဖွင့်

ပြီး ဖတ်နေလိုက်ပါတယ်။ ခဏအကြာမှာတော့ ကျနော့်ရဲ့ပေါင်ကို ဖြတ်ခနဲရိုက်လိုက်ပြီး “ဘယ်သွားမှာလဲ“ တဲ့။ ကျနော်လည်း ဖုန်းထဲက ပုံတွေကို ထုတ်ပြပြီး မော်လမြိုင်ကို စက်ပြင်အလုပ်ရလို့ သွားမှာဖြစ်တဲ့အကြောင်း ပြောပြီး စကားစ သတ်လိုက်ရပါတယ်။ အဲဒီ မသင်္ကာစရာကောင်းတဲ့ ခရီးသည်နှစ်ဦးစလုံးဟာ ကျိုက်ထိုမြို့ထဲက ဈေးတခုအနီးရောက်တာနဲ့ပဲ ကားသမားကို ကားရပ်ခိုင်းပြီး ဆင်းသွားပါတယ်။ ဆင်းသွားတဲ့သူတို့နောက်ကို လိုက် ပြီး ကားခလိုက်တောင်းတဲ့ စပယ်ယာကိုတော့ အိတ်ထဲက သေနတ်ထုတ်ပြပြီး ယူမလားမေးတဲ့အကြောင်း စပယ်ယာလေးက ကားသမားကို ပြန်ပြောနေတာ ကြားလိုက်မှ ကျနော်ထင်တာ မမှားကြောင်း သိခဲ့ရပါတယ်။ ဒီလိုနဲ့ ခရီးဆက်လာရင်းက ကျနော်သွားလိုတဲ့ မော်လမြိုင်ဆီကို မနက်စောစောမှာပဲ အဆင်ပြေပြေ ရောက်ခဲ့ပါတယ်။

မော်လမြိုင်ကနေတဆင့် ထိုင်းနယ်စပ်တနေရာဆီ ခရီးဆက်ဖို့အတွက်လည်း ရန်ကုန်မှာရှိနေစဉ်ကတည်းက ကယ်ရီအခေါ် လိုင်းကားကလေးတွေနဲ့ ကြိုတင်ချိတ်ဆက်ပြီး လိုအပ်တာတွေ ပြင်ဆင်ခဲ့ပါတယ်။ အလုပ်တာဝန်နဲ့ ခရီးသွားဟန် တူရလေအောင် ရပ်ကွက်ထောက်ခံစာကိုပါ ပြင်ဆင်လာခဲ့ပါတယ်။

ဆက်သွားရမယ့်ခရီးလမ်းမှာ စစ်ကောင်စီရဲ့ဂိတ်စခန်းသုံးခုထက်မနည်းကို ဖြတ်ရဦးမှာပဲဖြစ်ပါတယ်။

ကားသမားအကိုက လမ်းကြောင်းမှာ အေးဆေးပဲမို့ ဘာမှ တွေးမပူဖို့၊ ဂိတ်စခန်းတွေကို လိုင်းကြေးပေးထားပြီးသားမို့ စသည်ဖြင့် စိတ်ချမ်းသာအောင်ပြောပြီး လွတ်မြောက်နယ်မြေ ဆိုတဲ့နေရာဆီကို ဒုတိယခရီး ဆက်ခဲ့ရပြန်ပါတယ်။ ပထမဆုံး စစ်ကောင်စီဂိတ်စခန်းကို ဖြတ်တဲ့အချိန်မှာပဲ ကားသမားက စစ်ကောင်စီတပ်သားတဦးနဲ့ ပုံမှန်ထက် ရင်းနှီးစွာ ပြောဆိုနေကြတာကို မြင်လိုက်ရတော့ စိတ်ချလက်ချဖြစ်ရမယ့်အစား ဒလန်လား ဆိုတဲ့အတွေးက ကျနော့်ကို နှိပ်စက်ပါလေရော။ ဒီလိုနဲ့ ဂိတ်ကိုဖြတ်ပြီး လွန်လာတဲ့အခါမှသာ သက်ပြင်းကို ဖြည်းဖြည်းချင်း ခိုးချနိုင်ပါတော့တယ်။

“တော်လှန်ရေးဆိုတဲ့လူငယ်တွေက တိုင်းပြည်ကို ကန့်လန့်တိုက် ဖျက်ဆီးကြတာပါ ငါ့ညီရာ၊ သွားတာလာတာ ဂရုစိုက် အလုပ်ကိုလည်း သေချာဂရုစိုက်လုပ်” ဆိုပြီး အစချီတဲ့စကားအဆုံးမှာ ကျနော်ဟာ အရိပ်အခြေကို သဘောပေါက်ခဲ့ပါပြီ။ အရှိန်နဲ့မောင်းနှင်နေတဲ့ ကားလေးအပေါ်မှာ ကျနော့်ရဲ့ နှလုံးခုန်သံနဲ့ လိုရာခရီးကို ရောက်လိုစိတ်တို့က အရှိန်အဟုန်နဲ့ ပြေးလွှားနေခဲ့တာ ကျနော်သာ သိပါတော့တယ်။ လမ်းမကြီးပေါ်မှာ ရွေ့နေတာဟာ ကားကလေးဖြစ်ပေမယ့် ပိုမြန်တဲ့အရှိန်နဲ့ ခုန်နေခဲ့တာက ကျနော့်ရဲ့ နှလုံးခုန်သံပဲ ဖြစ်ပါလိမ့်မယ်။ ဂိတ်စခန်းတခုဖြတ်တိုင်း စစ်ကောင်စီတပ်သားတွေနဲ့ ခင်ခင်မင်မင် နှုတ်ဆက်နေတဲ့ ကားသမားအကိုက ကျနော့်အတွက်တော့ ရည်းစားဦးပြီးရင် ရင်ခုန်အောင် လုပ်နိုင်ဆုံးသူတဦးပဲ ဖြစ်ပါတယ်။

တဖြည်းဖြည်း ခရီးဆက်လာရင်းက စစ်ကောင်စီဂိတ်စခန်းတွေကို ကျော်လွန်ပြီး ကရင်အမျိုးသားအလံနဲ့ ကရင်စစ်သားလေးတွေကို စမြင်လာရတဲ့အချိန် မှာတော့ ကျနော့်ရဲ့စိတ်က အနည်းငယ် သက်သာလာခဲ့ရပါပြီ။ အဲဒီအချိန်မှာပဲ ကားသမားက “ညီလေး အိပ်အိပ်၊ အိပ်ချင်ယောင်ဆောင်လိုက် ရှေ့မှာ ဂိတ်ရှိတယ်“ ဆိုတဲ့ သတိပေးသံကို ကြားလိုက်ရတော့ အရှိန်လျှော့ခါစ ကားကို လီဗာ ချက်ချင်းနင်းလိုက်သကဲ့သို့ လှိုက်ခနဲ ရင်ခုန်သွားရပြန်ပါတယ်။ ကားပြတင်းကနေ သေသေချာချာကြည့်ကြည့်တော့မှ ဂိတ်စခန်းက မှန်ပေမယ့်လို့ ကရင်စစ်တပ်ရဲ့ဂိတ်စခန်းဖြစ်နေပါတော့တယ်။ ကျနော့်အတွက်တော့ နောက်တကြိမ် သက်ပြင်းချခွင့် ရပြန်တာပါပဲ။

ရှေ့အနည်းငယ်လောက် မောင်းပြီးရင်တော့ ကျနော်သွားမယ့် လွတ်မြောက်နယ်မြေတနေရာက ကျနော့်ရဲ့စခန်းဟောင်းကို ရောက်တော့မှာပဲဖြစ်ပါတယ်။ ပါလာတဲ့ကျောပိုးအိတ်နဲ့ အထုပ်အပိုးတွေကို စုရင်း “အကို အကို ဟိုရှေ့က ကရင်အလံထောင်ထားတဲ့ ထမင်းဆိုင်ကျ ကားရပ်ပေးပါဗျ” ဆိုတော့ ကားသမားက ဘာမှန်းမသိတဲ့ မျက်ဝန်းတစုံနဲ့ ကျနော့်ကို ပြန်ကြည့်ပါတယ်။ ပြီးတော့ သူက စကားတခွန်း ပြောလာခဲ့ပါတယ် … “ညီလေး ဒါ ရန်သူ့နယ်မြေနော်” တဲ့ …

ဆံပင်ခပ်တိုတိုနဲ့ အထုပ်အပိုး စားစရာ အခြောက်အခြမ်းတွေအပြင် ခရီးသွားဖို့ ထောက်ခံစာအစုံအလင်နဲ့ အညာသား ကျနော့်ကို ကားသမားအကိုက နယ်ပြောင်းလာတဲ့စစ်သားဖြစ်ဟန်တူလို့ ထင်ပါရဲ့။ သူပြောတဲ့ ရန်သူ့နယ်မြေဆိုတဲ့ဒေသမှာပဲ ကျနော်တို့ဟာ လုံခြုံမှုနဲ့ နွေးထွေးမှုကို အသားထဲ စိမ့်ဝင်သည်အထိ နက်နက် ရှိုင်းရှိုင်း ခံစားရပါတော့တယ်။

၇:၂၆/၁၃၂၅

# ဝတ္ထုတိုကဏ္ဍ




## 'ကြားနေမရှိ' သလို ပြည်မကအမှောင်ညများ လွန်ပါစေ

မြရဲလွင် (ဝေးလွင့်ငှက်)

**အင်း ... နောက်ပြီး သူပြောရှာသေးတယ်။ တိုက်ပွဲထဲရောက်သွားရင်တောင် ဘယ်သူ့ကိုမှ မပစ်ဘူးတဲ့။ သူသေရင်သေပါစေတဲ့ တော်လှန်ရေးဘက်ကသူတွေကို မထိအောင်ပစ်မယ်တဲ့၊**

ပြာသိုလပြည့်ကျော် တရက်နေ့၊ ရှမ်းမြောက်ကိုရောက်နေတဲ့ CDM ကျောင်းဆရာတဦးဟာ လရောင်အောက်က နှင်းမြူတို့ကို ခေါင်းတိုးပြီး ကျနော်ရှိရာအခန်းဆီ ခေါင်းငိုက်စိုက်ချလျက် ဦးတည်ကာ လာနေခဲ့၏။

ထိုသူ၏ ချောင်းဟန့်သံမှာ ပုံမှန်မဟုတ်၊ အဆုပ်ကို အအေးမိထားသည့်ဟန်ရှိသည်။ သူ၏ချောင်းဆိုးသံကို ကျနော် သတိထားမိနေသည်မှာလည်း ကြာခဲ့ပြီ။

ကျနော်နေသေအခန်းသို့ မရောက်မီ သုံးကြိမ်ထက်မနည်း ချောင်းဟန့် လာခဲ့သည်ကို ကြားမိသည်။ အလင်းရောင် မှိန်ပျပျသာရှိနေသော ကျနော့်အခန်းသို့ သူရောက်လာချိန်တွင် သူ့မျက်နှာသည် မကြည်မသာ ဖြစ်နေခဲ့၏။ မာဖလာကို ခေါင်း၌ပတ်ထားသော ထိုဆရာ၏မျက်နှာသည်ကား သာနေသော လနှင့် ဆန့်ကျင်ဘက်အရပ်၌ရှိနေသလို၊ ပြုံတော့မည့် မိုးလို မည်းမှောင်နေခဲ့သည်ကား သူ၏ စိတ်နှလုံး၌ ယူကျုံးမရဖြစ်စေခဲ့သော ကိစ္စတရပ်ကို ချပြလိုသည့်သဘော ရှိနေသည်ကို ကျနော် နားလည်ခဲ့ပါသည်။ ထို့ကြောင့် သူ့ခံစားမှုအချို့ကို နားထောင်ဖို့အတွက် ကျနော် စကားများစွာ အစပြုနေစရာမလိုခဲ့ပါ။ ဘာဖြစ်လာတာလဲ အကို ဟူသော ကျနော့်၏အမေးနောက်တွင်စိတ်ဝင်စားစရာကောင်းပြီး ဝမ်းနည်းဖွယ်ကောင်းသော အကြောင်းအရာတချို့ ထွက်ပေါ်လာခဲ့ပါတော့သည်။

■

သူ၏မျက်မှာပေါ်ဝယ် အလင်းရောင် တချို့ ဖုံးလွှမ်းထားနေသည်။ ဤအလင်းတို့သည်ကား သူငုံ့ကြည့်နေသော သူ၏ ဖုန်း Screen မှဖြစ်၏။ ကျနော်သည်လည်း သူကိုင်ထားသော ဖုန်း Screen ပေါ်ကို ခေါင်းတိုး၍ အသာငုံ့ကြည့်လိုက်မိသည်။

ဖုန်းခေါ်ဆိုမှုမှတ်တမ်းများ၊ ဖုန်းခေါ်ဆိုမှုများအပေါ် တဘက်မှ ပြန်လည်တုန့်ပြန်ထားခြင်းသည်ကား မရှိ။ ဖုန်းနာရီကို သူ တချက်ကြည့်လိုက်ပြီး "ခုချိန်ဆို ဖုန်းကိုင်ဖို့ မလွယ်တော့လို့များလား"

သူ့ကိုယ်သူမေးသောအမေးလား၊ ကျနော့်ကို မေးသောအမေးလား မသဲကွဲပါ။ ဒါကြောင့် မည်သည့်အဖြေမှ မပေးမိဘဲ သူ၏မျက်နှာကိုသာ အသာငေးကြည့်နေလိုက်မိသည်။

ကျနော်ဘယ်ကနေဘယ်လိုစပြီး နားလည်ပေးရမှန်းမသိတဲ့ အဆက်အစပ်မရှိသော စကားအချို့ သူ့နှုတ်မှ စတင်ထွက်ပေါ်လာခဲ့သည်။ "ညီလေးရေ သူ့ကိုတော့ အကိုမှာထားတယ်၊ အင်္ကျီအဖြူဝတ်ထားဖို့၊ အလံအဖြူထောင်ဖို့၊ ဘယ်သူ့ကိုမှ မပစ်ဖို့နဲ့ အခွင့်အရေးရရင် ထွက်ပြေးဖို့၊ အကို့ဆီရောက်အောင် ပြေးလာနိုင်ရင် ပြေးလာဖို့။

ဟူး ... ကျနော် အနည်းငယ်တော့ စိတ်ရှုပ်ထွေးသွားမိသည်။ သူပြောချင်နေတာကို ကျနော် ဂဃနဏ နားမလည်၊ သူ့အကြောင်းကို ကျနော်သိသည်။ ဘာတွေဇာတ်ရှုပ်နေပြန်ပြီလဲဟု ပျစ်ပျစ်နှစ်နှစ် သူ့ကို ကျနော် ပြောလိုက်ချင်သည်။ ကျနော် ရှမ်းမြောက်ကို ရောက်လာခြင်းမှာ သူ၏အကူအညီ များစွာပါဝင်ခဲ့သည်။ ခင်မင်တတ်သော စိတ်ထားကိုလည်း အထင်းသား မြင်ခဲ့ဖူးသည်။

ရှမ်းမြောက်ကို ကျနော်တို့မိသားစု ရောက်လာအောင် ကူညီခဲ့စဉ်က သူနဲ့ကျနော်ဟာ လားလားမှ ခင်မင်ရင်းနှီးခြင်းမရှိခဲ့။ သို့သော် ရှမ်းမြောက်သို့ ကျနော်တို့မိသားစု ရောက်ခဲ့စဉ်တွင် ညီအကိုအရင်းသဖွယ် မှတ်သားပြီး ပေါင်းသင်းခဲ့ကြသည်။ ကျနော်မနှစ်သက်သောအချက်များစွာ သူ့မှာရှိနေသော်လည်း ချစ်ခင်ဖွယ်ကောင်းသော အကျင့်များစွာကလည်း ရှိနေသေး၏။

သူ ဘယ်သူနှင့်ခင်လာပြီး ဘယ့်နှယ်ကြောင့်စိတ်သောကရောက်နေသလဲဟု တွေးမိပြီး ဒေါသ အနည်းငယ်ထွက်မိသည်ကား မှန်ပါ၏။ သို့သော် သူပြောပြနေသည့်စကားကား မဆုံးသေးချေ။ စကစလက်အောက်က စစ်သွေးကြွနေသော စစ်ခွေးနဲ့များ ခင်ခဲ့လေသလားဟု ကျနော်စိုးရိမ်ပူပန်နေမိသည်။ သို့သော် သူသည် CDM ကျောင်းဆရာစစ်စစ်ဖြစ်သည်။ ကျနော် အတွေးမှားခဲ့သည်ကို သူ၏စကားတို့က တဖြည်းဖြည်း ပုံဖော်နေခဲ့လေပြီ။ ည၏အအေးသည်လည်း ပို၍သည်းလာခဲ့သည်။ ကျနော်တို့နှစ်ဦး၏ အသံများသည်လည်း ပတ်ဝန်းကျင်တိတ်ဆိတ်မှုအပေါ် အခြေပြု၍ တိုးလျှလာခဲ့သည်။

■

ညီလေးရေ...အဲဒီကောင်လေးက အကိုတို့ မြို့ကပဲ၊ အရမ်းသဘောကောင်းတယ်၊ ဆံပင် ကျွတ်ရုံမှာ အလုပ်လုပ်တယ်၊ အဲဒီကောင်လေးက လူချစ်လူခင်လည်း အတော်ပေါတယ်၊ အကိုနဲ့ သိနေခဲ့တာလည်း အတော်လေး ကြာနေပါပြီ၊ တကယ့်ကို စိတ်မကောင်း ပါဘူးကွာ။ သူ့အိမ်နဲ့ ဖုန်းဆက်တိုင်း အမြဲ ငိုနေတယ်လို့ ကြားတယ်။

ဟုတ် ... သူက အခု ဘယ်မှာလဲ။

ရှမ်းတောင်မှာ ရောက်နေတယ်ပြောတယ်။ အကို့ဆီကို ရောက်အောင်လာခဲ့ဖို့ လှမ်းပြောတော့ ကျနော် ဘယ်ကိုမှ မသွားတတ်ဘူးတဲ့။ နောက်ပြီး သူအရမ်း ကြောက်နေပုံရတယ်။ အသံကလည်း မကောင်းဘူး၊ ဝမ်းနည်းနေပုံပဲ။ သူ့ဘေးကစစ်သားတချို့နဲ့စကားပြောကြည့်တော့လည်း သူနဲ့ စိတ်သဘောထား တူညီပုံမရဘူးလို့ ကြားတယ်။

ဒါဆို အခု သူဘယ်လိုလုပ်မလဲ၊ သူက ဘယ်မှ မရောက်ဖူးဘူး၊ မသွားတတ်မလာတတ်နဲ့ ဘယ်လိုလုပ်ကြမလဲ။ ပြောလို့သာပြောရသည်၊ ကျနော်ကိုယ်တိုင် လည်း ဒီအသက်အရွယ်ထိ ပြင်ဦးလွင်တောင် ရောက်ဖူးသူမဟုတ်။ ယခု နိုင်ငံရေးကာလမှသာ ရှမ်းမြောက်ကို အဆက်အသွယ်ကောင်းလို့ ရောက်လာခဲ့ဖူးခြင်း ဖြစ်သည်။ ကောင်လေးနေရာ ကိုယ်ချင်းစာမိပါသည်။ ကျနော်သည်သာဆိုလျှင်လည်း ဘယ်လိုများ ထွက်ပြေးရမလဲဟု တွေးနေမိမည်။ ကြောက်စိတ်များလည်း ဝင်ကောင်းဝင်လာနိုင်မည်။ မနှစ်မြို့သောတာဝန်ကို ကြီးလေးစွာ ထမ်းဆောင်နေရသလို ဖြစ်နေသည့်အတွက် စိတ်များ တက်ကြွမည်မဟုတ်ဘဲ ညှိုးငယ်နွမ်းလျနေမည်မှာ ပြေးကြည့်နေစရာမလိုပါ။ တာဝန်ဟုသာ သုံးနှုန်းခဲ့ရသော်လည်း တာဝန်လည်းမဟုတ်ပါ၊ အဓမ္မဖိနှိပ်ခိုင်းစေမှု၊ စစ်ကျွန်ပြုမှု တရပ်သာဖြစ်သည်။

သူ ဘယ်မှရောက်ဖူးတာ မဟုတ်ဘူး ညီ။ အကိုတို့ မြို့လေးထဲမှာပဲ အလုပ်လုပ်ရင်း ကျင်လည်နေတာ။ နောက်ပြီး သူ့အသက်က ၁၈ လောက်ပဲ ရှိဦးမယ်။

သူ့အတွက်နဲ့ သူ့အိမ်ကလည်း အတော်ကလေး ငွေကုန်နေပြီပြောတယ်။ နောက်ပြီး သူတို့က အခြေခံလူတန်းစားတွေ၊ တနေ့လုပ်မှ တနေ့စားရတဲ့ ဘဝတွေ။ ညီလေးရာ … ရွာဘက်မှာရှိတဲ့ ဆံပင်ကျွတ်ရုံမှာ အလုပ်လုပ်နေတဲ့ ဘဝတွေအကြောင်း မင်းသိမှာပါ။ "ဟုတ်" ဟုသာ ကျနော် ပြောလိုက်နိုင်သည်။

■

ပြန်လွတ်လာနိုး ပြန်လွတ်လာနိုးနဲ့ ငွေပေးရတာလည်း များပြီ။ မလွတ်လာတဲ့အဆုံး ရှေ့တန်းမထွက်ရဖို့အရေး ငွေပေးရပြန်တယ်။ ဒါလည်း အဆင်မပြေဘူး။အခု သူက ရှမ်းတောင်တောင်ရောက်လာပြီ။ ကရင်နီဘက်ကို ထပ်သွားရမယ်ပြောတယ်။ ရှမ်းတောင်ကို သူလာတုန်းကဆိုရင် သေနတ်ပေးမထားဘူးတဲ့၊ ကျည်ကာဝတ်ပေးထားတယ်၊ ကျည်ပေးထားတယ်၊ ဒီအတိုင်း လိုက်လာရတယ်လို့ပြောတယ်။ သူ ပေါ်တာအဆွဲခံလိုက်ရတုန်းက အကိုသတင်းကြားတော့ သူ့ဆီကို ဆက်သွယ်ကြည့်သေးတယ်၊ မရဘူး။ နောက်မှအဆက်အသွယ်ပြန်ရတော့ ရှမ်းတောင်ရောက်နေပြီ။ စစ်သင်တန်းတက်နေရတုန်းက ဖုန်းတွေ အသိမ်းခံထားရတာတဲ့၊ နောက် သူတို့ဖုန်းတွေပြန်ရတော့ ဖုန်းထဲမှာ ဘာမှမရှိတော့ဘူးတဲ့။ Reset ချခံလိုက်ရတယ် ထင်တယ်။ ဒီညဆက်သွယ်တော့ မရတော့ဘူးညီ မင်းမြင်တဲ့အတိုင်းပဲ။

အမြဲတမ်းခေါ်နေတော့ သူအဆင်ပြေပါ့မလားဗျာ။ သူ့ဘေးမှာ ဘယ်လိုလူတွေ ရှိနေသလဲဆိုတာ အကိုလည်း သိရတာမဟုတ်ဘူး၊ သတိထားပြီးဆက်သွယ်ဦးဗျာ။ ဒါနဲ့ သူက ဘယ်လိုဖြစ်ပြီး ပါသွားရတာလဲ။

ဆံပင်ကျွတ်ရုံကနေ ညနေပြန်လာတဲ့အခိုက် ဖမ်းခေါ်သွားကြတာတဲ့။ အကို သတင်းကြားကြားခြင်း ဆက်သွယ်ကြည့်တော့ ဆက်သွယ်လို့မရဘူး။ အင်း … နောက်ပြီး သူပြောရှာသေးတယ်။ တိုက်ပွဲထဲရောက်သွားရင်တောင် ဘယ်သူ့ကိုမှ မပစ်ဘူးတဲ့။ သူသေရင်သေပါစေတဲ့ တော်လှန်ရေးဘက်ကသူတွေကို မထိအောင်ပစ်မယ်တဲ့၊ အခုလောလောဆယ်တော့ သူ့ကို သေနတ်ပေးမကိုင်သေးဘူး၊ ကျည်ကာနဲ့ ကျည်တော့ ပေးထားတယ်တဲ့။

အကို ဒီဘက်ကိုခေါ်တာတော့ ဟုတ်ပါပြီ၊ သူမှ ဘယ်လိုလာရမလဲမသိတာ ဘယ်လိုလုပ်မတုန်း။ အကိုလည်း သူ့ကို ပြောပြထားသင့်သလောက် ပြောပြထားပြီးပြီ၊ သူ့အတွက် အကို အရမ်းစိတ်ပူတယ် ညီလေးရယ်။

အဲဒီညက CDM အကို၏ မျက်နှာသည်ကား လုံးဝ သာယာခြင်းမရှိခဲ့။ ကျနော်နှင့် စကားပြောပြီးသည့်နောက်တွင်ကို သူ ဖုန်းထပ်ခေါ်ကြည့်နေသေး၏။ တဘက်မှ ဖုန်းကိုင် ဖြေကြားခြင်းမရှိ၊ ကျနော် အကို့အား ထပ်မခေါ်ဖို့ ဟန့်တားလိုက်ရသည်။ တောက်လျှောက်ကြီး မဆက်နဲ့အကို၊ သူ့အတွက် အန္တရာယ်ရှိဦးမယ်။

ထိုညက ကျနော့်အခန်းတွင် ဧည့်သည်တချို့လည်း ရှိနေသည့်အတွက် ကျနော်တို့ မိသားစုသုံးဦးအိပ်သော ခုတင်တဘက်တွင် ဝင်ရောက်အိပ်ရှာသည်။

ကျနော်သည်ကား အကိုပြောပြခဲ့သော တပိုင်းတစဖြစ်နေသည့် အကြောင်းအရာများကိုတွေးရင်း …

အော် …

အမှောင်ထုအောက်မှာအတိဒုက္ခရောက်နေကြရသော ကျနော်တို့လို ပြည်သူများစွာအကြောင်း တွေးမိရင်း၊ ခေတ်ကောင်းလာတဲ့အချိန် ဒီပြည်ထောင်တွင် နေထိုင်ကြတဲ့ မိသားစုဝင်တွေ စုံစုံညီညီ မရှိနိုင်တော့မည့် ပုံရိပ်တွေ၊ အသက်ကို အလကား ထိုးကျွေးခံလိုက်ရသည့် ကလေးလေးတွေ အာဏာရှင်ဟာ လူထုတစ်စက်ရုံ တည်ထားသည့်အလား အသက်တွေကိုမငဲ့ကွက်၊ မိသားစုဝင်တွေ၏ သောကကို နားမလည် သူ့တွင်သာ ကိုယ်ပိုင်မိသားစုရှိသည်ဟု ခံယူထားပုံရသည်။

မြန်မာပြည်မှာ လူထုတစ်စက်ရုံ ထောင်ထားသည့်သဖွယ် အာဏာရှင်ဟာ ထင်ရာစိုင်းနေပုံ။ ကျနော်တို့တိုင်းထဲက မြို့လေးတမြို့မှာလည်း ပန်းရုံသွားလုပ်တဲ့

ပန်းရန်ဆရာလေးသုံးဦး အဖမ်းခံလိုက်ရတဲ့သတင်းတွေ၊ မင်းဆိုးမင်းညစ်အောက်မှာ ပြည်သူတွေသည်သာ သောကဗရပွနှင့် ခါးကော့အောင် ခံနေကြရရှာသည်။ အာဏာရှင်အတွက် ပြည်သူဆိုတာ မရှိသလို လိုအပ်လာရင် အာဏာအတွက် အားလုံးရဲ့အသက်ကို စတေးဖို့ အဆင်သင့်။

"အရေးတော်ပုံအောင်ပါစေ"

# ကျွန်မယောကျ်ားတော်လှန်ရေးသမား

မောင်သုည(ရှပ်ပုံသားလေး)

”အသက်ဆိုတာ နှမြောသင့်တဲ့နေရာမှာ နှမြောရတယ်၊ မနှမြောသင့်တဲ့နေရာမှာ မနှမြောရဘူး”

ဆရာနိုင်မြန်မာ




အက်ကြောင်းတွေ ဗရပွနဲ့ ပြည့်နက်နေသော ဤနိုင်ငံတော်က နှလုံးသားများကိုတွေးရင်း မလှမြင့် စိတ်မချမ်းမြေ့ဖြစ်နေမိတယ်။

ဟောတွေးရင်းငေးရင်းကိုဖိုးတေ ပြန်လာပြီ၊ ကျောပိုးအိတ်ကို တဲအိမ်ပေါ် ဗြုန်းခနဲ ပစ်ချလိုက်သံကြောင့် မလှမြင့် ထိတ်ခနဲဖြစ်သွားတယ်။ ဒီတခေါက် ကိုဖိုးတေ ရှေ့တန်းကပြန်လာတာ မျက်နှာ မသာမယာနဲ့။

”ဘာဖြစ်လာတာလဲ ကိုဖိုးတေ၊ ရှင် နေမကောင်းဘူးလား”

ကိုဖိုးတေ ဘာမှမတုန့်ပြန်၊ မျက်မှောင်ကုတ်ရင်း ငြိမ်နေတယ်။ မလှမြင့်လည်း အရိပ်အကဲသိသိနဲ့ ဆက်မမေးတော့ဘဲ ကိုဖိုးတေပစ်ချထားတဲ့ ကျောပိုးအိတ်ကိုလှမ်းယူပြီး လျှော်ဖွတ်ရမယ့် အဝတ်အစားတွေ ထုတ်ယူနေတယ်။

ကိုဖိုးတေကတော့ ယူနီဖောင်းတွေ ချွတ်ပုံပြီး သူတို့တဲအိမ် မျက်စောင်းထိုး ဦးမြချစ်တဲအိမ်ကို ထွက်သွားတယ်။ ထမင်းစားဝင်ကလေး သွားမေ့တာ ထင်ပါရဲ့။

ခဏကြာတော့ အိမ်ပေါ်ပြန်ရောက်လာပြီး သေနတ်ကို တိုက်ဆေးဖို့ ဖြုတ်တယ်။ မလှမြင့်က သူ ချွတ်ပုံထားတဲ့ ယူနီဖောင်းကို တပါတည်း လျှော်ဖွတ်ဖို့ သိမ်းယူရင်း -

”ရှင် ထမင်းဆာရင် ဝင်စားနော်၊ ကျမ ထမင်းဝိုင်းပြင်ထားတယ်”

”မင်းက မစားဘူးလား၊ ဘယ်သွားမှာလဲ”

”ဒီမှာ ရှင့်အဝတ်အစားတွေ သွားလျှော်မလို့လေ”

”မင်းက ဘာတွေ အမြန်လိုနေတာလဲ၊ အေးဆေးလုပ်လို့ မရဘူးလား၊ မလျှော်နဲ့ စစ်လည်းမတိုက်တော့ဘူး”

ကိုဖိုးတေ တင်းမာစွာပြောရင်း ပါးစပ်က တတွတ်တွတ် လုပ်နေပြန်တယ်။

”ကိုယ့်ယောကျ်ား တခါတလေ အိမ်လာတာကို ထမင်းအတူစားပြီး နွေးနွေးထွေးထွေးနေမယ် မကြံဘူး”

ကိုဖိုးတေရဲ့အကျင့်ဆိုး အဲဒါပဲ။ မလှမြင့်ကို အခုလိုရစ်နေပြီဆိုရင် သူ အစာမကြေတဲ့ ပြဿနာတခုခု ဖြစ်လာလို့ဆိုတာ မလှမြင့်သိတယ်။

”ကဲပါ ထားတော့၊ အခု ရှင် ဒီမှာ ဘယ်နှစ်ရက်လောက် ကြာမှာလဲ”

”တပတ်လောက် ကြာမယ်ထင်

တယ်၊ ခဲယမ်းသယ်ပြီး ပြန်လာမှ ရှေ့တန်း ပြန်ထွက်ရမှာ”

” ဒါဖြင့်ရင်လည်း ထမင်းအတူ စားကြတာပေါ့၊ လာ ကိုဖိုးတေ”

ကိုဖိုးတေက မလှမြင့်စကားကို ကျေနပ်ဟန်ပြုရင်း သူတက်နေတဲ့ဒေါသ တွေ လျှော့ချပြီး လင်မယားနှစ်ယောက် ထမင်းစားရင်းစကားလက်စုံမြိန်နေတော့ တယ်။

”ယောက်ျားပဲဖြစ်ဖြစ် မိန်းမ ပဲဖြစ်ဖြစ် ယူနီဖောင်းဝတ်လိုက်ပြီဆို ရင် အာဏာပြချင်တဲ့ လူတွေချည်းပဲ ကိုဖိုးတေ။ အဲလိုလူတွေဟာ တာဝန်နဲ့ နေရာကိုလည်း ခွဲခြားပြီးသိနိုင်ဖို့ သူတို့ အတွက် အင်မတန် ခက်ခဲသွားကြတယ်။ ဒီလို အာဏာပြကြလို့လည်း မလိုအပ်ဘဲ တော်လှန်ရေးမှာ ပြဿနာတွေ များလာ တာပေါ့။

ဒါပေမယ့်လည်း ကိုဖိုးတေရယ် တချို့တချို့သော လူတွေကျတော့လည်း တော်လှန်ရေးရဲဘော်တွေဆို မထေမဲ့ မြင် လုပ်ချင်ကြတာလေ။ စစ်အုပ်စုတွေ ဆို တခွန်းမှ ပြန်မပြောရဲကြဘူး။ ဒါက လည်း ကျမတို့ တော်လှန်ရေးရဲဘော် တွေရဲ့ အားနည်းချက်ကြောင့်ပဲ ပြောရမှာ ပေါ့။ တော်လှန်ရေးကို ရှိုးထုတ်ပြီး လူရေး ဟန်ပြချင်စိတ်တွေနဲ့ ဝင်လာတဲ့ ရဲဘော် တချို့က ပြည်သူတွေကို နိုင်ထက်စီးနင်း နဲ့ လေးစားမှုအားနည်းကြတာကိုး။

" ဒါကြောင့်လည်း တချို့ နိုင်ငံရေးသမားတွေက ပြည်တွင်းစစ် ဖြစ်လာရင် အဓိကနစ်နာတာက ပြည် သူတွေလို့ ထအော်နေကြတာလေ။ အဲဒီ စကားကို ကျမ ကတော့ အခုချိန်မှာ လက်မခံပါဘူး။ ပြည်တွင်းစစ်ဖြစ်လာ ရင် ပြည်သူလူထု ဒုက္ခရောက်တယ်၊ နစ်နာတယ်ဆိုတာ မှန်ပါတယ်၊ ဒါပေ မယ့် ပြည်သူလူထု ဒုက္ခရောက်နေလို့ဆို ပြီး ကျမတို့ဘက်က လက်လျှော့ အရှုံးပေး လိုက်တော့ရော အဲဒီဒုက္ခက လွတ်မတဲ့ လား။ စစ်အုပ်စုတွေဘက်ကရော ဆန္ဒ ပြပြည်သူတွေကို မသတ်တော့ပါဘူး၊ မ ညှဥ်းပန်းတော့ပါဘူး၊ မရက်စက်တော့ ပါဘူးဆိုပြီး နှောင်တရမတဲ့လား။ ဘယ် နိုင်ငံရေးသမားတွေက စစ်အုပ်စုကို အာမခံ တာဝန် ယူမလဲ။

"ဝေးသေး ကိုဖိုးတေ၊ ခွေးပါးစပ် က နတ်စကားထွက်တယ်ဆိုတာ အပြင် လောကမှာ တကယ်မရှိပါဘူး။ ရန်သူ က ရန်သူပီသစွာ ရန်မူနေတာကို ကျမ တို့ပြည်သူတွေက မတော်လှန်ဘဲ ငုံ့ခံ ပြီး ငရဲတွင်းထဲမှာ ပျော်ရမှာလား။ ဒါကို တချို့နိုင်ငံရေးသမားတွေက ကျမတို့ကို ပြည်တွင်းစစ် ဖန်တည်းနေကြတယ်လို့ ထအော်ကြတယ်။ ဒီမှာ ကိုဖိုးတေ ကျ မတို့က ပြည်တွင်းစစ်ကို ဖန်တီးနေတာ မဟုတ်ဘူး၊ မတရားမှုကို ငုံ့မခံဘဲ တုံ့ပြန် ရင်း ပြည်တွင်းစစ်ဆိုတဲ့ ကန့်လန့်ကာ နောက်က မင်းသားတွေဖြစ်လာတာ။

"အမှန်တကယ်ဆိုရင် အဲဒါကို ပြည်တွင်းစစ်ရယ်လို့တောင် ခေါ်ချင် စရာမကောင်းဘူးလို့ ကျမထင်တယ်။ ဘာကြောင့်လဲ ရှင်စဥ်းစားကြည့်လေ။ ပြည်သူလူထုတဦးတယောက်ခြင်းစီတိုင်း က သူ့တို့ လွတ်လပ်ငြိမ်းချမ်းဖို့အတွက် သူတို့ကိုယ်တိုင် တိုက်ပွဲဝင်နေကြတာပဲရှိ တယ်။ ဒါကို ပြည်တွင်းစစ်ကို ဖန်တည်း နေကြတယ်၊သူပုန်ထနေကြတယ်လို့ပြော ရင် 'ရှင်တို့ကရော ကိုယ့်ဘဝ လွတ်လပ် ငြိမ်းချမ်းဖို့ သူတို့လို အသက်နဲ့ဘဝ ထပ် ပြီး တိုက်ပွဲဝင်ဖူးလား၊ ဝင်ရော ဝင်ရဲတဲ့ သတ္တိ ရှိရဲ့လား၊ တနေ့ သူများ အသက်၊ သွေး၊ ချွေးတွေနဲ့ လောင်းကြေးထပ် တိုက် ယူလာတဲ့ အောင်ပွဲကို ရှင်တို့ ဘယ်လို လိပ်ပြာနဲ့ ဒီနိုင်ငံမှာ နေပျော်ကြမလဲ' လို့ ကျမ ပြန်မေးမိမှာပဲ။ "အမှန်တိုင်း ဆိုရရင် ကိုဖိုးတေရယ် … ဒီတော်လှန်ရေး မှာ လက်နက်ကိုင်လမ်းစဥ်ကို မလွှဲသာမ ရှောင်သာလို့ နွှံခဲ့ရတဲ့ လူတွေချည်းပါပဲ။ လောကမှာ ကိုယ့်အသက် ကိုယ့်ဘဝကို မချစ်တဲ့လူရယ်လို့ ဘယ်သူရှိလို့လဲ။ အေ ဒီလိုပဲပေါ့၊ ဆရာနိုင်မြန်မာပြောသလိုပဲ။ 'အသက်ဆိုတာ နှမြောသင့်တဲ့နေရာမှာ နှမြောရတယ်၊ မနှမြောသင့်တဲ့နေရာမှာ မနှမြောရဘူး” တဲ့။

"ကျမတို့ အခုချိန်မှာ ဒီ လောက်လေးမှ မပြတ်သားရင် သူတို့ အလိုမကျတိုင်း အာဏာသိမ်းမယ်၊ ဆန္ဒ ပြတဲ့ပြည်သူတွေကို ဖမ်းမယ်၊ ညှဥ်းပန်း နှိပ်စက်မယ်၊ ထောင်ချမယ်၊ တော်လှန် ပုန်ကန်တယ်ဆိုပြီး သတ်ဖြတ်ချင်တိုင်း သတ်ဖြတ်မယ်။ ကြာလာရင် ဒါကြီးက ဥပဒေတရပ်အဖြစ်တောင် လုပ်ကြဦးမှာ။ ကမ္ဘာမှာ ဘယ်တော်လှန်ရေးမှ ပြည်သူမ နာတဲ့နည်းရယ်လို့ မရှိပါဘူး ကိုဖိုးတေ။

"ရှင် စိတ်မလျှော့ပါနဲ့ ကိုဖိုးတေ၊ ဒီတော်လှန်ရေးမှာ အာဏာမရူးတတ်တဲ့ ကောင်တွေက အာဏာထရူးတာဟာ သူ တို့သေတွင်း သူတို့နေချင်သလောက် တူး တာထက် ဘာမှမပေါ်လာပါဘူး။ ပြီးတော့ ကျမအနေနဲ့ ဒီတော်လှန်ရေးထဲမှာ ပါဝင် နေတာကိုလည်း အထူးတလည် ဂုဏ်ယူ

ပြောစရာ အကြောင်းမရှိဘူး။

ဒီနိုင်ငံမှာ တော်လှန်ရေးထဲ ပါဝင်နေတဲ့လူဆိုတာ လက်ညှိုးထိုးလို့မှ မလွဲတာ။ ကျမကလေ ကျမယောကျ်ား တော်လှန်ရေးသမားက ဒီတော်လှန်ရေးမှာဘယ်လောက်ထိပါဝင်နေတယ်ဆိုတာထက် ဘယ်လောက်ထိရိုးသားဖြောင့်မတ်စွာ ပါဝင်နေသလဲဆိုတာပဲ ဂုဏ်ယူချင်တယ် သိလား ကိုဖိုးတေ”

မလှမြင့်စကားကြောင့် ဖိုးတေ စိတ်သက်သာရာရခဲ့ပေမယ့် သူစားထားတဲ့ ထမင်းတွေ ဘယ်နားရောက်သွားမှန်း မသိ ဖြစ်နေတော့ ထမင်းတပန်းကန် ထပ်ယူပြီး ငါးခုံးမကြော်ကလေး ထည့်စားရင်း ကိုဖိုးတေ အတွေးနယ်ချဲ့နေမိတော့တယ်။

”ကျုပ်မိန်းမက ဒီတော်လှန်ရေးမှာ ဘယ်လောက်ထိ ပါဝင်နေတယ်ဆိုတာကို ဂုဏ်မယူဘူးတဲ့၊ ဘယ်လောက်ထိ ရိုးသားဖြောင့်မတ်စွာ ပါဝင်နေတယ်ဆိုတာပဲ ဂုဏ်ယူသတဲ့”

ဖယောင်းတိုင်မီးက မလှမြင့်တို့တဲအိမ်ထဲမှာ မှိန်ပျပျ လင်းနေတယ်။ တဲအိမ်ထဲက မှိန်ပျပျအလင်းရောင်ကလည်း အပြင်အမှောင်ကို ထိုးထွင်းနေတယ်။

”ဖိုးတေရေ … ဖိုးတေ”

ဦးမြချစ် ကိုဖိုးတေနာမည်ကိုခေါ်ပြီး တက်လာတယ်။

”အိပ်နေကြပြီလား”

”မအိပ်သေးပါဘူး ဦးမြချစ်ရယ်၊ လင်မယားနှစ်ယောက် တောင်ပြောမြောက်ပြောနဲ့ ထိုင်နေကြတာပါ”

မလှမြင့်က လက်ဘက်ရည်ထုပ်နဲ့ ရေပူရေချမ်းကမ်းပေးရင်း သုံးယောက်သား စကားစပ်မိနေပြန်တယ်။

”ဒီကာလတွေမှာ ငါမြင်သမျှလူတွေအားလုံးက စိတ်ဒဏ်ရာတွေနဲ့ ဖိအားများနေတဲ့ လူတွေချည်းပါပဲ။ ငါတို့ တော်လှန်ရေးသမားတွေက ဒီလိုဖိအားများနေတဲ့ ပြည်သူတွေကို ထပ်ပြီး စိတ်ဒဏ်ရာမရအောင် မလုပ်မိဖို့ သတိထားရမယ်”

ဦးမြချစ်စကား မလှမြင့် လက်ခံပေမယ့် အတွေးထဲမှာ ပြန်ပြောဖို့စကားက အသင့်ရှိနေတယ်။

”ဟုတ်ပါတယ် ဦးမြချစ်ရယ်၊ စိတ်ဒဏ်ဆိုတာကလည်း ခံစားနေရုံနဲ့ မပျောက်ပါဘူး။ ရုန်းထွက်နိုင်ဖို့ ကြိုးစားမှ ပျောက်တာမဟုတ်လား”

”မှန်တာပေါ့ကွယ်၊ ဒါပေမယ့်လည်း အမှောင်က အမှောင်ကို မောင်းထုတ်မပစ်နိုင်ပါဘူး၊ အလင်းကသာ အမှောင်ကို မောင်းထုတ်ပစ်နိုင်တယ်လို့ မာတင်လူသာကင်း ဂျူနီယာက ပြောဖူးတယ်ကွဲ့”

ဦးမြချစ်က ၁၉၈၈ ကာလအလွန်နိုင်ငံရေးသမားပီပီ ပြောနေတယ်။ ဒီတော်လှန်ရေးနယ်မြေထဲကိုတော့သူ့သားတွေရဲ့ ကောင်းမှုကြောင့် ရောက်လာရခြင်းပါ။

”အမှောင်ကို အလင်းနဲ့မောင်းထုတ်ဖို့ လက်နက်ကိုင်ပြီး အလင်းဆောင်ရတဲ့ အလင်းက အခက်ခဲဆုံးဖြစ်မလား ဦးမြချစ်”

”ဆိုပါတော့ကွယ်၊ အလင်းတပေါက်က အမှောင်ထုထဲ တိုးဝင်ဖို့ဆိုတာ ဘယ်လွယ်မလဲ၊ ဒါပေမယ့်လည်း အဲဒီ အလင်းတစက်ကပဲ တနိုင်ငံလုံးကို ဆောင်ကျဥ်းပေးနိုင်မှာလေ”

ဒီလိုနဲ့ ဦးမြချစ်လည်း သူ့အတွေး သူ့အမြင်တွေကို ကိုဖိုးတေတို့လင်မယားကို ပြောပြီး အလင်းစက်တို့ ဖောက်ထွင်းနေတဲ့ အမှောင်ကနေ သူ့တဲအိမ်ကလေးဆီ ပြန်သွားတယ်။

ကိုဖိုးတေနဲ့မလှမြင့်တို့လည်း တော်လှန်ရေးရဲ့လှိုင်းဂယက်ထဲက တနယ်တကျေးမှာရှိတဲ့ သားသမီးတွေအကြောင်းပြောရင်း နွေးထွေးတဲ့ မိသားစုအသိုက်အမြုံကို လေထဲ ဆောက်နေမိတော့တယ်။

အဲဒီနောက် မလှမြင့်က ယောကျ်ား ပီသလှတဲ့ သူ့ယောကျ်ားလက်မောင်းပေါ် အိပ်စက်ရင်း ကုန်လုနီးပါးဖြစ်နေတဲ့ ဖယောင်းတိုင်ကို ဖူးခနဲမှုတ်သတ်ပြီး သာယာငြိမ်းချမ်းသော တော်လှန်နွေသစ်ဆီကို ခရီးဆက်ရင်း …။

31/1/2025

# ဟာသကဏ္ဍ




## အလုပ်အကိုင်

လင်းထင် (စစ်ရေးဌာန)

တော်လှန်ရေးအစောပိုင်းကာလ တုန်းက တနင်္သာရီမြို့နယ်၏ တောတွင်း တနေရာ၌ ကျွန်ုပ်နှင့် ရဲဘော်များ ဝိုင်းဖွဲ့ ထမင်းစားနေစဉ်

ရဲဘော်တယောက်က

"ဆရာ..ကျွန်တော်တို့က ဆရာ့ကို ယုံကြည်ပြီး လိုက်လာတာ။ အခု အလုပ်လည်းမရှိတော့ဘူး။ တော်လှန်ရေး ပြီးရင် ဘာအလုပ် လုပ်ရမှန်း မသိတော့ဘူး" ဟု ပြောလေသည်။

သူ့စကားကြောင့် ကျွန်ုပ်မှာ စိတ်မကောင်းဖြစ်သွားသော်လည်း ရဲဘော်များ စိတ်ဓာတ်မကျအောင် အားပေးစကား ပြောရလေတော့သည်။

"စိတ်မပူပါနဲ့ကွာ။ တော်လှန်ရေး ပြီးရင် ငါတို့..."

"ဟုတ် ဆရာ"

"အတူတူ စာအုပ် ရောင်းကြတာပေါ့ကွာ" ဟု အတိတ်ကာလ စစ်မှုထမ်းဟောင်းများကို မြင်ယောင်ရင်း မိန့်မိန့်ကြီး ဖြေကြားပေးလိုက်လေသတည်း။

# စစ်လက်နက်ကဏ္ဍ



## အော်တိုဂျိုင်ရို (သို့) ဂျိုင်ရိုကော်ပတာ

ရဲဘော်အာကြီး

စစ်ကောင်စီကလက်ရှိအသုံးပြုနေတဲ့ စက်တပ်လေထီးပါရာမော်တာအပြင် လေပြင်းတိုက်ခတ်မှုနဲ့ ရာသီဥတုဆိုးရွားမှုဒဏ်ကို အထိုက်အသင့်ခံနိုင်ရည်ရှိတဲ့ ဂျိုင်ရိုကော်ပတာများကို အသုံးပြုလာနိုင်တာကို တွေ့ရပါတယ်။ အော်တိုဂျိုင်ရို ဂျိုင်ရိုကော်ပတာဟာ ရဟတ်ယာဉ်ရဲ့ ရှေးအကျဆုံးပုံစံဖြစ်ပြီး ဟယ်လီကော်ပတာတွေရဲ့ ကနဦးမျိုးဆက်ဖြစ်ပါတယ်။ အော်တိုဂျိုင်ရိုကို ၁၉၂၀ ပြည့်နှစ်တွေမှာ စတင်တီထွင်ဖန်တီးခဲ့ပြီး စစ်ရေးရည်ရွယ်ချက်တွေအတွက် ခဏတာအသုံးပြုခဲ့ပြီး ဒုတိယကမ္ဘာစစ် အတွင်းမှာလည်း အသုံးပြုခဲ့ကြပါတယ်။ လက်နက်ကြီးရှိရာနေရာတွေကို လေ့လာတာ၊ ပစ်မှတ်ရှာ ဖွေတာ၊ ကင်းထောက်တာ၊ ကင်းလှည့်တာတွေအတွက် နိုင်ငံအများအပြားက အသုံးပြုခဲ့ကြ ပါတယ်။ ခေတ်မီရဟတ်ယာဉ်တွေ မပေါ်ခင်က စစ်တပ်တွေဟာ ဒုတိယကမ္ဘာစစ်မတိုင်ခင်အထိ အသုံးပြုခဲ့ကြပါတယ်။ ဟယ်လီကော်ပတာတွေပေါ်လာပြီးနောက်မှာတော့ အော်တိုဂျိုင်ရို၊ ဂျိုင်ရိုကော်ပတာတွေ အစား ဟယ်လီကော်ပတာတွေကိုပဲ အစားထိုးအသုံးပြုခဲ့ကြပါတယ်။ တချို့သော အော်တိုဂျိုင်ရိုတွေဟာ ဒေါင်လိုက်အတက်အဆင်းလုပ်လို့ရပါတယ်။ ဒါပေမယ့် အများစုကတော့ မရပါဘူး။ အော်တိုဂျိုင်ရိုနဲ့ ရဟတ်ယာဉ်တွေကြားမတူတဲ့ အချက်တွေရှိပါတယ်။ အော်တိုဂျိုင်ရိုတွေဟာ ပန်ကာဒလက်တွေကို အသုံးပြုတာဖြစ်လို့ ရဟတ်ယာဉ်တွေနဲ့ ဆင်တူတယ်လို့ ထင်ရပါတယ်။ ဦးခေါင်းအထက်မှာ ပန်ကာပါပေမယ့် ဒေါင်လိုက်အတက်အဆင်းလုပ်တာ၊ လေထဲမှာ ရပ်တန့်တာတွေလုပ်လို့မရပါဘူး။ ဒါကြောင့်လေယာဉ်ပြေးလမ်းလိုအပ်ပေမယ့် တောင်ပံတပ်လေယာဉ်တွေလောက်တော့ ပြေးလမ်းရှည်မလိုအပ်ပါဘူး။ ဂျိုင်ရိုကော်ပတာတွေဟာ တောင်ပံတပ်လေယာဉ်တွေ၊ ရဟတ်ယာဉ်တွေနဲ့ ဆင်တူပေမယ့် ရဟတ်ယာဉ်အဖြစ်ရော၊ လေယာဉ်အဖြစ်ရော သတ်မှတ်လို့မရပါဘူး။

### အားသာချက်

- တောင်ပံတပ်လေယာဉ်တွေလောက် ပြေးလမ်းရှည်မလိုအပ်ဘဲ အတက်အဆင်း ပြုလုပ်နိုင်ပါတယ်။
- ပုံမှန်လေယာဉ်တွေထက် နှေးတဲ့အမြန်နှုန်းနဲ့ ပျံဝဲလို့ရပါတယ်။
- လေတိုက်နှုန်းလုံးဝမရှိဘူးဆိုရင်တောင် အလိုလိုလည်ပြီး ဖြည်းဖြည်းချင်း အောက်ကျလာတာ ဖြစ်ပါတယ်။
- ဖြည်းဖြည်းချင်းပျံသန်းနိုင်တာကြောင့် ရှုခင်းကြည့်တာ၊ ကင်းထောက်တာတွေကို အေးဆေး ပြုလုပ်နိုင်ပါတယ်။
- ချိုးကွေ့ဖို့ နေရာအကျယ်ကြီးမလိုအပ်ဘဲ ၃၆၀ ဒီဂရီလှည့်ပါတ်နိုင်ပါတယ်။
- ဖွဲ့စည်းတည်ဆောက်ပုံရိုးရှင်းပြီး ကုန်ကျစရိတ်သက်သာပါတယ်။

### အားနည်းချက်

- ဖွဲ့စည်းတည်ဆောက်ပုံကြောင့် အလေးချိန်အများကြီး သယ်ဆောင်နိုင်ခြင်း မရှိပါဘူး။
- လေပေါ်မှာ ရပ်တန့်တာ ဒေါင်လိုက်အတက်အဆင်းလုပ်တာတွေ လုပ်လို့ မရပါဘူး။

မက်ဆီ ၊ ဒိုလေးတို့ ညအိပ်နေတုန်း ဆိုရင်တောင် သူတို့မျက်လုံးတွေထဲမှာ ဘောလုံးကို သယ်ရင်း စိတ်ကူးနဲ့ ပြေးလွှားနေဦးမယ် ထင်ပါတယ်။ ကမ္ဘာကျော်တဲ့ လူတွေအကြောင်းကို မြင်ရတိုင်း သူများထက် ပိုလွန်နေတဲ့ Passion တွေ အာရုံစူးစိုက်မှုတွေက သူတို့အားသန်ရာ ကဏ္ဍအလိုက် ထင်ရှားနေတာကို ကွဲပြားစွာ မြင်တွေ့ရနိုင်စေတယ်။ ဒါကြောင့်လည်း ဖြေးဖြေးချင်းနဲ့ ဒီလိုလူတွေ သန်းပေါင်းများစွာသော လူတွေအကြားမှာ ထင်ပေါ်ကြော်ကြားလာတာဟာ အဆန်းမဟုတ်။

ဒီတော့ သူများထက် ပိုမိုထူးချွန်တဲ့သူ ၊ အများတကာအပေါ်ကို လွှမ်းမိုးနိုင်စွမ်း ရှိကြတဲ့သူတွေကို ရှုမြင်ရတိုင်း အားကျမိကြတယ် ။ သူတို့လိုဖြစ်ချင်လိုက်တာ ဆိုပြီး စိတ်ကူးယဉ်မိကြတယ်။ ရောဘတ်ကြတော့ ရူပဗေဒအတွက် သက်သက် လူဖြစ်လာတဲ့ သူလို့ပဲ သတ်မှတ်ရမလား မသိ။ ခေတ်က တောင်းဆိုလာတဲ့အခါမှာ အလွန်အင်မတန်မှ ယုတ်ညံ့တဲ့သူ ၊ အလွန်အင်မတန်မှ ထူးချွန်ထက်မြက်တဲ့သူဆိုတာ ပေါ်လာစမြဲပဲတဲ့။ ရောဘတ်တို့ လူလားမြောက်ရတဲ့ ခေတ်ကာလမှာ ကပ်ကမ္ဘာရဲ့ အကြီးအကျယ်ဆုံးတောင်းဆိုခံရမှုတွေနဲ့ ကြုံရတယ်။ ဘာလို့ဆိုတော့ အလွန်အင်မတန်မှ ယုတ်မာရက်စက်တဲ့ ဟစ်တလာလို လူတွေလည်း ပေါ်ပေါက်လာတာမို့လို့လေ။

# စစ်ရုပ်ရှင်အညွှန်းကဏ္ဍ




## မီးကိုပျိုးခဲ့သူ

ညီလင်းအိမ်

ရောဘတ်မှာ အိပ်ပြီဆိုလည်း သူ့ဦးနှောက်ထဲမှာ သီအိုရီတွေ ၊ အက်တမ်တွေရဲ့ ကွဲကြေအလင်းဖြာမှုတွေက ဝင်းလဲ့တောက်ပနေတယ်။ သူဟာ အဲဒီကာလတုန်းကတော့ ခေတ်ရဲ့တောင်းဆိုမှုအရ ပေါ်ထွက်လာစေမဲ့ ဟီးရိုးတယောက် ၊ သူနားလည်ဖော်ထုတ်နိုင်တဲ့ ဆင့်ပွားနိယာမအသစ်သဏ္ဍာန်တွေဟာ လူသားကမ္ဘာကြီးအတွက် ကောင်းကျိုးပေးစေနိုင်မယ့် ပညာရပ်တွေ့ရှိမှု စလို့ သတ်မှတ်မိလိမ့်မယ်။ သူရဲ့ထူးချွန်ထက်မြက်မှုတွေကလည်း မြင်ရတဲ့သူတွေတောင် လူလူချင်းအတူတူ ဒီလူက ဘာတွေများစားထားလို့ စောင်ရမ်းတော်လွန်းနေရတာလဲ ဆိုတဲ့ သိမ်ငယ်စိတ်တွေ ဝင်မိမတတ်ကို ဉာဏ်စွမ်းရည်ရော ၊ တွေးခေါ်မြော်မြင်မှုပိုင်းမှာရော အံ့အားသင့်ဖွယ် ကောင်းလွန်းလှပါတယ်။

သို့ပေတဲ့လည်း ရောဘတ်ဟာ လူကလူပဲမဟုတ်လား။ ပညာရပ်ပိုင်းမှာ တော်သလောက် မြာပွေသူ ၊ အမေရိကရဲ့ ပွိုင်ဆင်ဖြစ်တဲ့ ကွန်မြူနစ်စနစ်ကို ထောက်ခံသူ စသဖြင့် အငြင်းပွားဖွယ်ရာ ပါဆင်နယ် ပြဿနာတွေလည်း ရှိတယ်။ ဘယ်လိုပဲဖြစ်ပါစေ။ ရောဘတ်က ဘုရားမဟုတ်။ တန်ခိုးရှင် သူတော်စင်လည်း မဟုတ်ဘူးမလား။ သူ့အကြောင်းကို ရှု့မြင်ကြရမှုမှာ အဓိက စကားပြောသွားတာ ခံယူမှုအပိုင်းပါပဲ။ ကုံလုံစေတဲ့အထိ ဆိုလိုက်ကြပါစို့ ။ သူ့အနေနဲ့ အဏုမြူဗုံး ကွဲသွားလို့ လူတွေသေတာ မသေတာ သူနဲ့ ဘာဆိုင်သလဲ ၊ ဒါက ကိုယ့်နိုင်ငံက လူတွေ ထပ်မသေအောင် ကာကွယ်လိုက်မှု သက်သက်သာဖြစ်တယ် အစရှိသဖြင့် ခံယူတတ်ရင် ဘာမှဖြစ်နေစရာ အကြောင်း မရှိတော့ ။

ခက်တာက ရောဘတ်က ဓာတ်ခွဲခန်းမှာပဲ ဓာတ်ပြုပြီး ကြီးပြင်းလာတဲ့ သတ္တဝါ မဟုတ်။ သူ့မှာ လူသားတယောက်ရဲ့ ရည်မွန်တဲ့အသိတွေ ၊ လေ့လာသင်ယူခဲ့ရတဲ့ သိပ္ပံပညာရပ်ရဲ့ အကျိုးအပြစ်နဲ့ ကျင့်ဝတ်တွေကိုပါ လက်ခံကျင့်သုံးနေတဲ့ နှလုံးရည်ပါပြည့်ဝတဲ့ လူသားတယောက် ဖြစ်နေခဲ့တာ။ သူ့အနေနဲ့ ငယ်ရွယ်သူ

ပီပီ အစဉ်တစိုက် တွေးခေါ်မြုပ်နှံခဲ့တဲ့ ပညာရပ်ကို လက်တွေ့နယ်ပယ်မှာ ထည့်ဝင်တည်ဆောက်နိုင်ခဲ့လို့ လေ့လာသင်ယူခဲ့သမျှ အထမြောက်ခဲ့ပြီဆိုပြီး ဖြေသာကောင်း ဖြေသာမိခဲ့လိမ့်မယ်။

ရောဘတ်ဘဝလမ်းက သဲပြင်ဆင်သွားသလို ထင်ရှားလာတဲ့အခါမှာ ကျနော်တို့ အားကျမျှော်ငေးမိတဲ့ အနေအထားတရပ် မဟုတ်ဘဲ ကြောက်မက်ဖွယ်ရာ ဘဝလမ်းကြီးထဲကို ခုန်ဆင်းမိသူအဖြစ် သိမြင်လာစေတယ်။ သူ့ကို အစဉ်တစိုက် ငေးကြည့်မိရင်း ပျော်ရွှင်မိသွားတဲ့ အချိန်ကာလကလေးကို ဘယ်နေရာမှာများ တွေ့လိုက်မိသလဲ။

"ပရိုမီးသီးယပ်စ်က နတ်ဘုရားဆီများက မီးကိုခိုးယူပြီး လူသားတွေထံကို ပေးအပ်ခဲ့တယ်။ အဲဒီအတွက် သူဟာ ထာဝရတိုင်အောင် ကျောက်ဆောင်တခုမှာ ချည်နှောင်နှိပ်စက်ခြင်းကို ခံခဲ့ရတယ်"

အကျိုးဖြစ်ထွန်းစေဖို့လို့ ရည်ရွယ်ခဲ့မိသမျှဟာ ပျက်စီးစေဖို့ သက်သက်သာ ဖြစ်တယ်ဆိုတာကို သိသွားခဲ့တော့ ညစ်နွမ်းသွားပြီ ဖြစ်တဲ့ ဒီစိတ်ကိုယ်အစုံကို ဘာနဲ့များ တိုက်ချွတ်ရတော့မှာလဲ။ ခင်ဗျားက အမေရိကန်သားတွေကို အိမ်ပြန်စေခဲ့တဲ့သူ၊ ဒီအရာကြီးကို ရပ်တန့်အောင် လုပ်စေခဲ့တဲ့ တဦးတည်းသော ငြိမ်းချမ်းရေး ပုဂ္ဂိုလ်ကြီးတဲ့။ သူ့ခများမှာတော့ လက်ခုပ်သံတွေဟာ နားဝမှာ အက်တမ်ဗုံးကွဲသံကြီးလို မြည်ဟီးထနေတယ်လို့ ထင်လာတယ်။ ရယ်သံတွေက ငရဲသားများရဲ့ လှောင်ပြောင်ကဲ့ရဲ့တဲ့ တုန့်ပြန်သံတွေလိုမျိုး ခံစားလာမိစေတယ်။ ဒီအရာတွေအတွက် ခင်ဗျားတို့တွေ၊ သူတို့တွေက ချီးမွမ်းနေမိသလောက် လက်ခုပ်တီးသြဘာပေးမဲ့ ဘယ်ဘုရားကများ သူရှိနေရာကမ္ဘာထဲကို ရောက်လာဦးတော့ ပါ့မလဲ။

အမေရိကန်ပြည်သားတွေ အိမ်ပြန်လာနိုင်ခဲ့ပြီ ဆိုပေမဲ့ ဟိုအခြားတဖက်က စစ်ဆိုတာ ဘာမှန်းမသိ ၊ ဘာဖြစ်လို့ ဒီလိုဖြစ်ရတယ်ဆိုတာ မသိဘဲ လောင်ကျွမ်း ပျောက်ကွယ်သွားတဲ့ပြာမှုန်များအတွက် ၊ မီးသွေးခဲများကဲ့သို့ မည်းနက်ကြွင်းကျန်ရစ်သွားတဲ့ ဂျပန်လူမျိုးတွေ ၊ အပြစ်မဲ့ လူသားတွေအတွက်ရော တရားမျှတမှုက ဘယ်မှာတဲ့လဲ။ ဒီလို အားကြီးတဲ့ အရာကြီးတခုနဲ့ ပိပြားပစ်လိုက်တာနဲ့ လူ့ကမ္ဘာက ထာဝရငြိမ်းချမ်းသွားရတော့မယ် ဆိုတဲ့ မှတ်ချက်ကရော ဘာတခုမှ မဟုတ်မှန်နေဘူး ဆိုတာကို သူသိပြီးချိန်မှာ ဒီအရာတွေအတွက် လက်ခံ စတေးပေးဖို့ပဲ တတ်နိုင်တော့တာ မဟုတ်လား။

တပါးသူကို အဆုံးစွန် လောင်ကျွမ်းမိစေတဲ့ သူ့အတွက် အကောင်းဆုံး တန်ပြန်ကလည်း သူ့အဆုတ်တွေကို လောင်ကျွမ်းပစ်စေတာပဲ လို့ မှတ်ယူလိုက်လေရော့သလား မသိ။ အဲဒီကနေ စီးကရက်တွေကို အလွန်အကျွံ သုံးစွဲရှိုက်ဖွာပစ်ခဲ့တယ်။ သေတော့လည်း လည်ချောင်းကင်ဆာနဲ့ပဲ အဆိုးဝါးဆုံး ဝေဒနာနဲ့ သူ့ကိုယ်သူ ဒဏ်ခတ်ပစ်လိုက်တဲ့ပုံ။

အမေရိကန်အာဏာပိုင်တွေ သဘောမကျမှာကို သိသိရက်နဲ့ ဝင်သျှိုခဲ့မိတဲ့ သူ့လက်ဖဝါးတွေ ။ စွန်းပေနေတဲ့ သွေးများအတွက် ထပ်မံနီရဲမလာစေဖို့ တတ်နိုင်တဲ့ဘက်ကနေ ဆက်လက်လုပ်ဆောင်ခဲ့ပါတယ်။ ဘာတွေလဲဆိုတော့ ခေတ်သစ်သိပ္ပံ နိယာမရဲ့ အကျိုးကနေ အပြစ်တွေ ဖြစ်မလာအောင်



တားဆီးကြဖို့ ၊ ထိန်းသိမ်းကြဖို့ ။ နိုင်ငံချင်း အားပြိုင်ချင်ကြတဲ့ အဓိပ္ပါယ်မဲ့ လူသားမျိုးနွယ် အညွန့်တုံးရမယ့် အရေးမှာ မပါဝင်ကြမိစေဖို့ ၊ ဒါတွေကလည်း အရာထင်ဖို့ မလွယ်ကူဘူးဆိုတာကို သိသိရက်နဲ့ ကြိုးပမ်းနေမိလေတယ်။

ရယ်ချင်စရာတော့ အကောင်းသား။ သူ့ဘဝဇာတ်ကြောင်းထဲမှာ ကြံဖန်ကောက်ချက်ဆွဲပစ်လိုက်တယ်ပဲ ဆိုဆို ကျနော်တို့ဆီက မအလလို စိတ်ဓာတ်နဲ့ ဇာတ်ဆောင်တွေကိုက ကြုံရသေးတယ်။ လူတယောက်ရဲ့ သိမ်ငယ်စိတ်က ဘယ်လောက်အထိ ကြောက်မက်ဖွယ်ကောင်းသလဲ ဆိုတာ လက်ရှိ ကျနော်တို့ကြုံနေရတဲ့ အဖြစ်အပျက် သက်သေပဲ။ သူလုပ်လို့ရတယ် ။ လုပ်ပစ်လိုက်တော့မင်းတို့တွေ ဘာတတ်နိုင်သေးလဲ ဆိုတဲ့ အမြုံစိတ်တွေ ၊ မိုက်ရူးရဲဆန်မှုတွေကနေ လက်ရှိမှာ လူ့အသိုက်အမြုံပေါင်းများစွာဟာ ပျက်စီး ဒုက္ခရောက်ခဲ့ရပြီးပြီ။

Lewis Strauss လို လူစားကလည်း သူ့ကို အိုင်စတိုင်းတို့ ၊ ရောဘတ်တို့က အဖတ်မတန်သလို ဆက်ဆံခံရလို့ ရှက်တယ် နာကျည်းတယ်ဆိုတဲ့ စိတ်အပူကြီးနဲ့ ရောဘတ်ကို တိုက်ခိုက်တာက ရယ်ချင်စရာလည်း ကောင်းတယ်။ ရောဘတ်လို လူမျိုးက သူတို့ပြုမူမဲ့ အနေအထားတွေ ၊ သူ့ရဲ့ သိက္ခာနဲ့ ကိုယ်ကျင့်တရားတွေကို တပြားမှ မကျန်အောင် ဖဲ့ခြွေတိုက်ခိုက်မယ် ဆိုတာကိုလည်း မသိဘဲ နေပါ့မလား။ ဒါပေမဲ့လည်း အဲဒီ မီးကျင်းထဲကို ခေါင်းငုံ့ပြီးပဲ တိုးဝင်ပစ်ခဲ့တယ်။

မြင်နေရသမျှမှာ မီးတောက်တွေ ၊ မျက်ကြည်လွှာတွေကိုပါ တမုဟုတ်ချင်း အရည်ပျော်သွားစေမဲ့ အလင်းတန်းတွေ ၊ သိကြားမင်း ပိုင်သတယ်ဆိုတဲ့ ဝရဇိန်လက်နက်ကို ဒီ စုတ်ပြတ်ယုတ်မာတဲ့ လူ့အသင်းအပင်းတွေရဲ့ လက်ထဲကို ပစ်ချပေးမိလိုက်တာ သူပေါ့။ ပြောကြပါစေ ၊ တလောကလုံးကရော။ လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ၊ အဲဒီ စကားတွေ ၊ သူတို့ပစ်လွှင့်ချလိုက်တဲ့ မြှားတံတွေ ၊ လှံတံတွေလိုမျိုး လက်နက်တွေရဲ့ အောက်မှာ ဘာဒိုင်းမှ မကာဘဲ ဗလာဖွင့်ထားတဲ့ ရင်ဘတ်နဲ့ ထိုးစိုက်ခံနေခဲ့တာ။

Lewis Strauss လို လူမျိုးကို ပက်ခနဲ ပြောဖို့ဝေးစွ ၊ သူလိုအနေအထားမျိုးနဲ့ မျက်လုံးကို ပင့်ကြည့်ဖို့တောင် အရေးမပါလှတဲ့ သောက်တလွဲ လူအန္တတွေလိုဟာတွေကို အရေးလုပ်ပြီးပဲ သူ့ကိုယ်သူ ဒဏ်ခတ်ပစ်ခဲ့ပါတယ်။ သူနဲ့ အထိုက်တန်ဆုံး ပြစ်ဒဏ်တွေလို မှတ်ယူထားပုံ ပေါ်ခဲ့ပါတယ်။

ကဲကျနော်တို့တွေ သူ့အကြောင်းကို ကုံလုံစွာ ရှုမြင်ပြီးလိုက်ရတဲ့ နောက်မှာတော့ အားကျမိနိုင်ရဲ့လား။ ပျော်ရွှင်မိနိုင်ရဲ့လား။ သူရို့တွေဟာ ကြီးမြတ်တဲ့ ပုဂ္ဂိုလ်တွေဖြစ်ကြောင်း ဟန်လုပ်အဖတ်ဆည်ပြတဲ့အနေနဲ့ သူ့ဘဝနိဂုံးအဆုံးသတ်ခါနီးမှ ပေးအပ်ပြတဲ့ ဆုတံဆိပ်တွေကရော အရမ်းတန်ဖိုးထားအားကျလို့ ကောင်းတာ ဟုတ်နိုင်ပါ့မလား။

သူမကွယ်လွန်မီအထိ အိပ်စက်ရတဲ့ ညတိုင်း လွင့်လာတဲ့ ပြာမှုံတွေ ၊ တောက်ပ မီးလျှံတွေက ဘယ်လောက်အထိ လောင်မြိုက်နေခဲ့မလဲ။ အဲဒီ စိတ်နဲ့ ဆတ်ခနဲ လန့်နိုးရတဲ့ ညတွေ ဘယ်လောက်တောင် ရှိခဲ့လိမ့်မလဲ။ အမေရိကန်က ဂျပန်တွေ ကျရှုံးနေတာကို သိသိရက်နဲ့ မကြာခင်မှာလည်း နောက်ဆုတ်တော့မှာကို သိသိရက်နဲ့ ဒီဗုံးကိုပြပြီး သူဟာ စူပါပါဝါဆိုတာကို လွှင့်ထုတ်ပြခဲ့တာ။ အဲဒီမှာ ဘာမှ မသက်ဆိုင်လှတဲ့ အရပ်သားပြည်သူတွေ ၊ အရွယ်တောင် မရောက်ရှိသေးတဲ့ ကလေးတွေ ၊ ကျနော်တို့ အင်စတီကျူးရှင်းမှာ မကြာခဏပြောကြတဲ့ နောက်မျိုးဆက်သစ် ၊ နောက်ထပ် ကမ္ဘာပေါ်က ဇီဝရိပ်မြုံ ။ လူသားတင်မက မှီတင်းအသက်ဆက်နေကြရတဲ့ ငှက်ကလေးတွေ ၊ သစ်ပင်ဝါးပင်တွေကစ အဲဒါတွေကို လျစ်လျူရှုပစ်လိုက်ပြီး ပြာချပစ်လိုက်ကြတာ ။ အဲဒီအရာတွေ ဖြစ်ထွန်းဖို့ သူသာ ဒါတွေကို မတွေးခေါ်ခဲ့မိရင် ၊ လုပ်လို့ မရဘူးလို့ Cancel ပစ်ခဲ့မိရင် ၊ သရုပ်ပြလောက်ပဲ ခွဲပြပြီး သိစေခဲ့ရင် ။ အဲဒီ စေတသိတ်တွေက ဆူးမြမြများအဖြစ်နဲ့ Robert Oppenheimer ရဲ့ စိတ်ကိုယ်အစုံလုံးကို ဘယ်လောက်အထိ ထိုးနှက်နေခဲ့မလဲ။ သူကလွဲလို့ ဘယ်သူမှ တိတိပပမသိနိုင်။ အစားထိုးဝင်ခံစားပေးဖို့ ဆိုတာလည်း မဖြစ်နိုင်။

အခု ကျနော်တို့လက်ရှိ ကမ္ဘာကို ကြည့်လိုက်တော့လည်း နူကလိယျနဲ့ ငြိမ်းချမ်းရေး ဆိုတဲ့ စကားက အဓိပ္ပါယ်ဖြစ်ထွန်းခဲ့ရဲ့လား ။ သက်သေပဲ။ လူသားတွေဟာ မိမိတို့အကျိုးအမြတ်အတွက်ပဲ သိပ္ပံပညာကို တလွဲအသုံးချနေကြဆဲ။ ဆန်းပြားတဲ့ လူသတ်လက်နက်တွေက ဆင့်ကဲဆင့်ကဲပြီးတော့သာ ထွက်ပေါ်လာနေတုန်း။ ကမ္ဘာကြီး လက်စသတ်ဖို့ နေ့ခုနစ်စင်း ၊ လခုနစ်စင်း ထွက်စရာမလို ၊ ခလုတ်ကလေးပေါ် လက်မလေး ဖိမိလိုက်တာနဲ့ အရာရာမှန်သမျှ ပြာကျဖို့ အဆင်သင့်။

# ဆောင်းပါး ကဏ္ဍ




## သမိုင်းထဲမှ တိုက်ပွဲလေ့လာချက်များ – ၁

## ဘီးလင်းတိုက်ပွဲ

ကိုစိမ်းလန်း

### နောက်ခံသမိုင်းအကျဉ်း

ဘီးလင်းတိုက်ပွဲဟာ ၁၉၄၂ ခုနှစ် ဘားမားကမ်ပိန်းမှာ အစောဆုံး ထိတွေ့ခဲ့တဲ့ တိုက်ပွဲတခုဖြစ်ပါတယ်။ ကြာမြင့်ချိန်က ၁၉၄၂ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်ကနေ ၁၈ ရက်နေ့အထိ လေးရက်တာပါပဲ။ ဒါပေမယ့် ဒီတိုက်ပွဲဘာ့ကြောင့် အရေးပါသလဲဆိုရင် ဒီတိုက်ပွဲဟာ ဗြိတိသျှတပ်တွေအနေနဲ့ ရှေ့ကို တဟုန်ထိုး တိုးဝင်လာတဲ့ ဂျပန်တပ်တွေဆီကနေ တပ်ဆုတ်ရခြင်းရဲ့ အစတခု ဖြစ်နေလို့ပါ။ ဒီတိုက်ပွဲမှာ တောတွင်းတိုက်ပွဲဆင်နွှဲခြင်း၊ မဟာဗျူဟာမြောက် ဆုတ်ခွာခြင်း၊ ထောက်ပံ့ရေးလမ်းကြောင်း ဖြတ်တောက်ခြင်း နဲ့ စစ်ဆင်ရေးအတွင်း ထောက်လှမ်းရေးရဲ့ အရေးကြီးပုံတို့ကို လေ့လာသိရှိနိုင်ပါတယ်။

### ၁။ တိုက်ပွဲမဖြစ်ပွားခင် အခြေအနေ

#### (က) ဗြိတိသျှ တပ်ရဲ့ ဗျူဟာနဲ့ နေရာယူပုံ

ဗိုလ်ချုပ် ဟာရီး အလက်ဇန်းဒါးရဲ့ ကွပ်ကဲမှုအောက်က တပ်တွေဟာ ရှေ့ကို အရှိန်ပြင်းပြင်းနဲ့ ရောက်လာနေတဲ့ ဂျပန်တပ်တွေကို တားဆီးဖို့ တာဝန်ယူရပါတယ်။ အဲ့ဒီအချိန်မှာ အင်္ဂလိပ်တပ်ဟာ မလားယာ နဲ့ စင်္ကာပူကို ဆုံးရှုံးထားရတာမို့ မြန်မာပြည်ဟာ သူတို့အတွက် အရှေ့တောင်အာရှအတွင်း နောက်ဆုံး အမာခံနယ်မြေဖြစ်ပါတယ်။

ဗိုလ်ချုပ်ကြီး ဂျက်ကီစမစ်ရဲ့ ဗြိတိသျှတပ်မတော် တပ်မ (၁၇) ကိုတော့ ဘီးလင်းမြစ်တလျှောက်မှာ နေရာချထားပါတယ်။ သူတို့တာဝန်က မြန်မာပြည်တိုက်ပွဲအတွက် အရေးပါတဲ့ ရန်ကုန်ဆိပ်ကမ်းကို ဂျပန်တွေ မရောက်လာအောင်၊ နှောင့်နှေးသွားအောင် ကာကွယ်ဖို့ပါ။

■ သူတို့ရဲ့ အစီအစဉ် ကတော့ ဘီးလင်းမြစ်ကို သဘာဝအဟန့်အတားအနေနဲ့ အသုံးချပြီး တက်လာမယ့် ဂျပန်တပ်တွေကို တိုက်ခိုက်ဖို့ဖြစ်ပါတယ်။

■ ဒါပေမယ့် ထူထပ်သိပ်သည်းတဲ့ တောထဲကနေ ပတ်ပြီး တက်လာမယ့် ဂျပန်တွေရဲ့ အစီအစဉ်ကို သူတို့ အံမတုနိုင်ခဲ့ပါဘူး။

## (ခ)
## ဂျပန်တပ်တွေရဲ့ ဗျူဟာနဲ့ အားသာချက်များ

ဗိုလ်ချုပ်ကြီး ရှိဗိုဆာကူရိုင်း ကွပ်ကဲတဲ့ ဂျပန်တပ်မတော် အမှတ် (၃၃) တပ်မဟာ ဗြိတိသျှတပ်တွေနဲ့ ထိပ်တိုက်တိုက်ခိုက်မယ့်အစား မတိုက်ခိုက်ရဘဲ ဖြတ်သန်းသွားနိုင်ဖို့ စီမံပါတယ်။ အဲ့ဒီအချိန်က ဂျပန်တပ်မတော်ဟာ တောတွင်းတိုက်ပွဲတွေအတွက် ကောင်းမွန်စွာ လေ့ကျင့်ထားတာဖြစ်ပြီး ရန်သူနဲ့ ရှေ့တန်းမှာ ရေရှည်တိုက်ခိုက်မယ့်အစား ရန်သူ့နောက်တန်းကို တပ်ဖျောက်ဝင်ရောက်ခြင်း၊ စိမ့်ဝင်ခြင်း နဲ့ တတိတိ တိုက်ခိုက်ခဲ့ပါတယ်။ ထောက်ပံ့မှု ကောင်းကောင်းရထားတဲ့ ဂျပန်ခြေလျင်တပ်ရင်းတွေနဲ့ လေကြောင်းစွမ်းရည် သာလွန်မှုတွေကြောင့်လည်း ဂျပန်တပ်မတော်ရဲ့ ထောက်ပို့နိုင်စွမ်းဟာ အလွန် ထိရောက်ခဲ့ပါတယ်။

### အဓိက ဗျူဟာ သုံးသပ်ချက်များ

■ ဗြိတိသျှတပ်မတော်ရဲ့ အားနည်းချက်ကတော့ မြစ်ကြောင်းတလျှောက် ကျစ်လျစ်တဲ့ ခံစစ်စည်းကို ပြင်ခဲ့ပေမယ့် တောတွင်းတိုက်ပွဲတွေအတွက် လှုပ်ရှားနိုင်စွမ်း ကင်းမဲ့မှု ဖြစ်ပါတယ်

■ ဂျပန်တပ်မတော်ရဲ့ အားသာချက်ကတော့ အလွန်မြန်မြန်ဆန်ဆန်နဲ့ တိုက်ပွဲရဲ့ ဘေးဘက်တွေကိုထွက်ပြီး လှုပ်ရှားနိုင်မှု၊ ရုတ်တရက် တိုက်ခိုက်မှုတွေနဲ့ ရန်သူဆုတ်ခွာတဲ့လမ်းကြောင်းတွေကို ဖြတ်တောက်နိုင်စွမ်းဖြစ်ပါတယ်။

## ၂။ တိုက်ပွဲ - တိုက်ပွဲအဆင့်များနဲ့ ဗျူဟာမြောက် ကွပ်ကဲခြင်း

## (က)
## အစောပိုင်း ခံစစ်အရ ထိတွေ့မှုများ

(ဖေဖော်ဝါရီ ၁၄ နှင့် ၁၅ရက်၊၁၉၄၂)

ဗြိတိသျှတပ်တွေဟာ မြစ်ကမ်းတလျှောက်မှာ အမြောက်နဲ့ စက်သေနတ်တွေ ချထားပြီး တက်လာမယ့် ရန်သူကို စစ်ဦးရှေ့ပိုင်းကနေ ပြင်းပြင်းထန်ထန် ချေမှုန်းဖို့ နေရာချထားခဲ့ပါတယ်။ ဒါပေမယ့် ဂျပန်တပ်တွေကတော့ ဗြိတိသျှတွေရဲ့ ရှေ့တန်းတိုက်ခိုက်မှုကို အယောင်ပြသာ ပြန်လည်တိုက်ခိုက်ပြီး တောတွင်းကနေတဆင့် မိမိတပ်တွေကို ယူနစ်အသေးလေးတွေ ခွဲထုတ်ပြီး ရန်သူ့နေရာတွေဆီကို စေလွှတ်ခဲ့ပါတယ်။

### ဗျူဟာကစားခြင်း

■ ဗြိတိသျှတပ်တွေဟာ ခံစစ်အထိုင်နဲ့ နေရာယူခဲ့ပြီး ဒီခံစစ်ဆင်မှုဟာ အမြဲရွေ့လျားနေပြီး စစ်ပွဲရဲ့လိုအပ်ချက်အတိုင်း အလိုက်သင့် စစ်ကစားနိုင်တဲ့ ဂျပန်တပ်မတော်ကို တိုက်ခိုက်ဖို့အတွက်တော့ အသုံးမဝင်ခဲ့ပါဘူး။

■ ဂျပန်တပ်မတော်ကတော့ တောတွင်းနေရာတွေကနေတဆင့် ရန်သူဆီတိုးဝင်ပြီး နောက်တန်းက ထောက်ပံ့ရေးလမ်းကြောင်းတွေကို ဖြတ်တောက်ခဲ့ပါတယ်

## (ခ)
## ဂျပန်တပ်တွေရဲ့ ဘေးထွက်တိုက်ခိုက်ခြင်းနဲ့ ထိုးဖောက်ဝင်ရောက်ခြင်း

ဆိုခဲ့သလို ဂျပန်တပ်တွေဟာ ထိပ်တိုက်ရင်မဆိုင်ဘဲ ခံစစ်ပြင်ဆင်ထားမှု အားနည်းတဲ့ နေရာတွေကို ရှာဖွေပြီး တောထဲကို ယူနစ်အသေးတွေ ခွဲလွှတ်ပြီး ရန်သူ့နောက်တန်းက နေရာတွေနဲ့ ထောက်ပို့လမ်းကြောင်းတွေကို တိုက်ခိုက်ပါတယ်။ အဲ့ဒီအချိန်မှာ ဗြိတိသျှတပ်တွေဟာ အကာအကွယ်မဲ့သွားပြီး ဖရိုဖရဲ စတင်ဆုတ်ခွာရပါတယ်။

### ဗျူဟာသင်ခန်းစာများ

■ တောရဲ့ အစွန်အဖျားနေရာတွေကို ကာကွယ်ဖို့ပျက်ကွက်တဲ့အတွက် သိပ်သည်းတဲ့ခံစစ်လည်း ပျက်စီးသွားပါတယ်

■ ဗျူဟာမြောက်အလျင်အမြန် လှုပ်ရှားနိုင်တဲ့ ရန်သူအတွက် မိမိရဲ့ တောင့်တင်းကျစ်လစ်တဲ့ ခံစစ်အထိုင်ချခြင်းက ထိရောက်မှုမရှိပါ

## (ဂ)
## ဗြိတိသျှတပ်တွေ ဆုတ်ခွာခြင်းနဲ့ ဗျူဟာမြောက်အနေအထား ဆုံးရှုံးရခြင်း

(ဖေဖော်ဝါရီ ၁၈၊၁၉၄၂)

ဘီးလင်းမြစ်ကို မထိန်းနိုင်တော့တာကို သဘောပေါက်သွားတဲ့ ဗြိတိသျှတပ်တွေဟာ နောက်ထပ် အဟန့်အတားတခုဖြစ်တဲ့ စစ်တောင်းတံတားဆီ ဆုတ်ခွာခဲ့ပါတယ်။ စိမ့်ဝင်လာနိုင်နေတဲ့ ဂျပန်တပ်တွေကလည်း သူတို့ဆုတ်ခွာမယ့်လမ်းကြောင်းတွေကို ဖြတ်တောက်ခြင်းနဲ့အတူ ဖရိုဖရဲ ဆုတ်ခွာချိန်မှာ ဗြိတိသျှတပ်တွေရဲ့ စက်ယန္တယားကြီးတွေနဲ့ ထောက်ပံ့ရေးပစ္စည်းတွေကို မယူသွားနိုင်ဘဲ ထားပစ်ခဲ့ဖို့ ဖိအားပေး လုပ်ဆောင်နိုင်ခဲ့ပါတယ်။ စစ်တောင်းတံတားကို ရောက်တဲ့အချိန်မှာ ဗြိတိသျှတပ်တွေဟာ စုဖွဲ့မှုပျက်ပြီး စည်းမဲ့ကမ်းမဲ့ ဖြစ်သွားပါပြီ။ ဒါ့ကြောင့်လည်း စစ်တောင်းတံတားတိုက်ပွဲမှာ ထပ်ပြီး ရှုံးနိမ့်သွားပါတယ်။

### မဟာဗျူဟာ ကျရှုံးမှု

■ ဂျပန်တပ်ရဲ့ ရန်သူ့ထောက်ပံ့ရေးလမ်းကြောင်းနဲ့ ဆုတ်ခွာရေးလမ်းကြောင်းကို ထိထိရောက်ရောက် တိုက်ခိုက်နိုင်မှုက တိုက်ပွဲရဲ့ အဓိကအလှည့်အပြောင်းတခုဖြစ်ခဲ့ပါတယ်။

■ ဗြိတိသျှ တွေဟာ အထိုင်ခံစစ်ကိုပဲ မှီခိုခဲ့ပြီး ပုံစံအမျိုးမျိုးနဲ့ စိမ့်ဝင်လာတဲ့ ရန်သူ့တိုးဝင်မှုကို မတွက်ဆထားခဲ့တဲ့အတွက် လူ၊ လက်နက်ခဲယမ်းနဲ့ ယန္တယားအများအပြား ဆုံးရှုံးခဲ့ရပါတယ်။

## ၃။ စစ်ရေးဗျူဟာ သုံးသပ်ခြင်းနဲ့ မြန်မာ့တော်လှန်ရေးအတွက် သင်ခန်းစာများ

## (က)
## တောတွင်းစစ်ဆင်ရေးနဲ့ ပျောက်ကြားတိုက်ခိုက်ခြင်း

■ တောတွင်းစစ်ဆင်ရေးမှာ ထူးချွန်တဲ့ ဂျပန်တပ်တွေဟာ ခက်ခဲကြမ်းတမ်းတဲ့ နေရာဒေသတွေကနေတဆင့် မိမိတပ်ကို ရွေ့လျားစေခဲ့ပါတယ် -ဒီဗျူဟာကြောင့် ရန်သူအားကောင်းတဲ့ နေရာတွေမှာ မရင်ဆိုင်ရတော့ဘဲ အားနည်းတဲ့ နေရာတွေကနေ တိုက်ခိုက်နိုင်ခဲ့ပါတယ်

■ မြန်မာ့တော်လှန်ရေးမှာလည်း ခုခံရေးတပ်တွေဟာ ခံစစ်အထိုင်ထက် လှုပ်ရှားစစ်ကစားရွေ့လျားမှု၊ ပန်းတက် လှုပ်ရှားမှုနဲ့ ရန်သူ့ရဲ့ ထောက်ပံ့ရေးလမ်းကြောင်းတွေကို တိုက်ခိုက်နိုင်မှုကို အသုံးချနိုင်ပါတယ်။

■ တောတောင်၊ မြစ်၊ ချောင်း စတဲ့ မြေပြင်အနေအထားများတွေကို အားသာချက်အဖြစ် ထိထိရောက်ရောက် အသုံးပြုနိုင်ရင် မိမိထက် ကိန်းဂဏန်းအရ အဆမတန်သာလွန်တဲ့ ရန်သူကို မိမိတပ်တွေနဲ့ တိုက်ခိုက်ရာမှာ အနိုင်ရစေနိုင်ပါတယ်။

## (ခ)
## စိတ်ဓာတ်စစ်ဆင်ရေးနဲ့ သတင်းအချက်အလက် အမှားများ

■ ဂျပန်တပ်တွေဟာ ဗြိတိသျှတပ်တွေကို မိမိတို့အနေနဲ့ ရှေ့တန်းကနေ လာနေပြီလို့ ယုံကြည်လာအောင် လုပ်ဆောင်နိုင်ခဲ့ပြီး ဗြိတိသျှတပ်တွေဟာ တကယ်အတိုက်မခံရမယ့် အဲ့ဒီနေရာတွေကို ခံစစ်ပြင်ဖို့အတွက် ရင်းမြစ်အများကြီး သုံးခဲ့ရပါတယ်။

■ မြန်မာ့တော်လှန်ရေးမှာလည်း အယောင်ပြ လှုပ်ရှားမှု၊ တိုက်ခိုက်မှု နဲ့ ရန်သူကို သတင်းအမှားတွေ ပေးခြင်းဟာ ရန်သူအတွက် ဗျူဟာမြောက် အမှားတွေ ဖြစ်လာအောင် တွန်းအားပေးနိုင်ပါတယ်။

## (ဂ)
## ထောက်ပံ့ရေး လမ်းကြောင်းများ ဖြတ်တောက်ခြင်း

■ ဂျပန်တပ်တွေဟာ ဗြိတိသျှတပ်တွေရဲ့ ထောက်ပံ့ရေးလမ်းကြောင်းနဲ့ ပို့ဆောင်ရေးလမ်းကြောင်းတွေကို တိုက်ခိုက်ခြင်းနဲ့ ရန်သူ့ ရေရှည်ခံစစ်ဆင်နိုင်စွမ်းရည်ကို ချိုးဖျက်ခဲ့ပါတယ်။

■ မြန်မာ့တော်လှန်ရေးမှာလည်း စစ်တပ်ရဲ့ ထောက်ပံ့ရေးလမ်းကြောင်း (ရိက္ခာ၊ လက်နက်ခဲယမ်း) တွေကို ဖြတ်တောက်ခြင်းနဲ့ ရန်သူကိုအားနည်းစေနိုင်

ပါတယ်။ ရထားလမ်း၊ ကားလမ်းနဲ့ ရန်သူ့ယာဉ်တန်းတွေကို ဖောက်ခွဲတိုက်ခိုက်ခြင်းကလည်း ထောက်ပံ့မှုကို ဖြတ်တောက်နိုင်ပါတယ်။

## (ဃ) မဟာ ဗျူဟာမြောက် ဆုတ်ခွာခြင်းနဲ့ ပြန်လည်တိုက်ခိုက်ခြင်း

■ ဗြိတိသျှတပ်တွေဟာ စနစ်တကျ စုစည်းဆုတ်ခွာဖို့ ပျက်ကွက်တဲ့အတွက် လူ၊ လက်နက်ခဲယမ်းနဲ့ တန်ဖိုးကြီးမားတဲ့ စက်ယန္တယားတွေ ဆုံးရှုံးခဲ့ရပါတယ်။

■ မြန်မာ့တော်လှန်ရေးမှာလည်း ဆုတ်ခွာပို့င့်အသီးသီးနဲ့ စနစ်တကျ ဆုတ်ခွာဖို့ ကြိုတင်ပြင်ဆင်ထားမှုဟာ အားနည်းချက်ကနေ အားသာချက် ဖြစ်လာနိုင်ပါတယ်။ အယောင်ပြဆုတ်ခွာပြီး အဲ့ဒီဆုတ်ခွာမှုကနေ ရန်သူအနေနဲ့ ကိုယ့်သတ်ကွင်းထဲဝင်လာအောင် ဆွဲသွင်း တွန်းအားပေးနိုင်ပါတယ်။

## (င) လေကြောင်းစွမ်းရည်နဲ့ သတင်းပေးကွန်ရက်များ

■ ဗြိတိသျှတပ်တွေဟာ ဂျပန်တပ်တွေရဲ့ တကယ့်လာရာလမ်းကြောင်းကို ခြေရာခံဖို့ ပျက်ကွက်ခဲ့ပါတယ်။ ဒါ့ကြောင့် မထင်ထားတဲ့နေရာကနေ ရုတ်တရက်တိုက်ခိုက်လာမှုတွေကို မတားဆီးနိုင်ခဲ့ပါဘူး။

■ မြန်မာ့တော်လှန်ရေးမှာလည်း ကင်းထောက်ဒရုန်းအသုံးချခြင်း ၊ ပြည်သူတွေဆီကနေ ရနိုင်တဲ့ ရန်သူ့သတင်းအချက်အလက်တွေကို ပြန်လည်အသုံးချခြင်းကို ပြုလုပ်နိုင်ပါတယ်။ လျှပ်စစ်ဆက်သွယ်ရေးပစ္စည်းတွေကို ထိုးဖောက်ခြင်းနဲ့လည်း ရန်သူ့လှုပ်ရှားမှုကို ခန့်မှန်းသိရှိလာနိုင်ပါတယ်။

## ၄။ နိဂုံးသုံးသပ်ချက်

■ ဘီးလင်းတိုက်ပွဲဟာ တိုက်ပွဲတစ်ခုရဲ့ အရေးပါတဲ့ မူ တွေကို မီးမောင်းထိုးပြနိုင်ပါတယ်

(က) သမားရိုးကျ ကာကွယ်ရေးနည်းလမ်းတခုတည်း အသုံးပြုခြင်းကို ရှောင်ကျဉ်သင့်ပါတယ်

(ခ) တည်ငြိမ်ကျစ်လျစ်တဲ့ ရန်သူ့ခံစစ်အတွက် မိမိတပ်တွေဟာ ပြင်လွယ်ပြောင်းလွယ် လှုပ်ရှားနေနိုင်ရင် ပိုပြီး ထိရောက်နိုင်ပါတယ်

(ဂ) ပျောက်ကြားစစ်ပွဲအတွက် မြေပြင် အနေအထားကို အသုံးချနိုင်ပါတယ်။ ရန်သူ့လှုပ်ရှားမှု နဲ့ ခံစစ်ကို နှောင့်ယှက်ဖို့ မြစ်ချောင်းအင်းအိုင် တောတောင်ရေမြေကို အသုံးချနိုင်ပါတယ်။

(ဃ) တိုက်ရိုက်တိုက်ခိုက်ခြင်းထက် ထောက်ပံ့ရေးလမ်းကြောင်းတွေကို တိုက်ခိုက်ခြင်းကလည်း အခြေအနေအရ အလုပ်ဖြစ်နိုင်ပါတယ် ။

(င) သတင်းမှားတွေကို ရန်သူ ယုံကြည်အောင်လုပ်နိုင်ခြင်းဟာ ရန်သူ့အနေနဲ့ စစ်ဗျူဟာအမှားတွေ လုပ်မိဖို့ တွန်းအားပေးနိုင်ပါတယ် ။

(စ) ဆုတ်ခွာခြင်းကို အောင်ပွဲဖြစ်အောင် ပြန်လည်တိုက်ခိုက်နိုင်မယ့် စစ်ရေးဗျူဟာတွက်ဆနိုင်ရင် အဲ့ဒီဆုတ်ခွာခြင်းဟာ ရှုံးနိမ့်မှု မဟုတ်ပါဘူး။

ဒီဆောင်းပါးပါ အချက်အလက်တွေဟာ မြေပြင် တိုက်ခိုက်ရေး တပ်မှူးတွေနဲ့ ရဲဘော်တွေအတွက် သိရှိထားပြီးသား အချက်အလက်တွေ အများကြီး ပါဝင်ပါလိမ့်မယ်။ စစ်မြေပြင်တိုက်ခိုက်ရေးမှာ ရုတ်မြစ်လိုအပ်ချက်တွေကြောင့် တွက်ဆထားတဲ့အတိုင်း မလုပ်နိုင်တာတွေလည်း ရှိမှာပါ။ ဒီဆောင်းပါးကနေ ဖတ်စရာ အချက်အလက်တခုပဲ ရရ ဖတ်ရှုနိုင်ဖို့ ရည်ရွယ်ပါတယ်။

*သမိုင်းထဲက အခြားတိုက်ပွဲတွေကိုလည်း အလျဉ်းသင့်သလို ဆက်လက်တင်ပြသွားပါ့မယ်။*

# အိန္ဒိယ – ပါကစ္စတန် တင်းမာမှု မြင့်တက်လာခြင်း

ကျော်ဇေယခိုင်




## နိဒါန်း

မေ ၂၂ ရက်နေ့က ကက်ရှမီးယားရဲ့ အိန္ဒိယအုပ်ချုပ်နေတဲ့အပိုင်းက ပါဟာဂမ် (Pahalgam) မှာ အစွန်းရောက်စစ်သွေးကြွအုပ်စုတခုက တိုက်ခိုက်တဲ့အတွက် ခရီးသွား ၂၆ ဦး သေဆုံးခဲ့တယ်။ အိန္ဒိယဘက်က ပါကစ္စတန်ဟာဒီတိုက်ခိုက်မှုရဲ့နောက်ကွယ်ကပါဝင်တယ်ဆိုတဲ့ ယူဆချက်နဲ့အတူ အိန္ဒိယနဲ့ ပါကစ္စတန်နယ်စပ်ကိုပိတ်ပစ်လိုက်တယ်။ ကက်ရှမီးယားဟာ တရုတ်ရဲ့ ဝီဂါတွေနေတဲ့ စင်ကျန်းပြည်နယ်၊ တိဘက်တို့နဲ့ထိစပ်နေပြီးအနောက်ဘက်မှာ ပါကစ္စတန်၊ အာဖဂန်နစ္စတန်တို့နဲ့ နယ်နမိတ်ပိုင်းခြားထားတဲ့ဒေသတခုဖြစ်တယ်။ ကက်ရှမီးယားနဲ့ နယ်စပ်ချင်းထိနေတဲ့ ဒီ၃နိုင်ငံဟာ အိန္ဒိယနယ်နမိတ် ၉ နိုင်ငံမှာ အိန္ဒိယနဲ့အဆင်မပြေတဲ့ ၃ နိုင်ငံဖြစ်တယ်။

## ကက်ရှ်မီးယား

၁၉၄၇ မှာ အိန္ဒိယလွတ်လပ်ရေးရတော့ ဟိန္ဒူတွေအများစုနေတဲ့အိန္ဒိယနဲ့ မွတ်ဆလင်တွေ အများစုရှိတဲ့ ပါကစ္စတန် ၂ ပိုင်းခွဲလိုက်ပြီး ကက်ရှမီးယားကို ဘယ်ဘက်ပါမလည်း ရွေးချယ်ခွင့် ရခဲ့တယ်။ ကက်ရှမီးယားမဟာရာဂျာက သီးခြားနေထိုင်လိုပေမယ့် မွတ်စလင်အများစုရှိတဲ့ ဒေသဖြစ်လို့ ပါကစ္စတန်က စစ်ရေးပြခြိမ်းခြောက်ပြီးသိမ်းသွင်းလိုတဲ့အတွက် အိန္ဒိယဘက်မှာနေမယ်လို့ ဆုံးဖြတ်ခဲ့တယ်ဆိုတယ်။ ဒီမှာအိန္ဒိယပါကစ္စတန်စစ် (၁၉၄၇-၄၈) ဖြစ်ပြီး ၁၉၄၉ မှာ ကရာချိသဘောတူညီချက်ရခဲ့တယ်။ ဒါပေမယ့် ဆင်းမ်လားသဘောတူညီမှုကြောင့် တကယ်တရားဝင်ပိုင်းခြားမျဉ်း (LOC – Line of Control) နဲ့ အိန္ဒိယအုပ်ချုပ်တဲ့အပိုင်းနဲ့ ပါကစ္စတန်အုပ်ချုပ်တဲ့အပိုင်းဆိုပြီး ၂ ပိုင်းဖြစ်လာတာက ၁၉၇၂ မှာဖြစ်တယ်။

ကက်ရှမီးယားပြဿနာမပြေလည်ခင် နောက်ထပ်အပြောင်းအလဲဖြစ်ခဲ့တဲ့စစ်ပွဲက ၁၉၇၁ မှာဖြစ်ပြီး ပါကစ္စတန်ရဲ့အရှေ့ဘက်မှာကွဲထွက်နေတဲ့နယ်ဖြစ်တဲ့ အရှေ့ပါကစ္စတန်ဟာ အိန္ဒိယအထောက်အကူနဲ့ ပါကစ္စတန်ကခွဲထွက်နိုင်ခဲ့ပြီး ဒီနေ့ဘင်္ဂလားဒေ့ရှ်ဖြစ်လာတယ်။ အိန္ဒိယ ပါကစ္စတန်ပြဿနာဟာ ၁၉၇၄ မှာနောက်ထပ်အဆင့်တခုကိုကူးပြောင်းခဲ့တယ်။ နျူကလီးယားလက်နက်ကို အိန္ဒိယက စတင်စမ်းသတ်ဖောက်ခွဲခဲ့တဲ့အတွက်ဖြစ်တယ်။ ဒီအခြေအနေဟာ ပါကစ္စတန်ကိုနျူကလီးယားအိပ်မက်ထဲတွန်းပို့ခဲ့ပြီး ၁၉၉၇ မှာ နျူလက်နက်ပိုင်ဆိုင်ပြီလို့ ကြေညာနိုင်ခဲ့တယ်။ ၂ နိုင်ငံတင်းမာမှုဟာ လျှော့တွက်လို့မရတဲ့အနေအထားဖြစ်သလို ဗြိတိလျှအိန္ဒိယဆိုတဲ့နာမည်အောက်က လွတ်လပ်ရေးစရတဲ့ ၁၉၄၇ ကတည်းက စတင်ခဲ့တာဖြစ်တယ်။

၁၉၈၉မှာ ကက်ရှမီးယားရဲ့ အိန္ဒိယအပိုင်းမှာ လွတ်မြောက်ရေးလှုပ်ရှားမှုဖြစ်လာတာကို ပါကစ္စတန်က နောက်ကွယ်ကနေဝင်ပြီး ကူညီခဲ့တယ်လို့ဆိုတယ်။ ၁၉၉၉ မှာ ပါကစ္စတန်ဘက်က ထိမ်းချုပ်ထားတဲ့မျဉ်းကိုဖြတ်ဝင်လာတဲ့အတွက် စစ်ဖြစ်ပြန်တယ်။ ၂၀၀၃ မှာ စစ်ပြေငြိမ်းတယ် ဆိုပေမယ့် တဘက်နဲ့တဘက်ပစ်တာခတ်တာတွေကတော့ ကျိုးကြားကျိုးကြားဖြစ်နေတာ တွေ့ရတယ်။

၂၀၀၈ နိုဝင်ဘာ ၂၆ မှာ အိန္ဒိယစီးတီးတခုဖြစ်တဲ့မိုဘိုင်းကို ပါကစ္စတန်အခြေစိုက်စစ်အုပ်စုတခုက အကြမ်းဘက်ဝင်ရောက်တိုက်ခိုက်ခဲ့တယ်။ လူ ၁၆၀ ကျော်သေဆုံးခဲ့တဲ့ ဒီတိုက်ခိုက်မှု

ကို မီဒီယာတွေကြောင့် တကမ္ဘာလုံးက ကြည့်ရှုခွင့်ရခဲ့ပြီး မိုဘိုင်းတိုက်ခိုက်မှုဟာ တကမ္ဘာလုံးကိုထိတ်လန့်စေခဲ့တယ်။ ဒါပေမယ့်ဒီအကြမ်းဖက်တိုက်ခိုက်မှုကို အိန္ဒိယနဲ့ ပါကစ္စတန်ဟာပူးပေါင်းဖြေရှင်းနိုင်ခဲ့ကြတယ်။

## မိုဒီနဲ့ ဟိန္ဒူအမျိုးသားရေးဝါဒ

တိုးတက်လာတဲ့ ၂ နိုင်ငံဆက်ဆံရေးဟာ ၂၀၁၄ မှာ မိုဒီရွေးကောက်ပွဲနိုင်တော့ သူ့ရဲ့ကျမ်းကျိန်ပွဲကို ပါကစ္စတန်ဝန်ကြီးချုပ်နာဝပ်ရှာရစ်ကို ဖိတ်ကြားတက်ရောက်စေတယ်။ ဒါပေမယ့် ဒီအကောင်းမြင်စိတ်ဟာ ခနပဲခံခဲ့တယ်။ အိန္ဒိယမှာရှိတဲ့ပါကစ္စတန်ကော်မရှင်နာက ကက်ရှ်မီးယားခွဲထွက်ရေးခေါင်း ဆောင်တွေနဲ့တွေ့ဆုံခဲ့တယ်လို့ သတင်းထွက်လာတဲ့အတွက်ဖြစ်တယ်။ ၂၀၁၆ စက်တင်ဘာမှာ ထိန်းချုပ်ရေးမျဉ်းနားမှာစခန်းချထားတဲ့အိန္ဒိယစစ်တပ်ကို အကြမ်းဖက်အဖွဲ့တခုက ဝင်တိုက်တဲ့အတွက် အိန္ဒိယဘက်က ပါကစ္စတန်ဘက်ခြမ်းမှာ အခြေစိုက်ထားတဲ့ အကြမ်းဖက်အဖွဲ့တွေကို ပြန်လည်တိုက်ခိုက်မှုတွေလုပ်ခဲ့တယ်။

နောက်ဆက်တွဲစစ်ပွဲတွေနဲ့ ၂ ဘက်အပြန်အလှန်တိုက်ခိုက်မှုတွေဟာ ၂၀၁၆ အထိဖြစ်နေပြီး ၂၀၁၇ နဲ့ ၂၀၁၈ တွေမှာ အကြိမ်ပေါင်းထောင်ချီတဲ့တိုက်ပွဲတွေ ကက်ရှမီးယားသတ်မှတ်မျဉ်းတဝိုက်ဖြစ်နေကြတယ်။ ၂၀၁၈ မေ ရာမဒန်ဥပုဒ်ကာလအတွင်းမှာ နှစ်ဘက်အပစ်ရပ်သဘောတူညီချက်ရပြီး အနှစ် ၂၀ နီးပါးကြာတဲ့စစ်ကိုရပ်တန့်နိုင်ခဲ့တယ်။

ဒါပေမယ့် ၂၀၁၉ ဖေဖော်ဝါရီမှာ ပူဝါမာ (ကက်ရှမီးယားရဲ့ အိန္ဒိယအုပ်ချုပ်တဲ့အပိုင်း) မှာ အိန္ဒိယပါလီမန်အမတ်တွေပါတဲ့ယာဉ်တန်းတခုကို အကြမ်းဖက်အဖွဲ့တခုဖြစ်တဲ့ JeM (Jaish-e-Mohammad) က တိုက်ခိုက်လို့ အနှစ် ၃၀ အတွင်း အကြမ်းဆုံးနဲ့ အထိအခိုက်အများဆုံးဖြစ်ခဲ့တယ်လို့ သတ်မှတ်တယ်။ အန္ဒိယဘက်က ပါကစ္စတန်ဘက်ခြမ်းက အကြမ်းဖက်အဖွဲ့အခြေစိုက်တဲ့နေရာတွေကိုလေကြောင်းတိုက်ခိုက်မှုတွေလုပ်ခဲ့ပြီး ပါကစ္စတန်ကလည်းအလားတူတုန့်ပြန်ခဲ့လို့ နှစ်ဘက်လေတပ်တွေတိုက်တဲ့စစ်ပွဲတခု အနေအထားကိုရောက်ခဲ့တယ်။ ပါကစ္စတန်က အိန္ဒိယလေယာဉ်နှစ်စင်းကို ပစ်ချခဲ့ပြီး ပိုင်းလော့တယောက်ကိုဖမ်းပြီး ပြန်လွှတ်ပေးခဲ့တယ်။

၂၀၁၉ ဩဂုတ်လမှာ အန္ဒိယဟာ ကက်ရှမီးယားနဲ့ပတ်သက်တဲ့ ဥပဒေတခုကိုရုပ်သိမ်းခဲ့တယ်။ အဲဒါက ကက်ရှမီးယားကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအနေအထားကနေပြန်ရုပ်သိမ်းတဲ့ သဘောဖြစ်ပြီး ဒီဒေသကိုအိန္ဒိယအပိုင်ထဲဆွဲသွင်းတဲ့သဘောသက်ရောက်တာကြောင့် ပါကစ္စတန်ဘက်ကလုံးဝတရားမျှတမှုကင်းမဲ့တာဖြစ်တယ်လို့ဝေဖန်တယ်။ ဒီလုပ်ရပ်ဟာ ကက်ရှမီးယားကို မိုဒီရဲ့ ဟိန္ဒူအမျိုးသားရေးဝါဒရဲ့ အစိတ်အပိုင်းတခုအဖြစ်သွတ်သွင်းခဲ့တာ ဖြစ်တယ်လို့ နိုင်ငံရေးသုံးသပ်သူတွေက လည်း ရှုမြင်ခဲ့ကြတယ်။

အိန္ဒိယဟာ နောက်ပိုင်းမှာ ကက်ရှ်မီးယားသူ့ဘက်အပိုင်းကို လူအဝင်အထွက်ပိတ်ဆို့ထားတာ၊ မီဒီယာတွေဖျက်သိမ်းတာ၊ အင်တာနက်နဲ့ ဖုန်းတွေဖြတ်တောက်တာတွေလုပ်လာတယ်။ ၂၀၂၂ နဲ့ ၂၀၂၃ မှာ လူတွေထောင်နဲ့ချီဖမ်းဆီးထိမ်းသိမ်းတာတွေလုပ်ခဲ့တယ်။ ဟိန္ဒူတွေကိုဦးတည်တိုက်ခိုက်တဲ့အကြမ်းဖက်မှုတွေပိုမြင့်တက်လာခဲ့ပြီး မိုဒီအစိုးရက စစ်တပ်ကိုသုံးပြီးဖြေရှင်းမှုတွေကိုတိုးပြီးလုပ်ခဲ့တာတွေ့ရတယ်။ ၂၀၂၄ ဇွန်လမှာ ဟိန္ဒူဘုရားကျောင်းတခုကိုလာတဲ့ ဘုရားဖူးယာဉ်ကိုပစ်ခတ်မှုတခု (၉ ဦးသေ ၃၀ ကျော်ဒါဏ်ရာရ) ဖြစ်ပွားခဲ့ပြီး အောက်တိုဘာမှာ ကက်ရှမီးယားနဲ့ မြောက်ပိုင်းဒေသကိုဆက်သွယ်တဲ့ မြေအောက်ဥမင်ဆောက်လုပ်ရေးတခုကို ဝင်ရောက်စီးနင်းပစ်ခတ်မှုတခုဖြစ်ခဲ့ပြန်တယ်။ တနှစ်လုံးမှာ အိန္ဒိယရဲ့ နယ်မြေတိုးချဲ့ထိမ်းချုပ်လိုတဲ့သဘောထားတွေကြောင့် နှစ်ဘက်တင်းမာမှု မြင့်တက်နေခဲ့တာတွေ့ရတယ်။


## တရုတ်ခြေလှမ်း

ဆိုတော့ အိန္ဒိယပါကစ္စတန်တင်းမာမှု၊ နယ်မြေခွဲဝေမှုပြဿနာနဲ့ စစ်ပွဲဟာ ခုမှထဖြစ်တာမဟုတ်ဘဲ (တနည်းဘင်္ဂလားဒေ့ရှ်ရဲ့ ရခိုင်ဒေသလူသားချင်းစာနာမှုအထောက်အကူကြောင့် တရုတ်ကဒေသတွင်းမတည်ငြိမ်အောင် မြှောက်ပေးလို့ဖြစ်ရတဲ့ပြဿနာမျိုးမဟုတ်ဘဲ) အိန္ဒိယလွတ်လပ်ရေးနဲ့အတူ ပူးတွဲပေါ်ပေါက်လာတဲ့အကျပ်အတည်းနဲ့ စစ်ပွဲတွေဖြစ်တယ်ဆိုတာနဲ့ နောက်ခံဇာတ်ကြောင်းတွေကို လေ့လာကြည့်ကြဖို့ဖြစ်တယ်။

တဘက်မှာ လက်ရှိအနေအထားတွေကို ညှိနှိုင်းဖြေရှင်းကြပါလို့ပြောနေတဲ့ တပြိုင်နက်တည်းမှာပဲ တရုတ်ဟာ ပါကစ္စတန်ကို PL 15 အမြောက်တွေကို ရောင်းချပေးခဲ့ပြီးဖြစ်တယ်။ တရုတ်ဟာ အိန္ဒိယရဲ့ အစဥ်အလာရန်ဘက် ပါကစ္စတန်ကိုလက်နက်ရောင်းချပေးနေ

တဲ့နိုင်ငံတခုဖြစ်ပြီး ဒေါ်လာဘီလီယံနဲ့ချီတန်တဲ့ ရေငုပ်သင်္ဘောတွေရောင်းချခဲ့ဖူးတယ်။ လက်ရှိ PL 15 အမြောက်တွေဟာ ဝေဟင် (ဖိုက်တာ၊ ဗုံးကျဲလေယာဉ်၊ ဒရုန်း) ရော မြေပြင် (တင့်ကား) ကိုပါ ကီလိုမီတာ ၃၀ ကျော်အတွင်း ကောင်းစွာပစ်ခတ်နိုင်တဲ့အတွက် စစ်ပွဲကြီးတွေအတွက်ပါရည်ရွယ်တဲ့ သဘောမျိုးပြင်ဆင်ထားကြတာကိုတွေ့နိုင်တယ်။ ပါကစ္စတန်အနောက်ဘက်ဆိပ်ကမ်းတခုဖြစ်တဲ့ ဂွါဒါ (Gwadar) ဟာ တရုတ်ပါကစ္စတန် စီးပွားရေးစင်္ကြံန်ဖြစ်တဲ့ စီပက် (CPEC – Chinese Pakistan Economic Corridor) ရဲ့အစိတ်အပိုင်းတခုဖြစ်ပြီး တရုတ်ကို နှစ် ၄၀ ကျော် အငှားချထားပေးတဲ့ ဆိပ်ကမ်းတခုလည်း ဖြစ်တယ်။ အရှေ့အလယ်ပိုင်းကရေနံတွေကို တရုတ်ကိုသွင်းဖို့သတ်မှတ်ထားတဲ့ ဆိပ်ကမ်းတခုဖြစ်လို့မို့ ပါကစ္စတန်ရဲ့ကျောက်ဖြူလို့လည်းတင်စားကြည့်နိုင်တယ်။

လတ်တလောမှာတရုတ်ဟာ အိန္ဒိယပါကစ္စတန်တင်းမာမှုအတွက် တရုတ်၊ ရုရှားနဲ့ အနောက်နိုင်ငံတခုပါဝင်တဲ့ ကြားဝင်စေ့စပ်မှုကိုအဆိုပြုထားတာတွေ့ရတယ်။



# တိုက်ပွဲထောက်လှမ်းရေး

ရဲဘော်မြကြီး

စစ်နည်းဗျူဟာထောက်လှမ်းရေးသို့မဟုတ် တိုက်ပွဲထောက်လှမ်းရေးဟာ စစ်ပွဲကာလ ရှေ့တန်း နယ်မြေမှာ မိမိတိုက်ခိုက်နေရတဲ့ ရန်သူ၊ ဥတု၊ မြေအနေအထားစတဲ့ သတင်းတွေကို ကြိုတင်စုဆောင်း၊ အကဲဖြတ်၊ အနက်ကောက်ပြီး အမြန်ဆုံးသတင်းဖြန့်ဝေအသုံးပြုရတဲ့ ထောက်လှမ်းချက်တွေဖြစ်ပါတယ်။ တိုက်ပွဲထောက်လှမ်းရေးလုပ်ဆောင်တာဟာ တပ်မှူးတွေအတွက် သတင်းအချက်အလက် တွေရရှိပြီး စစ်ရေးသုံးသပ်တဲ့နေရာမှာ အများကြီးအထောက်အကူဖြစ်စေပါတယ်။ မြေအနေအထား၊ ရာသီဥတု၊ ရန်သူရဲ့ အားနည်းချက်၊ အားသာချက်နဲ့ အခြားအချက်တွေကနေ မိမိလုပ်ဆောင်ရမယ့်အရာ၊ ရည်မှန်းချက်တာဝန်တွေအတွက် ဖြစ်လာနိုင်တဲ့ အကျိုးအပြစ်တွေကို ကြိုတင်သုံးသပ်ဆုံးဖြတ် နိုင်ပါတယ်။ ဒါ့အပြင် လိုအပ်တဲ့ တန်ပြန်ထောက်လှမ်းရေးနဲ့ လုံခြုံရေးအစီစဉ်တွေကို ပြုလုပ်ရာမှာ အထောက်အကူဖြစ်စေပါတယ်။

တိုက်ပွဲထောက်လှမ်းရေးကို အချိန်မီပြည့်စုံအောင်လုပ်သင့်ပါတယ်။ သတင်းတွေကို အချိန်မီစုဆောင်းတည်ဆောက်ရမယ်။ တည်ဆောက်ပြီး ထောက်လှမ်းချက်တွေကို ဖြန့်ဝေရာမှာ လျင်မြန်တိကျတဲ့ နည်းလမ်းတွေလိုအပ်ပါတယ်။ ထောက်လှမ်းချက်တွေက

လက်နက်တွေကို ထိထိရောက်ရောက် အသုံးချနိုင်ဖို့အတွက် အဓိကကျပါတယ်။ ရနိုင်သမျှ ထောက်လှမ်းရေးသတင်း အရင်းအမြစ်အားလုံးကို ပြည့်ပြည့်စုံစုံထောက်လှမ်းစုဆောင်းပြီး သက်ဆိုင်ရာတပ်၊ ဌာနတိုင်းက အကျိုးရှိရှိအသုံးပြုရပါမယ်။ တိုက်ပွဲထောက်လှမ်းရေးကို စုဆောင်းရေး၊ တည်ဆောက်ရေး၊ အသုံးပြုရေးနဲ့ ညွှန်ကြားရေးဆိုတဲ့ ထောက်လှမ်းရေးစက်ဝန်းရဲ့ လုပ်ငန်းစဉ်အစိတ်အပိုင်း(၄)ခုအပေါ်မှာ အခြေခံထားပါတယ်။ ဒီလုပ်ငန်းစဉ်တွေက ချားရဟတ်လို အဆုံးအစမရှိ လည်ပါတ်ဆောင်ရွက်ရတဲ့သဘောဖြစ်ပါတယ်။

## ■ တိုက်ပွဲထောက်လှမ်းရေး အခြေခံအချက်ကြီးများ

စစ်ဆင်တိုက်ခိုက်မှုမှာ ထိရောက်တဲ့ အဆုံး အဖြတ်ကိုပေးနိုင်တဲ့အကြောင်းတွေထဲက သတင်းထောက် လှမ်းရေး အစိတ်အပိုင်းတွေနဲ့ သက်ဆိုင်တဲ့အချက်တွေပဲဖြစ်ပါတယ်။ ရန်သူ၊ ဥတု၊ မြေအနေအထား ဆိုပြီး သုံးမျိုးခွဲခြားထားပါတယ်။

### (က) ရန်သူ

ရန်သူ့သတင်းစုဆောင်းရာမှာ အောက်ပါအချက်တွေကို စုဆောင်းဖို့လိုပါတယ်။

(၁) အင်အား

(၂) တည်နေရာ

(၃) လုပ်ဆောင်ချက်

### (ခ) ဥတု

ရာသီဥတုကနေ တိုက်စွမ်းအားကို တိုက်ရိုက်အကျိုးသက်ရောက်တဲ့ အောက်ပါအချက်တွေကို စုဆောင်းရမည်။

(၁) မြင်စွမ်း

(၂) မြေခံ

(၃) အပူချိန်

### (ဂ) မြေအနေအထား

စစ်ဆင်တိုက်ခိုက်ရမယ့်နယ်မြေအကြောင်း လေ့လာရာမှာ အောက်ပါမြေမျက်နှာအသွင်အပြင်တွေကို ရန်သူမိမိနှစ်ဘက်အမြင်နဲ့ ကြည့်တတ်ဖို့လိုပါတယ်။

(၁) အချက်အခြာနေရာ

(၂) ရှုခင်းနဲ့ပစ်ကွင်း

(၃) ကျည်ကွယ်နဲ့မျက်ကွယ်

(၄) အတားအဆီး

(၅) ချဉ်းလမ်း

(၆) စပ်ကြားမြေ

(၇) အဓိကဆက်သွယ်ရေး လမ်းကြောင်းကြီးများ

## ■ သတင်းစုဆောင်းရေး

သတင်းစုဆောင်းရေးဆိုတာ ထောက်လှမ်းရေးတန်ဖိုးရှိသတင်းတွေကို သတင်းဌာနတွေက သတင်းရင်း မြစ်တွေဆီက ရယူပြီး ညွှန်ကြားချက်ရှိရှိ မရှိရှိ အထက်နဲ့ဝဲယာတပ်တွေကို နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ပေးပို့ခြင်းပဲဖြစ်တယ်။ သတင်းစုဆောင်းရေးကို သီးခြားအမိန့်များ၊ ပန်ကြားချက်များနဲ့ကြေညာထားတဲ့ အထူးလိုအပ်တဲ့ သတင်းအစိတ်အပိုင်းတွေ ထုတ်ပြန်ညွှန်ကြားပါတယ်။ ထောက်လှမ်းရေးတန်ဖိုးရှိတဲ့ သတင်းတွေမှာ ရန်သူ့တပ်တွေရဲ့ အနေအထား၊ အင်အား၊ ဖွဲ့စည်းပုံ၊ ရွေ့ပြောင်းမှုနဲ့ ဥတုအခြေအနေ၊ မြေအနေအထား စတာတွေ အကျုံးဝင်ပါတယ်။ ထောက်လှမ်းရေးတန်ဖိုးရှိသတင်းတွေကို စုဆောင်းခြင်းမရှိဘူးဆိုရင် မိမိရည်မှန်းချက်တာဝန်ကို လုပ်ဆောင်ရာမှာ ဘာအကျိုးမှရှိမှာမဟုတ်ပါဘူး။ သတင်းရယူစုဆောင်းတဲ့အခါ သိပ်အရေးမပါဘူးလို့ထင်ရတဲ့ သတင်းတွေကအစ အခြားသတင်းအကြောင်းအရာတွေနဲ့ ဆက်စပ်စဉ်းစားဆင်ခြင်ပါက အဓိကအရေးကြီးတဲ့သတင်းဖြစ်နိုင်တာမလို့ သတင်းဌာနတွေဟာ စုဆောင်းရရှိတဲ့သတင်းအားလုံးကို ပေးပို့အစီရင်ခံ ပါတယ်။

## ■ စုဆောင်းရမည့်သတင်းများ

(က) တပ်ခွဲခြားသတ်မှတ်မှု

(ခ ) နယ်နမိတ်များနှင့် အခြားရန်သူ့ အနေအထားအသေးစိတ်သတင်းများ

( ဂ) ရန်သူ့တပ်သွားလာရွေ့ပြောင်းမှု

(ဃ)ရန်သူ့ကြည့်ကင်းများနှင့် ကွပ်ကဲမှု ဌာနချုပ်များ၏တည်နေရာ

(င ) အမြောက်နှင့်မောင်းပြန်လက်နက် နေရာများ

(စ ) သံချပ်ကာကားများတည်နေရာ

(ဆ) ခံယမ်းနှင့်ရိက္ခာဝေစခန်းများ တည်နေရာ

(ဇ) အကာအကွယ်နှင့်အတားအဆီးများ တည်နေရာ

(ဈ ) ရန်သူ့နေ့စဉ်သာမာန်လုပ်ရိုးလုပ်စဉ်

(ည) ဆက်သွယ်ရေးလမ်းကြောင်းများ အခြေအနေနှင့် ရန်သူအများဆုံး အသုံးပြုနိုင်သည့် လမ်းကြောင်းများ

(ဋ) မြင်နိုင်စွမ်းနှင့်မြေအနေအထား အပေါ် ဥတု၏အကျိုးသက်ရောက်မှု

(ဌ) အလင်းရောင်အကြောင်းခံ

(ဎ) လမ်းများ၊ တံတားများနှင့် မြစ်ချောင်းများ၏ အခြေအနေ
(ဏ) မြင်ကွင်းကောင်းမြေနေရာများ
(ဏ) မြေခံ
(တ) ကျည်ကွယ်မျက်ကွယ်နေရာများ

## ■သတင်းအရင်းအမြစ်များ

သတင်းအရင်းအမြစ်ဟာ သတင်းရဲ့စစ်မှန်မှု အစပြုရာ သို့မဟုတ် အလိုရှိတဲ့သတင်းကို ခံယူရရှိတဲ့ မူလနေရာ ဖြစ်ပါတယ်။ တိုက်ပွဲမှာ ရန်သူ့သတင်းနဲ့ စစ်ဆင်မှုနယ်မြေသတင်းတွေကို ရရှိစေမယ့် သတင်းအရင်းအမြစ်တွေဟာ ရန်သူ၊ အရပ်သား၊ မြေအနေအထားနဲ့ ရာသီဥတုတို့ပဲဖြစ်ပါတယ်။ ဒါကြောင့် အဲ့ဒီသတင်းအရင်းအမြစ်တွေကနေ သတင်းစုဆောင်းဖို့ အဓိကဦးစားပေးရပါမယ်။ ဒါပေမယ့် တိုက်ရိုက်သတင်းတွေအပြင် စစ်အင်္ဂါစဉ်တွေ၊ စစ်နည်းဗျူဟာ လေ့လာမှုနဲ့ မြေအနေအထား လေ့လာမှုတွေ စတဲ့ သွယ်ဝိုက်သတင်းအရင်းအမြစ်တွေကနေလည်း သတင်းစုဆောင်းရပါမယ်။

## ■ သတင်းဌာနများ

သတင်းဌာန သို့မဟုတ် သတင်းစုဆောင်းရာဌာနဟာ သတင်းတွေကို စုဆောင်းပြီးအစီရင်ခံတဲ့ ဒါမှမဟုတ် တွေ့မြင်ကြားခဲ့တဲ့အချက်တွေကို မေးမြန်းလေ့လာမှတ်သားထားခြင်းနဲ့ သတင်းတွေကို လက်ခံရရှိနိုင်တဲ့ လူပုဂ္ဂိုလ်၊ တပ်၊ အဖွဲ့အစည်း ဖြစ်ပါတယ်။ သတင်းဌာနတွေဟာ သတင်းစုဆောင်းရေး နည်းလမ်းသုံးရပ်ဖြစ်တဲ့ ကင်းထောက်ခြင်း၊ စစ်ကြောမေးမြန်းခြင်းနဲ့ ဖတ်ရှုလေ့လာခြင်းတွေနဲ့ သတင်းအရင်းအမြစ်တွေဆီကနေ လိုအပ်တဲ့သတင်းတွေကို စုဆောင်းရရှိနိုင်ပါတယ်။ သတင်းဌာနတွေကို သုံးမျိုးခွဲထားပါတယ်။

(က) ထောက်လှမ်းရေးတပ်များ
(ခ) ရှေ့တန်းတပ်များ
(ဂ) ဝန်ထမ်းတပ်များ

သတင်းဌာနအားလုံးဟာ သူတို့ရဲ့စွမ်းဆောင်နိုင်မှုနဲ့ အကန့်အသတ်တွေအတွင်း ပူးပေါင်းဆောင်ရွက် နိုင်အောင်ရသမျှသတင်းအားလုံးကို စုဆောင်းအစီရင်ခံပါတယ်။ လူပေါင်းမြောက်များစွာကို သေစေနိုင်တဲ့ဖျက်စွမ်းအားပြင်းတဲ့ လက်နက်တွေပေါ်များလာတဲ့နောက်မှာ တိကျမှန်ကန်တဲ့ သတင်းတွေကို လျင်လျင်မြန်မြန်စုဆောင်းနိုင်ဖို့က အရေးအကြီးဆုံးဖြစ်လာပါတယ်။ သတင်းစုဆောင်းနိုင်ဖို့ ရန်သူ့နယ်မြေအတွင်းကို ကင်းထောက်တွေကို စေလွှတ်ခြင်းနဲ့မိမိလိုအပ်တဲ့ သတင်းတွေကို အတိအကျစုဆောင်းရရှိနိုင်ပါတယ်။ ကင်းထောက်ခြင်းမှာ လေကြောင်းကနေ ကင်းထောက်ခြင်းနဲ့ မြေပြင်ကနေကင်းထောက်ခြင်းဆိုပြီး နှစ်မျိုးရှိပါတယ်။

## ■ လေကြောင်းမှ ကင်းထောက်ခြင်း

လေကြောင်းကနေကင်းထောက်ခြင်းကို ကင်းထောက်လေယာဉ်၊ ဒရုန်းတွေကိုအသုံးပြုပြီး ရန်သူ့နယ်မြေအတွင်းဝင်ရောက်ကင်းထောက်တာ၊ ဓါတ်ပုံရိုက်ယူတာတွေပဲဖြစ်ပါတယ်။ လေကြောင်းဓါတ်ပုံတွေကို လေ့လာအနက်ကောက်ပြီး ရန်သူ့တပ်စွဲနေရာ၊ လက်နက်ကြီးတွေ ထားရာစခန်း၊ ဆက်သွယ်ရေးကတုတ်ကျင်းတွေ စတဲ့ စစ်ဆင်ရေးနဲ့သက်ဆိုင်တဲ့သတင်းတွေကိုရရှိပြီး သက်ဆိုင်ရာ တပ်၊ ဌာနတွေကို ပေးပို့ရပါတယ်။

## ■ မြေပြင်မှကင်းထောက်ခြင်း

ကြည့်ကင်းနဲ့ လှည့်ကင်းဆိုပြီး နှစ်မျိုး ခွဲခြားထားပါတယ်။

### ကြည့်ကင်း

ကြည့်ကင်းနေရာနဲ့ကြည့်ကင်းအဖွဲ့ဝင်တွေကို ထောက်လှမ်းရေးအရာရှိက ရွေးချယ်နေရာချထားပေးရပါတယ်။ ကြည့်ရှုရမယ့်နယ်မြေ၊ နယ်နမိတ်တွေနဲ့ လိုအပ်တဲ့ သတင်းအချက်အလက်တွေကိုလည်း သတ်မှတ်ပေးရပါတယ်။ ကြည့်ကင်းအဖွဲ့ဝင် သုံးဦးကနေ လေးဦးအထိ တာဝန်ပေးသင့်ပါတယ်။ ကြည့်ကင်းအဖွဲ့ဝင်တွေဟာ ရန်သူ့အရိပ်အခြည်ကို စနစ်တကျ ရှာဖွေကြည့်ရှုမှတ်သားတတ်ဖို့ အရေးကြီးပါတယ်။ ရန်သူ့လှုပ်ရှားမှုသာမက တွေ့မြင်ရတဲ့ ရန်သူ့အရေအတွက်၊ ကတုတ်ကျင်း၊ လမ်းကြောင်းတွေ၊ လက်နက်ကြီးထားတဲ့နေရာ၊ ရန်သူ့ကြည့်ကင်း နေရာနဲ့ အင်အား၊ စစ်ဆင်ရေးနဲ့သက်ဆိုင်တဲ့ သတင်းအချက်အလက်တွေကို မှတ်သားဖို့လိုပါတယ်။

### လှည့်ကင်း

လှည့်ကင်းကို နေ့/ညလုပ်နိုင်ပြီး နှစ်မျိုးခွဲခြားထားပါတယ်။

(၁) ကင်းထောက်လှည့်ကင်း (ထောက်ကင်း) - ရန်သူ့ဘက်ကနေမိမိကင်းအဖွဲ့လှုပ်ရှားမှုကို မရိပ်စားမိအောင် ရန်သူ့သတင်းကို စုဆောင်းဖို့ အင်အားနည်းနည်းနဲ့ စေလွှတ်ရပါတယ်။

(၂) တိုက်ခိုက်ရေးလှည့်ကင်း
(တိုက်ကင်း)

တိုက်ကင်းအဖွဲ့မှာ မိမိလုပ်ဆောင်မယ့် ရည်မှန်းချက်တာဝန်အပေါ် မူတည်ပြီး အဖွဲ့အင်အားကို လိုအပ်သလို အသုံးပြုနိုင်ပါတယ်။ လူအင်အားများပြီး လက်နက်အင်အားကို လိုသလိုတပ်ဆင်ရပါတယ်။ ခြေလျင်၊ ယာဥ် သုံးနိုင်ပါတယ်။ တိုက်ခိုက်ရေးလှည့်ကင်းကို သုံးမျိုးခွဲခြားထားပါတယ်။

(ကက) စီးနင်းတိုက်ခိုက်ရေးလှည့်ကင်း
(ခခ) နယ်မြေရှင်းလင်းရေးလှည့်ကင်း
(ဂဂ) ချုံခိုတိုက်ခိုက်ရေးလှည့်ကင်း
ပြီးရှိပါတယ်။

## ■ သတင်းတည်ဆောက်ရေး

သတင်းတည်ဆောက်ရေးဆိုတာ သတင်းရရှိတဲ့ သတင်းရင်းမြစ်တွေနဲ့ သတင်းတိကျမှုတွေကို ချင့်ချိန်ပြီး စုဆောင်းရရှိတဲ့သတင်းတွေကို အကဲဖြတ်ခြင်းနဲ့ တခြားရှိပြီးသတင်းတွေအပေါ်မူတည်ပြီး အဲ့ဒီသတင်းရဲ့ ထူးခြားမှုကို အနက်ကောက်ယူခြင်းဖြစ်ပါတယ်။ သတင်းကနေ ထောက်လှမ်းချက်အဖြစ် ပြန်ပြောင်းတည်ဆောက်တဲ့အခါ မှတ်တမ်းတင်ခြင်းနဲ့ ခွဲခြားဆန်းစစ်ခြင်းဆိုပြီး လုပ်ငန်းနှစ်ဆင့် ဆောင်ရွက်ရပါတယ်။ သတင်းတွေကိုမတည်ဆောက်မီ အချိန်မှာ ထူးခြားတဲ့တန်ဖိုးမရှိနိုင်ပါဘူး။ တိုက်ပွဲထောက်လှမ်းရေးလုပ်ငန်း အချိန်မီဆောင်ရွက်နိုင်ဖို့ သတင်းတည်ဆောက်ရေးဟာ လျင်မြန်၊ လုပ်နည်းစနစ်ကျပြီး ယုတ္တိရှိရမယ်။ စေ့စပ်သေချာရမယ်။ တခါတလေ လျင်မြန်ခြင်းဟာ စေ့စပ်သေချာခြင်းထက်ပိုပြီး လိုအပ်ကောင်းလိုအပ်နိုင်ပါတယ်။ တခြားကိစ္စတွေမှာ သတင်းအလားအလာကြောင့် တည်ဆောက်ရာမှာ အစွမ်းကုန်စေ့စပ်သေချာဖို့ ဂရုစိုက်ရပါမယ်။

## ■ မှတ်တမ်းတင်ခြင်း

မှတ်တမ်းတင်ခြင်းဆိုတာ ထောက်လှမ်းချက်အဖြစ်တည်ဆောက်နိုင်ဖို့ သတင်းတွေကို စနစ်တကျ စီစဥ်ခြင်းဖြစ်ပါတယ်။ ရလာတဲ့သတင်းတွေကို မှတ်တမ်းတင်ခြင်းမလုပ်ခင် အရေးကြီးတိုက်ပွဲ သတင်းတွေကို ချက်ချင်းစစ်ဆေးကြည့်ရှုရမယ်။ သတင်းတွေကို နှိုင်းယှဥ်လေ့လာအစီရင်ခံခြင်း လွယ်ကူဖို့အတွက် အမျိုးအစားအလိုက် စနစ်တကျထားရှိဖို့ ရွေးချယ်ခြင်း၊ စုပေါင်းခြင်း၊ ရေးမှတ်ခြင်းတွေ လုပ်ရပါမယ်။ မှတ်တမ်းတင်ခြင်းကို နည်းလမ်းလေးခုနဲ့ ခွဲခြားဆောင်ရွက်ပါတယ်။ ထောက်လှမ်းရေးမှတ်တမ်း၊ ရန်သူ့အခြေနေပြပုံ၊ ထောက်လှမ်းရေး၊ မှတ်စုလွှာနဲ့ ထောက်လှမ်းရေးစာတွဲတွေ ရေးမှတ်ထားခြင်းတို့ပဲဖြစ်ပါတယ်။ အဲ့ဒီလိုမှတ်တမ်းတင်ရာမှာ စာရွက်ပုံကြီးတွေနဲ့ ချာချာလည်မနေစေဘဲ ရှင်းလင်းပြီး နည်းနိုင်သမျှနည်းရပါမယ်။ ဘယ်အခြေနေ မှာမဆိုမှတ်တမ်းတင်ခြင်းဟာ ခွဲခြားဆန်းစစ်ခြင်းလုပ်ငန်းဖြစ်တဲ့ အကဲဖြတ်ခြင်းနဲ့ အနက်ကောက်ယူပြီး ထောက်လှမ်းချက်အဖြစ်အသုံးပြုခြင်းတွေလောက် အရေးတကြီးဆောင်ရွက်ဖို့ မလိုပါ။

## ■ ခွဲခြားဆန်းစစ်ခြင်း

ခွဲခြားဆန်းစစ်ခြင်းအပိုင်းမှာ အကဲဖြတ်ခြင်းနဲ့ အနက်ကောက်ခြင်းဆိုပြီး နှစ်ပိုင်းပါဝင်ပါတယ်။
အကဲဖြတ်ခြင်း - အကဲဖြတ်ခြင်းဆိုတာ သတင်းအဖြစ်ကနေ ထောက်လှမ်းချက်တည်ဆောက်ရာမှာ ဆီလျော်ဆက်စပ်မှု၊ ယုံကြည်စိတ်ချရမှုနဲ့ တိကျမှန်ကန်မှုတို့ကို ဆုံးဖြတ်ခြင်းဖြစ်တယ်။ အကဲဖြတ်ခြင်းကို အောက်ပါအချက်တွေအပေါ် မူတည်ဆုံးဖြတ်ပါတယ်။

### (၁) သတင်းတစ်ခုရဲ့ ဆီလျော်ဆက်စပ်မှု

သတင်းတခုရတာနဲ့ သတင်းက ဘယ်လောက်အထိ ဆီလျော်ဆက်စပ်ကြောင်းနဲ့ တန်ဖိုးဘယ်လောက်ရှိကြောင်း ဆုံးဖြတ်ရမယ်။ အောက်ပါအချက်တွေကို ထည့်သွင်းစဥ်းစားရမယ်။
(ကက) ဘာသတင်းလဲ
(ရန်သူ့သတင်း၊ စစ်နယ်မြေသတင်း)
(ခခ) သတင်းကို အမြန်လိုအပ်လား။
လိုရင်ဘယ်သူ့အတွက်လဲ။
(ဂဂ) သတင်းက အနာဂါတ်မှာ
တန်ဖိုးရှိနိုင်လား။
(ဃဃ) သတင်းက မိမိတပ်အတွက် တန်ဖိုးရှိလား။ ဝဲယာတပ်အတွက်တန်ဖိုးရှိလား။


## (၂) သတင်းအရင်းအမြစ်နဲ့ သတင်းဌာနတွေရဲ့ယုံကြည်စိတ်ချရမှု

အောက်ပါအချက်တွေကို စဉ်းစားရမယ်။

(ကက) သတင်းအရင်းအမြစ်က ဘယ်လောက်မှန်ကန်ယုံကြည်ရလဲ။

( ခ ခ ) သတင်းဌာနက သတင်းကို တိတိကျကျပေးပို့နိုင်ဖို့ လုံလောက်တဲ့ လေ့ကျင့်ရေးအတွေ့အကြုံနဲ့ စွမ်းဆောင်ရည်ရှိလား။

(ဂဂ) လက်ရှိအခြေအနေ( အချိန်၊ နေရာ၊ နည်းနာနဲ့မြင်စွမ်းအရ သတင်းရနိုင်လား)



## (၃) သတင်းရဲ့တိကျမှန်ကန်မှု

သတင်းရဲ့တိကျမှန်ကန်မှုကို ဖြစ်စေ၊ သတင်းရဲ့နဂိုမှန်ကန်မှုကိုဖြစ်စေ ဆုံးဖြတ်ခြင်းဖြစ်တယ်။ အဲ့ဒီလိုဆုံးဖြတ်တဲ့နေရာမှာ

(ကက) သတင်းအကြောင်းအရာ၊ အဖြစ်အပျက်တွေက ဖြစ်နိုင်လား။

(ခခ) အဲ့ဒီသတင်းကို တခြားသတင်းရင်းမြစ်တွေ၊ တခြားသတင်းဌာနတွေက ရရှိတဲ့သတင်းတွေက အတည်ပြုထောက်ခံလား။

(ဂဂ) တခြားသတင်းရင်းမြစ်တွေ၊ တခြားသတင်းဌာနတွေက ရရှိတဲ့သတင်းတွေက ကိုက်ညီတာ၊ တူညီတာမရှိရင် ဘယ်ဟာက အမှန်ဖြစ်နိုင်လဲ။

## ■ သတင်းအရင်းအမြစ်နှင့် သတင်းဌာနတို့၏ယုံကြည်စိတ်ချရမှု အဆင့်အတန်း

သတင်းအဆင့်အတန်းကို အောက်ပါအတိုင်းသတ်မှတ်နိုင်ပါတယ်။

(က) အပြည့်အဝယုံကြည်ရသည်။ ***(က)***

(ခ) ယုံကြည်ရသည်။ ***(ခ)***

(ဂ) အသင့်အတင့် ယုံကြည်ရသည်။***(ဂ)***

(ဃ) မယုံကြည်ရ။ ***(ဃ)***

(င) လုံးဝမယုံကြည်ရ။ ***(င)***

(စ) စီစစ်ဆဲ ( မဆုံးဖြတ်ရသေး) ***(စ)***

သတင်း၏တိကျမှန်ကန်မှုအဆင့် အတန်းအောက်ပါအတိုင်းသတ်မှတ်နိုင်ပါတယ်။

(က) အခြားသတင်းရင်းမြစ်က အတည်ပြုထားတဲ့သတင်း ***(၁)***

(ခ) မှန်ကန်တဲ့သတင်း ***(၂)***

(ဂ) မှန်ကန်နိုင်တဲ့သတင်း ***(၃)***

(ဃ) မှန်ကန်ကြောင်း သံသယရှိနေသေးတဲ့ သတင်း ***(၄)***

(င) မဖြစ်နိုင်တဲ့သတင်း ***(၅)***

(စ) အမှန်/အမှား ဆုံးဖြတ်ရန် ခက်ခဲသောသတင်း ***(၆)***

***မှတ်ချက် -***

မိမိတို့ သင့်လျော်တဲ့ အဆင့်အတန်းအမှတ်အသားတွေနဲ့ သတ်မှတ်အသုံးပြုနိုင်ပါတယ်။

## ■ အနက်ကောက်ယူခြင်း

အနက်ကောက်ယူခြင်းဆိုတာ မှတ်တမ်းတင်ခြင်းနဲ့ အကဲဖြတ်ခြင်းလုပ်ပြီးတဲ့နောက် အကဲဖြတ်ပြီးသား သတင်းတွေရဲ့ထူးခြားချက်ကို ရရှိပြီးသတင်းတွေနဲ့ နှိုင်းယှဉ်ပြီး ခွဲခြားဆန်းစစ်ခြင်းပဲဖြစ်ပါတယ်။ သတင်းရဲ့ထူးခြားမှုကို အနက်ကောက်ရာမှာ ရှိပြီးသားသတင်းတွေနဲ့ ကိုက်ညီခြင်းရှိ/မရှိ အရင်ဆုံးကြည့်ဖို့လိုပါတယ်။ လက်ရှိမှန်းခြေအခြေနေကို ဘယ်လိုအကျိုးသက်ရောက်စေနိုင်လဲ သုံးသပ် ဆုံးဖြတ်ပါ။ အဲ့ဒီလိုလုပ်တဲ့နေရာမှာ အောက်ကအချက်တွေကို လိုအပ်ပါတယ်။

(၁) သိပြီးတဲ့သတင်းတွေနဲ့ ဆက်စပ်ပြီး အဲ့ဒီသတင်းကဘယ်လိုအဓိပ္ပါယ်ရှိလဲ။

(၂) သတင်းက အရင်ရရှိပြီးသတင်းတွေကို ပြောင်းလဲခြင်း၊ အတည်ပြုခြင်း၊

ပယ်ဖျက်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းများ လုပ်ပေးနိုင်ပါသလား။

(၃) သတင်းက ရန်သူ့လက်ရှိအခြေနေကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းတွေ လုပ်နိုင်သလား။

■ အသုံးပြုရေး (ထောက်လှမ်းချက်အသုံးပြုရေး)

အသုံးပြုရေးဆိုတာ တည်ဆောက် ပြီးတဲ့ ထောက်လှမ်းချက်ကို ချင့်ချိန်ဆုံးဖြတ်နိုင်ဖို့နဲ့ စီမံချက်တွေ အခြေပြုရေးဆွဲနိုင်ဖို့ တပ်မှူးကိုတင်ပြခြင်းနဲ့ အထက်အောက်ဝဲယာတပ်/ဌာနတွေကို အချိန်မီ အသုံးပြုနိုင်ဖို့ ပေးပို့တင်ပြခြင်းပဲဖြစ်ပါတယ်။ ထောက်လှမ်းချက်အသုံးပြုရေးမှာ ထောက်လှမ်းရေးမှန်းခြေပြုစုခြင်းနဲ့ ဖြန့်ချီခြင်းဆိုပြီး နှစ်မျိုးရှိပါတယ်။

■ ထောက်လှမ်းရေးမှန်းခြေပြုစုခြင်း

ထောက်လှမ်းရေးမှန်းခြေဆိုတာ စစ်နယ်မြေနဲ့ ရန်သူ့အခြေအနေ ထူးခြားချက်တွေကို၊ ရန်သူ့စွမ်းဆောင်နိုင်မှုတွေကို အချုပ်အားဖြင့် ခွဲစိတ်ပိုင်းခြားပြခြင်းပဲဖြစ်ပါတယ်။ တာဝန်ခံတပ်မှူးဟာ ထောက်လှမ်းရေး ခန့်မှန်းခြေကိုကြည့်ပြီး အဲ့ဒီမှာပါတဲ့ အချက်အလက်တွေနဲ့ မိမိနည်းလမ်းတွေကို ချိန်ထိုးပြီး အကောင်းဆုံးနည်းလမ်းကို ရွေးချယ်ရပါတယ်။ ထောက်လှမ်းရေးမှန်းခြေကို အချိန်နဲ့တပြေးညီ ပြည့်ပြည့်စုံစုံတင်ပြရပါတယ်။ ထောက်လှမ်းရေးအရာရှိတယောက်ဟာ ထောက်လှမ်းရေး ခန့်မှန်းခြေကို တပ်မှူးဆီကို မိမိသဘောဆန္ဒအတိုင်း အခြေနေအရလိုအပ်တဲ့ဖြစ်စေ၊ တပ်မှူးက လိုအပ်တဲ့အခါဖြစ်စေ တင်ပြရပါတယ်။

■ ဖြန့်ချီခြင်း

ဖြန့်ချီခြင်းဆိုတာ တည်ဆောက်ပြီးထောက်လှမ်းချက်တွေကို သက်ဆိုင်ရာတပ်/ဌာနတွေကို အချိန်မီ အသုံးပြုနိုင်အောင် ဖြန့်ချီခြင်းပဲဖြစ်ပါတယ်။ တည်ဆောက်ပြီး ထောက်လှမ်းချက်တွေရဲ့ တန်ဖိုးဟာ အထက်အောက်ဘေးနံတပ်/ဌာနတွေကို အချိန်မီပေးပို့နိုင်ခြင်း အပေါ်မူတည်ပါတယ်။ သာမန်တည်ဆောက်ပြီး ထောက်လှမ်းချက်တွေကို ဖုန်းမက်ဆေ့ချ်၊ ဖုန်းခေါ်ဆိုခြင်း၊ ကြေးနန်းစာ၊ အစည်းအဝေး၊ ထောက်လှမ်းရေးစာတမ်း စသဖြင့် ပေးပို့ဖြန့်ဝေပါတယ်။ ရန်သူနဲ့ရင်ဆိုင် နေရချိန်မှာဆိုရင် ထောက်လှမ်းချက်တွေကို အချိန်နဲ့တပြေးညီပေးပို့နိုင်ရေးက အထူးအရေးကြီး ပါတယ်။

■ ညွှန်ကြားရေး (သတင်းစုဆောင်းရန်ညွှန်ကြားရေး)

ညွှန်ကြားရေးက တိုက်ပွဲထောက်လှမ်းရေးအတွက် လိုအပ်တဲ့သတင်းတွေကို ရှာဖွေစုဆောင်းဖို့ သတင်းဌာနတွေကို ညွှန်ကြားခြင်းပဲဖြစ်ပါတယ်။ လေးမျိုးခွဲထားပါတယ်။

(က) လိုအပ်သောသတင်းအချက်အလက်များသတ်မှတ်ခြင်း။

(ခ) စုဆောင်းရေးစီမံချက်ရေးဆွဲခြင်း။

(ဂ) သတင်းဌာနများသို့ အမိန့်၊ ပန်ကြားချက်တွေ ပေးပို့ခြင်း။

(ဃ) သတင်းဌာနများ၏ သတင်းစုဆောင်းရေးကိစ္စများကို ကြီးကြပ်ခြင်း။

တိုက်ပွဲထောက်လှမ်းရေးမှာ သတင်းစုဆောင်းရေးကြိုးပမ်းမှုကို ညွှန်ကြားတာက အလွန်အရေးကြီး ပါတယ်။ ပထမဆုံး ဘယ်လိုသတင်းမျိုးကို စုဆောင်းရမယ်၊ ဘယ်သူကစုဆောင်းရမယ်၊ ဆုံးဖြတ်ရ ပါတယ်။ လိုအပ်တဲ့အမိန့်ပန်ကြားချက်တွေထုတ်ပြီး သတင်းဌာနတွေကို တပ်မှူးကိုယ်တိုင်ကြီးကြပ်ရပါတယ်။ ဆုံးဖြတ်ချက်တရပ်ချမှတ်ရန်၊ စီမံချက်တခုပြင်ဆင်ရန်၊ စစ်ဆင်မှုဆောင်ရွက်ရန်၊ အငိုက်ဖမ်းမိခြင်းက နေရှောင်ရှားနိုင်ရန်အတွက် သီးခြားလိုအပ်တဲ့ ထိပ်တန်းလျှို့ဝှက်သတင်းတွေ စုဆောင်းတဲ့ သတင်းဌာနတွေရဲ့ ကြိုးစားမှုနဲ့ အထူးလိုအပ်တဲ့သတင်းအသေးစိတ်တွေကို စုစည်းနိုင်ဖို့ တပ်မှူးကိုယ်တိုင် ညွှန်ကြားရပါမယ်။

***Ref; လေ့ကျင့်ရေးစာစောင်***




# ကိုငယ်ရေ

ကိုလတ်

ဒီတပတ်တော့ လူသားတွေရဲ့ ဘဝကို နောက်ကွယ်ကနေ ထိန်းချုပ်မောင်းနှင်ပေးနေပြီး ကိုယ်က သတိမထားမိတဲ့ အချိန်မှာတောင် ကိုယ်ရဲ့ ဘဝကို လွှမ်းမိုးပုံဖေါ်ပေးနေတတ်တဲ့ စိတ္တဇနာမ်တခု အကြောင်းကို ပြောပြချင်တယ်။ ဒါကတော့ ကိုယ်ရဲ့ ခံယူချက် (Core Beliefs) ပဲ။ လူတယောက်ရဲ့ ခံယူချက်ဆိုတာက သူရဲ့ အတွေးအခေါ်နဲ့ အကြံအစည်ကို ရောင်ပြန်ဟပ်လေ့ရှိတာကြောင့် ကိုယ့်ကိုယ်ကို ဘယ်လိုမြင်တယ်၊ သူများတွေအပေါ် ဘယ်လိုမြင်တယ်၊ ကမ္ဘာလောကကြီးနဲ့ ဘယ်လိုအပြန်အလှန် ထိတွေ့ဆက်ဆံတယ်ဆိုတာတွေအထိပါ နက်နက်ရှိုင်းရှိုင်းသက်ရောက်မှု ရှိတယ်။ အရာရာကို ကိုယ်က ဘယ်လိုသိမြင်နားလည်တယ်နဲ့ ဘယ်လိုတုံ့ပြန်တယ် ဆိုတာကို လွှမ်းမိုးချယ်လှယ်နိုင်တယ်ဆိုမှတော့ အောင်မြင်တာ၊ ကျရှုံးတာနဲ့ ပျော်ရွှင်မှုအဆင့် စတာတွေ အကုန်လုံးအပေါ်မှာ သေချာပေါက် သက်ရောက်နေပြီပေါ့။

သတိပြုရမယ့်အချက်က ခံယူချက်တွေဟာ အတွေးသက်သက် မဟုတ်ဘူး။ ကိုယ်ရဲ့ လက်ရှိဖြစ်တည်နေတဲ့ အရှိတရားရဲ့ အကြောင်းရင်းခံတွေပါ။ ကိုယ်အခု ဖြစ်နေတဲ့ ဘဝဟာ ကိုယ်လက်ခံထားတဲ့ ယုံကြည်ချက်တွေရဲ့ အကျိုးဆက်တွေပါ။ သတင်းကောင်းတခုရှိပါတယ်။ ကိုယ်လက်ခံထားတဲ့ ခံယူချက်တွေဟာ ကိုယ့်အတွက်မကောင်းဘူးဆိုရင် ပြန်လည်ပြုပြင်လို့ ရပါတယ်။ ဒါဆိုရင် ခံယူချက်ဆိုတာ ဘာတွေလဲ။ ဘာကြောင့် အရေးပါတာလဲ။ သာယာပျော်ရွှင်တဲ့ ဘဝတခုကို ထိန်းသိမ်းထားနိုင်ဖို့အတွက် အခြေခံလိုအပ်ဖြစ်တဲ့ ခံယူချက်တွေကို ဘယ်လိုတည်ဆောက်နိုင်မလဲဆိုတာ ဆက်လေ့လာကြတာပေါ့။

ခံယူချက်ဆိုတာက ဘာလဲ။

လူ့ခန္ဓာကိုယ်ဟာ အလိုအလျောက် လှုပ်ရှားရုန်းကန်ပြီး ရှာဖွေစားသောက်ရင်းနဲ့ လူအချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံနိုင်တဲ့ ဇီဝစက်ရုပ်တရုပ်လို့ ရှုမြင်ကြည့်လိုက်ရင် ခံယူချက်ဆိုတာက ဘယ်လိုလှုပ်ရှားလုပ်ကိုင်ပြီး ရှာဖွေစားသောက်မယ်၊ ကမ္ဘာလောကကြီးနဲ့ ဘယ်လိုထိတွေ့ဆက်ဆံမယ် ဆိုတာကို ဆုံးဖြတ်ပေးနေတဲ့ ဆော့ဝဲရ်လို့ ယူဆနိုင်တယ်။ ပတ်ဝန်းကျင်နဲ့ ကမ္ဘာလောကကြီးမှာ ဖြစ်ပျက်သမျှကို ကိုယ့်အနေနဲ့ ဘယ်လိုရှုမြင်တယ်ဆိုတာက ခံယူချက်နဲ့ ဆိုင်ပါတယ်။

လူတယောက်ရဲ့ ခံယူချက်တွေဟာ ကလေးဘဝတလျှောက်မှာ စတင်သန္ဓေတည်လာလေ့ ရှိပါတယ်။ ကြုံတွေ့ခဲ့ရတဲ့ ငယ်ဘဝက အဖြစ်အပျက်တွေ၊ မိသားစုဝင်တွေကြားက ဆက်ဆံရေးတွေ၊ လူ့ယဉ်ကျေးမှု၊ လူ့အသိုင်းအဝိုင်း စတာတွေက ပုံပြောင်းပေးတာကို အဆင့်ဆင့်

ဖြတ်သန်းပြီးတဲ့ အခါမှာတော့ ခံယူချက်တွေဟာ ကိုယ့်ရဲ့ မသိစိတ် (Unconscious Mind) အနေနဲ့ နေရာယူထားလိုက်ပါတယ်။ မသိစိတ်က ဦးနှောက်လုပ်ဆောင်ချက်တွေရဲ့ ၉၀ ရာခိုင်နှုန်းကျော်ကို ချုပ်ကိုင်ထားတာဆိုတော့ ကိုယ့်ဘဝကို ဘယ်လိုဖြတ်သန်းသင့်တယ် ဆိုတာကို အဓိက ပြဋ္ဌာန်းပေးနေတယ်လို့ ဆိုနိုင်တယ်။ အချို့သောခံယူချက်တွေက ရုန်းကန်လှုပ်ရှားပြီးတော့ ရှင်သန်နေထိုင်ဖို့အတွက် တွန်းအားပေးနေပေမယ့် အချို့ခံယူချက်တွေကတော့ ဂူထဲမှာ ပြန်ဝင်နေဖို့ နှိုးဆော်နေတတ်ပါတယ်။

ခံယူချက်ကို (၃) မျိုး ပိုင်းခြားနိုင်တယ်။

### ၁။ မိမိအပေါ် ခံယူချက်

ဒီခံယူချက်တွေက ကိုယ်ဟာ ဘယ်လိုလူစားလဲ ဆိုတာကို ဖော်ပြပေးလေ့ ရှိတယ်။ ဥပမာအားဖြင့် ကိုယ့်ကိုယ်ကို လုပ်ဆောင်နိုင်စွမ်းရှိပြီးတော့ အောင်မြင်ပျော်ရွှင်နိုင်တယ်လို့ အကောင်းမြင်သလား၊ မလုပ်တတ်မကိုင်တတ်နဲ့ အမြဲတမ်း ကျရှုံးနေတယ်လို့ အဆိုးမြင်သလား။

### ၂။ တဘက်သားအပေါ် ခံယူချက်

ဒီခံယူချက်တွေက ကိုယ့်ရဲ့အပေါင်း အသင်းတွေနဲ့ ဘဝလက်တွဲဖော်ကို ရွေးချယ်ပေးလေ့ ရှိတယ်။ ဥပမာအားဖြင့် လူတွေဟာ ပုံမှန်အားဖြင့် ကြင်နာသနားစိတ်ရှိပြီးတော့ ကူညီတတ်ကြပါတယ်လို့ အကောင်းမြင်သလား၊ လူတိုင်းဟာ အတ္တသမားချည်းပဲလို့ အဆိုးမြင်သလား။

### ၃။ ကမ္ဘာလောကအပေါ် ခံယူချက်

ဒီခံယူချက်တွေက ကိုယ့်ဘဝကို မည်သို့မည်ပုံ လျှောက်လှမ်းမယ်ဆိုတာကို သတ်မှတ်ပေးလေ့ ရှိတယ်။ ဥပမာအားဖြင့် အခွင့်အလမ်းဆိုတာက ကိုယ့်ကိုယ်ကိုယ်သာ ကြိုတင်ပြင်ဆင်ထားရင် အချိန်တိုင်းနေရာတိုင်းမှာ ကြုံတွေ့ရနိုင်တယ်လို့ အကောင်းမြင်သလား၊ ဘဝဆိုတာ ဘယ်တော့မှ မမျှတလို့ ငါ့အတွက်လည်း ဘာအခွင့်အရေးမှ ရှိလာမှာမဟုတ်ဘူးလို့ အဆိုးမြင်သလား။

### ခံယူချက်က ဘာလို့အရေးပါတာလဲ။

ရိုးရှင်းတဲ့ အမှန်တရားကတော့ ခံယူချက်ဟာ ကိုယ့်ရဲ့ အရှိတရားကို ပုံဖော်ပေးနိုင်တာကြောင့်ပါပဲ။

ကိုယ်က လုပ်ဆောင်နိုင်စွမ်းရှိတယ်လို့ ယုံကြည်ရင် အခက်အခဲတွေနဲ့ စိန်ခေါ်မှုတွေကို ကြုံတွေ့ရတဲ့အခါ ထိုးဖောက်ကျော်လွှားဖို့ ကြိုးစားနေမှာပဲ။ အခွင့်အလမ်းဆိုတာက အမြဲတမ်းရှိနိုင်တယ်လို့ ယုံကြည်ရင် တက်တက်ကြွကြွ ရှာဖွေနေမှာပဲ။ လူသားတွေဟာ ကြင်နာတတ်တယ်လို့ ယုံကြည်ရင် ရေရှည်လက်တွဲဖော်ကို ရှာမှာပဲလေ။

ဒါပေမယ့် ကိုယ့်ရဲ့ ခံယူချက်တွေက အဆိုးမြင်နေရင် ဘာဖြစ်နိုင်လဲ။ အဆိုးမြင်တဲ့ ခံယူချက်တွေက စိတ်ဖြေသာနိုင်မယ့် ဟောကိန်းတွေကို ထုတ်ပေးလေ့ ရှိကြတယ်။ ကိုယ့်ကိုယ်ကို အသုံးမကျဘူးလို့ ယုံကြည်ရင် အတွေ့အကြုံသစ်တွေကို စမ်းသပ်လိုစိတ် ဖြစ်မလာနိုင်ဘူး။ အောင်မြင်မယ်လို့ မယုံကြည်ရင် ဘယ်လိုစိတ်နဲ့ ပြီးမြောက်အောင် ဆောင်ရွက်လိုစိတ် ရှိပါ့မလဲ။ ဒါကြောင့် ကိုယ့်စိတ်ကို အကန့်အသတ်ပေးနေတဲ့ ခံယူချက်တွေကို ဆန်းစစ်သုံးသပ်ပြီးတော့ ခွန်အားပေးစွမ်းနိုင်မယ့် ခံယူချက်တွေနဲ့ အစားထိုးဖို့ လာအပ်တာပေါ့။

ခံယူချက်တွေကို ဘယ်လိုသိရှိအောင်လုပ်မလဲ၊ ဘယ်လိုအစားထိုးမလဲ။

ပထမဦးဆုံး ကိုယ့်ရဲ့ ရှိရင်းစွဲခံယူချက်တွေကို သိနိုင်ဖို့အတွက် ကိုယ့်ကိုယ်ကို ဒီမေးခွန်းတွေ မေးကြည့်ပါ။

- ကိုယ့်ကိုယ်ကို ဘယ်လို ယုံကြည်ထားသလဲ။
- ကိုယ့်ဘဝရဲ့ အောင်မြင်မှု ဆိုတာတွေက ဘာတွေလဲ။
- ပျော်ရွှင်မှုဆိုတာက ဘာလဲ။
- ဘဝကြင်ဖော်ဆိုတာကို ဘယ်လိုပုံဖော်စိတ်ကူးထားလဲ။
- အပေါင်းအသင်းတွေဆီက ဘာတွေ မျှော်လင့်ထားသလဲ။
- ကိုယ့်ခံယူချက်တွေက ကိုယ့်ကို အောင်မြင်ကြီးပွားလာစေဖို့ အထောက်အပံ့ဖြစ်နိုင်လား ဒါမှမဟုတ် နောက်ပြန်ဆွဲနေလား။

အဖြေတွေကိုချရေးထားပါ။ကိုယ့်ကိုယ်ကိုမလိမ်ပါနဲ့။ ကိုယ့်ရဲ့ခံယူချက်တွေကို ချရေးထားနိုင်ရင်ပဲ မျက်စိပွင့်နားပွင့်ဖြစ်သွားနိုင်ပါတယ်။ ကိုယ်ယုံကြည်ထားသမျှဟာ အားလုံးမမှန်နိုင်ဘူးဆိုတာကိုတော့ သတိရပါ။ တော်တော်များများက အတိတ်က အတွေ့အကြုံကို အခြေခံပြီးတော့ ကိုယ့်ကိုယ်ကို ပြောပြထားတဲ့ လိမ်စဉ်တွေ ဖြစ်နေလေ့ရှိပါတယ်။ အဆိုးမြင်နေတဲ့ ခံယူချက်တခုကို သိလာပြီးဆိုရင် ကိုယ့်ကိုယ်ကို ဒီမေးခွန်းတွေ မေးကြည့်ပါ။

- ဒီခံယူချက်က ဘယ်ကဖြစ်တည်လာတာလဲ။
- ဒီခံယူချက်က မှန်ကန်ပါတယ်ဆိုတာက သက်သေပြနိုင်မယ့် အထောက်အထားရှိသလား။
- ဒီခံယူချက်က မမှန်ပါဘူးလို့ ယူဆမိတဲ့ ကာလတွေ ရှိသလား။

ဥပမာအားဖြင့် "ငါက ဘယ်တော့မှ မအောင်မြင်ဘူး" ဆိုတဲ့ အဆိုးမြင်တဲ့ ခံယူချက်ရှိနေရင် အတိတ်ကာလမှာတုန်းက အောင်မြင်ထွန်းပေါက်ခဲ့တဲ့ ကိစ္စရပ်တွေနဲ့ ပြန်ချိန်ထိုးဆန်းစစ်ရမယ်။ ကိုယ့်နာမ်ကို ကိုယ်နှိမ်ထားရင် ထူးချွန်ဖို့ခက်တာပေါ့။

နောက်ပြန်ဆွဲနေတဲ့ ခံယူချက်တွေ ရှိနေရင်လည်း ခွန်အားရှိစေမယ့် ခံယူချက်တွေနဲ့ အစားထိုးနိုင်တယ်။ အဆိုးမြင်စေတဲ့ ခံယူချက်တခုကို သိရှိခံစားရရင် ဖြေရှင်းနိုင်ဖို့အတွက် လိုက်နာရမယ့် နည်းလမ်းကတော့ ဇာတ်ညွှန်းပြင်ရေးခြင်းပဲ။ ဥပမာအားဖြင့် "ငါက ဘာမှအဖြစ်မရှိဘူး" ဆိုတဲ့ ခံယူချက်ရှိနေရင် "ငါက စိုက်လိုက်မတ်တတ်ကြိုးစားနေတာပဲ၊ ငါ တိုးတက်နေပါတယ်" လို့ ပြန်တွေးတာမျိုးပေါ့။ "ငါက ဘယ်တုန်းကမှ အခွင့်အရေးမရခဲ့ဘူး" လို့ တွေးမယ့်အစား "ငါ့အတွက် အခွင့်အရေးကို ငါ့ဘာသာ လှံ့လစိုက်ပြီး စွဲစွဲမြဲမြဲ တည်ဆောက်မယ်" လို့ တွေးကြည့်ပါ။ စစချင်းမှာတော့ ကိုယ့်ဦးနှောက်က ငြင်းဆန်တာကို ကြုံရလေ့ ရှိတယ်။ ဒါပေမယ့် ခံယူချက်အဟောင်းတွေကို လက်ခံခါစမှာလည်း အခုလိုမျိုး ခက်ခဲခဲ့တယ်ဆိုတာကိုတော့ သတိရပါ။ ထပ်ခါထပ်ခါ ပြောပေးတွေးပေးနေရင် ကိုယ့်ဦးနှောက်က စတင်လက်ခံလာပါတယ်။

## ကိုယ့်ကိုယ်ကို အကောင်းမြင်စိတ်တွေနဲ့ လွှမ်းခြုံပါ။

"ကိုယ်ဟာ ကိုယ်အမြဲလိုလို ပေါင်းသင်းတဲ့ အပေါင်းအသင်း (၅) ယောက်ရဲ့ ပျမ်းမျှခြင်းပဲ" ဆိုတဲ့ စကားကို ကြားဖူးမှာပေါ့။ ကိုယ့်ပတ်ဝန်းကျင်ဟာ ကိုယ့်ရဲ့ ခံယူချက်တွေအပေါ်မှာ အဓိက လွှမ်းမိုးနိုင်တာကြောင့်ပါပဲ။ ဒါကြောင့် ကိုယ့်ကို စိတ်ရောကိုယ်ပါ မြှင့်တင်ပေးနိုင်မယ့် လူတွေနဲ့ အပေါင်းအသင်းလုပ်ရမယ်။ စာဖတ်ပါ။ အသံသတင်း (Podcast) နားထောင်ပါ။ အဆိပ်သင့်နေတဲ့ လူတွေ၊ လူမှုမီဒီယာတွေက အနှုတ်သဘောဆောင်တဲ့ သတင်းအချက်အလက်တွေနဲ့ စိတ်ခံစားချက်တွေကို ကိုယ့်ဆီမရောက်လာအောင် ကန့်သတ်ထားပါ။

## ခံယူချက်သစ်တွေကို အားဖြည့်ပါ။

ခံယူချက်ဆိုတာက စကားလုံးသက်သက် ဖြစ်လို့မရပါဘူး။ ကိုယ်က ခံယူပြီးရင်တော့ အကောင်အထည်ဖော်ပေးဖို့ လိုတာပေါ့။ ကိုယ့်ကိုယ်ကိုယ် စွမ်းဆောင်နိုင်တယ်လို့ ယုံကြည်တယ်ဆိုရင် အစည်းအဝေးတွေမှာ ဝင်ဆွေးနွေးပါ။ ကိုယ့်ကိုယ်ကိုယ် ကြွယ်ဝနိုင်တယ်လို့ ယုံကြည်ရင် အခွင့်အလမ်းတွေကို ရှာဖွေပြီး ဆုပ်ကိုင်ပါ။ လူအများက ကြင်နာတတ်တယ်လို့ ယုံကြည်တယ်ဆိုရင် မရင်းနှီးတဲ့လူတွေနဲ့ စကားပြောဖို့ မတွန့်ဆုတ်ပါနဲ့။ ကိုယ် ယုံကြည်ထားသလိုမျိုး ကျင့်ကြံအားထုတ်တဲ့ အခါတိုင်းမှာ ကိုယ်ရဲ့ ခံယူချက်စနစ်ကို ပိုမိုအားကောင်းလာစေပါတယ်။

## အသိနဲ့ သတိကပ်ထားပါ၊ ကျေးဇူးတင်တတ်ပါစေ။

ကိုယ့်ရဲ့ ခံယူချက်ကို ပြောင်းလဲရာမှာအကောင်းဆုံးနည်းလမ်းကတော့ ကောင်းနေတဲ့ အရာတွေကို အာရုံစိုက်ခြင်းပဲ။ နေ့စဉ်နေ့တိုင်း မိနစ်အနည်းငယ်လောက် အချိန်ယူပြီးတော့ တနေ့တာအတွင်းမှာ ကြုံတွေ့ခဲ့ရတဲ့ ကျေးဇူးတင်ထိုက်တဲ့ အကြောင်းအရာတွေကို ချရေးပါ။ အပြုသဘောဆောင်တဲ့ အခိုက်အတန့်တွေကို ပြန်လည်သုံးသပ်ပါ။ အနှုတ်လက္ခဏာဆောင်တဲ့ အတွေးတွေကို သတိပြုမိရင် အစားထိုးဖို့ ကြိုးစားပါ။

လူ့ဦးနှောက်ဟာ အနှုတ်လက္ခဏာဆောင်တဲ့ အဆိုးမြင်တာတွေကို မသိပါဘူး။ မကြာခဏတွေးနေရင် အမှန်လိုပဲ ခံယူလိုက်လေ့ရှိတယ်။ "ဆင်" အကြောင်းမတွေးဘဲ နေကြည့်ပါ။ မတွေးဘဲ မနေနိုင်ဘူး မဟုတ်လား။ ဒါကြောင့် အပေါင်းလက္ခဏာဆောင်တဲ့ အကောင်းမြင်တာတွေကို မကြာခဏတွေးပေးနိုင်ရင် ကိုယ့်ဦးနှောက်ကလည်း အကောင်းမြင်လာပါတယ်။ ဒီလိုရိုးရှင်းတဲ့ လေ့ကျင့်မှုတွေက အပြုသဘောဆောင်တတ်တဲ့ အမူအကျင့်တွေဆီ အာရုံပြန်စိုက်နိုင်စေတာကြောင့် ခံယူချက်ပါ လိုက်ပြောင်းသွားစေနိုင်ပါတယ်။

## သင့်ခံယူချက်က သင့်ဘဝပါ။

"သင့်နဲ့ သင့်ဘဝပန်းတိုင်တွေကြားမှာ အကန့်အသတ်ဖြစ်နေတာက သင့်ကိုယ်သင် ပြောပြနေတဲ့ ဇာတ်လမ်းတွေပဲ" လို့ တိုနီ ရောဘင် က ဆိုပါတယ်။ ခံယူချက်တွေမှာ စွမ်းအားရှိပါတယ်။ ကိုယ့်ရဲ့ ခံယူချက်တွေက ကိုယ့်

ကိုယ်ကို ယုံကြည်နိုင်ဖို့၊ အောင်မြင်နိုင်ဖို့နဲ့ ဘယ်လောက်အထိ ပျော်ရွှင်ရမယ်ဆိုတာကို အဆုံးအဖြတ်ပေးနိုင်ပါတယ်။ ကိုယ့်ခံယူချက်တွေကို ပြောင်းလဲနိုင်ရင် အတွေးအခေါ်နဲ့ အယူအဆတွေပါ လိုက်ပါပြောင်းလဲသွားတာကြောင့် ကိုယ့်အနာဂတ်ကပါ တဆက်တည်း ပြောင်းလဲသွားပါတယ်။

ဒီအထိ ဖတ်ပြီးပြီ ဆိုရင်တော့ သင်လည်း စိတ်ရဲ့ သဘောသဘာဝကို စိတ်ဝင်စားတတ်တဲ့ လူတယောက်ဖြစ်ကြောင်းကို သက်သေပြပြီးပါပြီ။ ဒါကြောင့် ဒီစိန်ခေါ်မှု (၃) ခုကို ရင်ဆိုင်ကြည့်ပါ။

■ သင့်ကို ဟန့်တားနှောင့်နှေးနေစေတဲ့ ခံယူချက်တခုကို ဖော်ထုတ်ပါ။

■ အဲ့ဒီခံယူချက်က မမှန်ကန်ဘူးဆိုတဲ့ အထောက်အထားတွေကို ရှာဖွေကြည့်ပြီးတော့ ပြောင်းလဲပစ်နိုင်ဖို့ စိန်ခေါ်ပါ ။

■ အပြုသဘောဆောင်တဲ့ ခံယူချက်နဲ့ အစားထိုးပြီးတော့ ခိုင်မြဲလာအောင် အားဖြည့်ပေးပါ။

ကိုယ့်ရဲ့ စွမ်းရည်ကို စယုံကြည်လာတာနဲ့ ဘဝက စပြောင်းလဲသွားပါတယ်။ ဒါကြောင့် "ကောင်းအောင်ကြိုးစားနေသရွေ့ လူကောင်းပဲ" ဆိုတဲ့ စကားကို လက်ကိုင်ပြုရင်း တိုင်းပြည်နဲ့ လူမျိုးအတွက် ဒီမိုကရေစီပန်းတိုင်ကို လှမ်းကိုင်ခွင့်ပြုနိုင်ပါစေကြောင်း။



# လူသားလုံခြုံမှု

မျက်သွယ်

လုံခြုံရေးဆိုတဲ့ စကားရပ်က အမှန်တကယ်မှာ ကျယ်ပြောပေမယ့်လည်း တယောက်ချင်းစီ နားလည်ထားပုံတွေကတော့ ကျဉ်းမြောင်းနေလေ့ရှိတယ်။ ဥပမာ - လုံခြုံရေးကိစ္စရပ်လို့ ပြောလိုက်ရင် ကြီးကျယ်တဲ့ စစ်ရေးသဘောတရားကြီးတွေနဲ့ နိုင်ငံတော်အရေးကိုသာ ပြေးမြင်လေ့ရှိကြတယ်။ သို့သော်ငြားလည်း လုံခြုံရေးကို လိုအပ်ချက်အရ နယ်ပယ်အမျိုးမျိုးခွဲခြားလာကြရာမှာ ကမ္ဘာလုံးဆိုင်ရာအဆင့်ကစလို့ ကမ္ဘာပေါ်/ နိုင်ငံတွင်းနေထိုင်ကြတဲ့ လူတဦးတယောက်ချင်းဆိုတာကိုပါ ထည့်သွင်းလာကြပြီးတော့ အဆိုပါလူတဦးတယောက်ချင်းစီအတွက် လုံခြုံရေးဆိုတာကို လူသားလုံခြုံရေး(Human Security) လို့ သုံးနှုန်းပါတယ်။

လူသားလုံခြုံရေးဆိုတာရဲ့ အဓိပ္ပာယ်ကို မလေ့လာခင် ပထမလေ့လာရမှာက အမျိုးသားလုံခြုံရေးဆိုတဲ့ ဝေါဟာရရဲ့ အဓိပ္ပာယ်ဖြစ်တယ်။ ဒုတိယကမ္ဘာစစ်ကတည်းကစလို့ အသုံးများလာတဲ့ အမျိုးသားလုံခြုံရေး (National Security) ဆိုတဲ့ ဝေါဟာရမှာ အဓိပ္ပာယ်တွေ အမျိုးမျိုး ရှိတာကို တွေ့ရတယ်။ တခုချင်းစီကိုလည်း အသုံးပြုသူတွေက မိမိ လိုချင်တဲ့ အဓိပ္ပာယ်ကို လိုသလို ဆွဲယူတွေးကာ သုံးစွဲတဲ့

အတွက်ကြောင့် အပြည့်စုံဆုံးဆိုတာကို ဘယ်သူက၊ ဘယ်မှာ ပြောခဲ့ပါတယ်လို့ ရည်ညွှန်းဖို့ရာ ခက်ခဲတယ်လို့ ဆိုရမှာပဲ။ ဒီလိုမျိုး အကျိုးစီးပွားအမြင်တွေမပါဘဲ အရှင်းလင်းဆုံးနဲ့ အပြည့်စုံဆုံး ဖွင့်ဆိုနိုင်တဲ့ စကားစုကတော့ "နိုင်ငံတနိုင်ငံရဲ့ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ ခိုင်မြဲမှု၊ နိုင်ငံသားတွေရဲ့ ဘဝလုံခြုံမှုနဲ့ အမျိုးသားအကျိုးစီးပွားတွေကို ပြည်တွင်း၊ ပြည်ပရန်များမှ ကာကွယ်ထိန်းသိမ်းခြင်း" ဆိုတာ ဖြစ်တယ်။ ဒါပေမယ့်လည်း ဒုတိယကမ္ဘာစစ်စတင်တဲ့အချိန်အထိကို အမျိုးသားလုံခြုံရေးဆိုတဲ့စကားဟာ လူအများစု အခုထိ ထင်မြင်နေကြတဲ့ စစ်ရေးတခုတည်းကို ရှေ့တန်းတင်ထားတာပဲ။ စစ်အေးခေတ်ကို ရောက်မှသာ အမျိုးသားလုံခြုံရေးကို စစ်ရေးသာမက အခြားနယ်ပယ်တွေရောပေါင်းထည့်၊ ကျယ်ပြန့်တဲ့အဓိပ္ပာယ်တွေ ဖွင့်ဆိုလာကြတာဖြစ်ပါတယ်။

ဒီမှာ ပေါင်းထည့်လာတဲ့ အခြားနယ်ပယ်တွေဆိုတာက

၁။ နိုင်ငံရေးလုံခြုံရေး
၂။ စီးပွားရေးလုံခြုံရေး
၃။ လူမှုရေးလုံခြုံရေး
၄။ သဘာဝပတ်ဝန်းကျင် လုံခြုံရေး
၅။ ကျန်းမာရေးလုံခြုံရေး ဆိုတာတွေ ဖြစ်တယ်။ နိုင်ငံတော်အတွက်သာမကဘဲ နိုင်ငံအတွင်းမှာ ရှင်သန်နေထိုင်နေကြတဲ့ လူ့အဖွဲ့အစည်းအတွင်းက လူတွေအတွက်ပါ ထည့်သွင်းစဉ်းစားလာတယ်လို့ ပြောလို့ရတယ်။

ဘာ့ကြောင့်အမျိုးသားလုံခြုံရေးဆိုတာကို ဖော်ဆောင်ရာမှာ နိုင်ငံတော်လုံခြုံရေးအတွက် သာမဟုတ်၊ လူ့အဖွဲ့အစည်းအတွင်းက လူတွေကိုပါ ထည့်သွင်းစဉ်းစားလာကြတာလဲ။ အဓိကကတော့ အစောပိုင်းမှာ အမျိုးသားလုံခြုံရေးကို အဓိပ္ပာယ်ဖွင့်ဆိုခဲ့သလို၊ နိုင်ငံကို ပြည်ပရန်ကသာမက ပြည်တွင်းရန်၊ ပြည်တွင်းခြိမ်းခြောက်မှုတွေကနေ ကာကွယ်ပေးနိုင်ဖို့ပဲ ဖြစ်တယ်။

ပြည်တွင်းရန်ကာကွယ်တယ်ဆိုရာမှာ နိုင်ငံရဲ့ နယ်နိမိတ်အတွင်းက ဖြစ်ပေါ်လာတဲ့ ခြိမ်းခြောက်မှု တွေကို ကာကွယ် ရှင်းလင်းဖို့လို့ဆိုလိုတာပါ။ ဒီခြိမ်းခြောက်မှုတွေက လူ့အဖွဲ့အစည်းအတွင်းမှာ မြင်သာတဲ့ ပုံစံမျိုးစုံနဲ့ ရှိနေသလို တခါတရံမှာလည်း မမြင်သာတဲ့ သဘောတရားတွေကနေ အမျိုးသားလုံခြုံရေးကို ထိခိုက်စေနိုင်တာမျိုးတွေလည်း ဖြစ်နေတတ်တယ်။ လက်နက်ကိုင်ပဋိပက္ခတွေ၊ နိုင်ငံရေး၊ စီးပွားရေးမတည်ငြိမ်မှုတွေ၊ လူမျိုးရေးနဲ့ ဘာသာရေးဆိုင်ရာ ပဋိပက္ခတွေ၊ ရာဇဝတ်မှုနဲ့ သဘာဝဘေး အန္တရာယ်တွေနဲ့ အခြားသော လုံခြုံရေးကို ထိခိုက်စေနိုင်မယ့် ပြဿနာတွေဟာ ပြည်တွင်းရန်တွေပဲ ဖြစ်ပြီး၊ အဲ့ဒီခြိမ်းခြောက်မှုတွေကို တိုက်ရိုက်ခံစားရမှာက ပြည်သူလူထုပဲ ဖြစ်တယ်မဟုတ်လား။ ဒီအတွက် ပြည်သူတဦးတယောက်ချင်းစီ လုံခြုံမှုမရှိခြင်းဟာ၊ လူ့အဖွဲ့အစည်းနဲ့ နိုင်ငံတော်လုံခြုံရေး ကိုပါ ထိခိုက်လာစေနိုင်ပါတယ်။ ဒါကြောင့်လည်း လူသားလုံခြုံရေးဆိုင်ရာပညာရှင် Mary Kaldor က သူ့ရဲ့ "New Wars" စာအုပ်မှာ "လူသားလုံခြုံရေးသည် ပဋိပက္ခများကို ဖြေရှင်းရန်နှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကို တည်ဆောက်ရန်အတွက် မရှိမဖြစ်လိုအပ်သည်" ဆိုပြီး ရေးသားခဲ့တာ ဖြစ်ပါတယ်။

လူသားလုံခြုံရေးဆိုတာက လူသားတွေရဲ့ အခြေခံရပိုင်ခွင့်၊ တနည်းအားဖြင့် လူ့အခွင့်အရေး ပါပဲလို့ သတ်မှတ်ကြတာလည်း ရှိတယ်။ ဒါပေမယ့် လူ့အခွင့်အရေးကို အပြည့်အဝရရှိအောင် မြှင့်တင်ပေးဖို့ကို လူသားလုံခြုံရေးဆိုတဲ့ အခန်းကဏ္ဍနဲ့ အစိုးရက လုပ်ဆောင်ရပါလိမ့်မယ်။

လူသားလုံခြုံရေးအပေါ်အခြေတည် ခွဲခြားသတ်မှတ်ထားတဲ့ အခန်းကဏ္ဍ (၇) ခုရှိတယ်။

၁။ စီးပွားရေးဆိုင်ရာလုံခြုံရေး

လူသားတယောက်အသက်ရှင်နေထိုင်ဖို့အတွက် လိုအပ်တဲ့ စားဝတ်နေရေးကို လုံလောက်စေနိုင်မယ့် အခြေခံဝင်ငွေ ရရှိနိုင်ခြင်းဟာ အဓိကကျပါတယ်။ နိုင်ငံသား တိုင်းဟာ စီးပွားရေးအခွင့်အလမ်း ညီတူမျှတူရှိရမှာဖြစ်ပြီး၊ ဒီလို ညီမျှမှုကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း၊ တန်းတူညီမျှသော ပညာရေးစနစ်ရရှိစေခြင်း၊ ကုန်သွယ်မှုစနစ်၊ ဈေးကွက်စီးပွားရေး စနစ်ကို မျှတပွင့်လင်းစွာထားရှိခြင်းနည်းလမ်းတွေနဲ့ အစိုးရက လုပ်ဆောင်ပါတယ်။

၂။ စားနပ်ရိက္ခာလုံခြုံရေး

အသက်ရှင်နေထိုင်ရေးအတွက် လုံလောက်တဲ့ အစားအစာများကို လိုအပ်ချိန်တိုင်းမှာ လက်လှမ်းမီရရှိနိုင်ခြင်းဖြစ်တယ်။

၃။ ကျန်းမာရေးဆိုင်ရာလုံခြုံရေး

နိုင်ငံတွင်းနေထိုင်ကြတဲ့ လူသား များကိုအခြေခံကျန်းမာရေး ဆိုင်ရာ အထောက်အပံ့၊ ကာကွယ်မှုများ လုံလောက်စွာပေးနိုင်ခြင်းအပြင် ကျန်းမာရေးနဲ့ မညီညွတ်တဲ့ လူမှုပတ်ဝန်းကျင်တွေကနေ ကာကွယ်ပေးနိုင်ရပါမယ်။

၄။ သဘာဝပတ်ဝန်းကျင်လုံခြုံရေး

`သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှု၊ သဘာဝဘေးအန္တရာယ်များကနေ အထိအခိုက်၊ အပျက်အစီးအနည်းဆုံးဖြစ်အောင် ကာကွယ်ပေးနိုင်မှုဖြစ်တယ်။

၅။ ပုဂ္ဂလိကလုံခြုံရေး

အခြေခံလူ့အခွင့်အရေးဖြစ်ပြီး ပြည်သူတဦးတယောက်ချင်းစီကို ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကနေ ကာကွယ်ပေးခြင်းဖြစ်တယ်။

၆။ လူ့အဖွဲ့အစည်းလုံခြုံရေး

နိုင်ငံတွင်းနေထိုင်ကြတဲ့ လူမျိုးပေါင်းစုံရဲ့ ကိုယ်ပိုင်အစဉ်အလာ၊ စံနှုန်း၊ ယဉ်ကျေးမှုတွေနဲ့ လူမျိုးတွေရဲ့ ထူးခြားတဲ့ သရုပ်လက္ခဏာတွေကို မပျက်စီးစေရန်၊ ဖျက်ဆီးသူများမှ ကာကွယ်ပေးရန်နဲ့ တန်ဖိုးထားရန် ဖြစ်ပါတယ်။

၇။ နိုင်ငံရေးဆိုင်ရာလုံခြုံရေး

လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်၊ လွတ်လပ်စွာ ယုံကြည်ခွင့်များကို လေးစားတန်ဖိုးထားဖော်ဆောင်ပေးနိုင်ရပါမယ်။

အထက်မှာ ဖော်ပြခဲ့တဲ့ လူသားလုံခြုံရေးဆိုင်ရာ ကဏ္ဍအရပ်ရပ်ကို ဘယ်လိုအခြေအနေမှာမှ လျစ်လျူရှုထားလို့ မရနိုင်တာဟာလည်း ထည့်သွင်းစဉ်းစားရမယ့် အချက်တခုပဲဖြစ်တယ်။ တော်လှန်ရေးကာလမှာ ပြည်သူ့အစိုးရအနေနဲ့ လူသားလုံခြုံရေးကို အပြည့်အဝဖြည့်ဆည်းပေးဖို့ရာ အကန့်အသတ်အများကြီးရှိတယ်ဆိုသော်ငြား လိုအပ်ချက်တွေကို မျက်ခြေမပြတ်စောင့်ကြည့်၊ ဖြည့်တင်းပေးနိုင်ခြင်းကလည်း ရေရှည်အတွက် အကျိုးဖြစ်ထွန်းမှုများပါတယ်။

ထိန်းချုပ်နယ်မြေတွေမှာ ခြိမ်းခြောက်မှု ကြီးမားနေတဲ့ လေကြောင်းရန် ကာကွယ်နိုင်ဖို့ အစီအမံ တွေကို အချိတ်အဆက်များနှင့် လုပ်ဆောင်ခြင်း၊ စစ်ဘေးရှောင်ဒေသတွေမှာ ရေတိုကာလအတွက် စားနပ်ရိက္ခာနဲ့ ကျန်းမာရေးဆိုင်ရာ အထောက်အပံ့၊ ရေရှည်အတွက် စစ်ဘေးရှောင်များ ရပ်တည်နိုင်ရန် တနိုင်တပိုင်စီးပွားရေးလုပ်ငန်းများ ဖန်တီးပေးခြင်းတွေ၊ လူသားတွေရဲ့ အခြေခံအခွင့်အရေးတွေကို လေးစားလိုက်နာဖို့နဲ့ ထိန်းချုပ်ဒေသတွေမှာ တရားဥပဒေစိုးမိုးရေးကို တတ်နိုင်သမျှ အကောင်အထည်ဖော် ပေးဖို့တွေက တော်လှန်ရေးနဲ့ တပြေးညီတည်း ထားရမယ့် အရေးတကြီး လိုအပ်ချက်တွေ ဖြစ်တယ်။

လူသားလုံခြုံရေးကို အစိုးရအနေနဲ့ ဘယ်ကာလမှာ ဘယ်လောက်ထိ စွမ်းဆောင်နိုင်တယ် ဆိုတာဟာ ရေတိုမှာရော၊ ရေရှည်မှာပါ အဲ့ဒီအစိုးရရဲ့ အာဏာအတိုင်းအတာ၊ တရားဝင်မှုနဲ့ အောင်မြင်မှုကို အဆုံးအဖြတ်ပေးမယ့် သော့ချက်တွေဖြစ်ပါတယ်။ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် လုံခြုံမှုဆိုတာကို မရဖူးခဲ့တဲ့ ပြည်သူတွေအတွက် တော်လှန်ရေးကာလ အတွင်းသာမက တော်လှန်ရေးပြီးဆုံးသွားချိန်မှာလည်း လူသားလုံခြုံမှုဆိုင်ရာကိစ္စရပ်တွေကို လက်လှမ်းမှီနိုင်စပ်နိုင်ဖို့ လိုအပ်ပါတယ်။

***ကိုးကားစာရင်း***

***Tadjbakhsh, S., & Chenoy, A. M. (2014). Human security: Concepts and implications.***

***တကောင်းနိုင်ငံရေးလေ့လာမှုအဖွဲ့၊ အမျိုးသားလုံခြုံရေးအယူအဆကို ခေတ်သစ်အမြင်ဖြင့် ပြန်လည်ဖွင့်ဆိုခြင်း ၊ ပထမအကြိမ်၊ အောက်တိုဘာလ ၂၀၁၉။***

## ပြည်သူ့ကာကွယ်ရေးတပ်မတော်၏ စံတန်ဖိုးများ

ပြည်သူ့ကာကွယ်ရေးတပ်မတော်သည် -

(က) အရပ်သား နိုင်ငံရေးဦးဆောင်မှုအောက်တွင်ရှိခြင်း၊

(ခ) နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်မှု ကင်းရှင်းခြင်း၊

(ဂ) ပြည်သူလူထုကို ဗဟိုပြုခြင်း၊

(ဃ) သစ္စာစောင့်သိခြင်း၊

(င) စည်းကမ်းလိုက်နာမှုကို တန်ဖိုးထား ဂုဏ်ယူခြင်း၊

(စ) သတ္တိဗျတ္တိရှိခြင်း၊

(ဆ) တာဝန်ဝတ္တရားကို လေးစားတန်ဖိုးထားခြင်း၊

(ဇ) ရဲဘော်ရဲဘက်စိတ်ရှိခြင်း၊

(ဈ) ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊

(ည) ပြည်သူ့အမှုထမ်းစိတ်ရှိခြင်း၊

(ဋ) အားလုံးပါဝင်ခြင်းနှင့် ခွဲခြားနှိမ့်ချမှုမရှိခြင်းတို့သည် အစဉ်ဂုဏ်ကိန်းအောင်းလိုက်နာရမည့်ပြည်သူ့ကာကွယ်ရေး တပ်မတော်၏ စံတန်ဖိုးများ ဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊
ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) စစ်ရုံးချုပ်မှ ထုတ်ဝေသည့်

# ကာကွယ်ရေးစာစဉ်

တစ် လ တစ် ကြိမ် ထုတ် ဝေ သည်။

နှင့်

# စစ်သတင်းလွှာ

တစ် ပတ် တစ် ကြိမ် ထုတ် ဝေ သည်။

များတွင် ထည့်သွင်းဖော်ပြနိုင်ရန်
စာမူများကို အောက်ပါ Signal / Telegram နံပါတ်များသို့ ပေးပို့နိုင်ပါသည်။

■

Signal username - arkarmoemyint054.86

Telegram - @moremyintkyaw

အမျိုးသားညီညွတ်ရေးအစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာန၊
ပြည်သူ့ကာကွယ်ရေးတပ်မတော်(PDF) စစ်ရုံးချုပ်မှ
တစ်လတစ်ကြိမ် ထုတ်ဝေသည်။